KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

The VOICE Daily

AIR KBZ

Vol. 4 / No. 158 | Established in 2004 | ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁) ရက်၊ (Wednesday, October 12, 2016)

# မောင်တောမြောက်ဘက် တောင်ပြိုရွာတိုက်ပွဲတွင် တပ်မတော်သားလေးဦး ကျဆုံး

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မောင်တောမြို့ မြောက်ဘက် တောင်ပြိုဝဲကျေးရွာ၌ အောက်တိုဘာ ၁၁ ရက်နေ့က တပ်မတော်မှ နယ်မြေရှင်းလင်းမှု လုပ်ဆောင်ရာတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်သားလေးဦးကျဆုံးကြောင်း တပ်မတော်အသိုင်းအဝိုင်းထံမှ သိရသည်။

ကြက်ရိုးပြင် ၊ ငခူရ ၊ ရန်ချောင်၊ ကြောင်ပိတ်၊ တောင်ပြိုရွာများကို တပ်မတော်က နယ်မြေ စာ 28

## ရခိုင်နယ်ခြားစောင့်တပ် စီးနင်းခံရမှု ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူရန် အီးယူထုတ်ပြန် စာ 2



ဓာတ်ပုံ – မြင့်မိုးညို

## ဖိလစ်ပိုင်သမ္မတမဟုတ်၏ အကုန်လုံးကို မစွမ်းဆောင်နိုင်ဟု ရန်ကုန်မြို့တော်ဝန် ပြောကြား

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

စည်ပင်သာယာရေးဌာနသည် ဖိလစ်ပိုင် သမ္မတမဟုတ်၏ ကိစ္စအားလုံးကို စွမ်းဆောင်နိုင်ခြင်းမရှိကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

“စည်ပင်သည် ဖိလစ်ပိုင် စာ 28



Photo by BBC

မောင်တောမြို့နယ်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အောက်တိုဘာလ ၁၀ ရက်နေ့က တွေ့ရစဉ်

## မြင်းခြံထောင် အကျဉ်းသားများ ဆူပူမှုဖြစ် စာ 10

## MLM လုပ်ငန်းများကို တားဆီးပေးရန် ရန်ကုန်တိုင်း လွှတ်တော်တွင် ဆွေးနွေး

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ဆင့်ပွားစီးပွားရေးစနစ် (MLM) စီးပွားရေး လုပ်ငန်းများကို ပိတ်ပင်တားမြစ်သင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။

အောက်တိုဘာလ ၁၁ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ပြီးခဲ့သည့်ရက်ပိုင်းက တင်သွင်းခဲ့သော “ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာ 28

## အိုးအိမ်ဦးစီးဌာနပိုင် အိမ်ရာငှားရမ်းနေထိုင်သူများ ငါးနှစ်သာ နေထိုင်ခွင့်ပြုမည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အိုးအိမ်ဦးစီးဌာနပိုင် အငှားအိမ်ရာများတွင် ငှားရမ်းနေထိုင်သူများသည် ငါးနှစ်အထိသာ အများဆုံး ငှားရမ်း နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယခုအစိုးရလက်ထက်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ငှားရမ်းသွားမည့် အိမ်ရာများတွင် နေထိုင်သူများကို ယခုလမှစတင်ကာ လုပ်ထုံးလုပ်နည်းအသစ်ဖြင့် ငါးနှစ်သာ ငှားရမ်းနေထိုင်ခွင့် ပြုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“အရင်အစိုးရ လက်ထက်မှာ ကျွန်တော်တို့ဌာနက ကြီးကြပ်ကွပ်ကဲရတဲ့ အငှားအိမ်ရာတွေအတွက် ငှားရမ်းတဲ့ လုပ်ထုံးလုပ်နည်းအသစ်မှာ စာ 28



The VOICE Daily
Wednesday, October 12, 2016

# NEWS

## ရခိုင်နယ်ခြားစောင့်တပ် စီးနင်းခံရမှု ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူရန် အီးယူ ထုတ်ပြန်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်မောင်တောဒေသရှိ နယ်ခြားစောင့်တပ် စီးနင်းတိုက်ခိုက်ခံရမှုအပေါ် ရဲတပ်ဖွဲ့အနေနှင့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါတိုက်ခိုက်မှု ကျူးလွန်သူများကိုလည်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဥရောပသမဂ္ဂ (EU)၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နယ်ခြားစောင့်တပ် စီးနင်းတိုက်ခိုက်ခံရမှုကြောင့် ကျဆုံးသွားသူများ၏ မိသားစုကို ဝမ်းနည်းစာနာကြောင်း EU ကဆိုသည်။

ထို့ပြင်တစ်ချိန်တည်း၌ ဥရောပသမဂ္ဂအနေနှင့် အဆိုပါ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအားလုံးအား တာဝန်ရှိရှိ ထိန်းထိန်းသိမ်းသိမ်းပြုမူ ဆောင်ရွက်ကြရန်နှင့် စုံစမ်းစစ်ဆေးမှုများကိုလည်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဥရောပသမဂ္ဂအနေနှင့် ယခုကဲ့သို့ အခက်အခဲကြုံတွေ့နေရသည့် ကာလများတွင် မြန်မာနိုင်ငံနှင့် အတူတကွ ရပ်တည်လျက်ရှိပါကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ■

## ရှမ်းပြည်နယ် လွှတ်တော်တွင် တန်းတူညီမျှ သတင်းရယူနိုင်ရေးအတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမည်

**တောင်ကြီး အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကန့်သတ်ခွဲခြား ဆက်ဆံမှုတွေ ရှိနေသောကြောင့် ဒုတိယအကြိမ် ရှမ်းပြည်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းပေးသွားမည်ဖြစ်ကြောင်း တာချီလိတ်အမှတ် (၂) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ပြောကြားသည်

"ပြန်/ဆက်တို့၊ Skynet တို့ကျ ဝင်လို့ရတယ်။ ကိုယ်တို့က သူတို့ကို အပြစ်ပြောတာလည်းမဟုတ်ပါဘူး။ တခြားမီဒီယာကျ ဝင်လို့မရဘူး။ ပြီးတော့ TV တစ်လုံးနဲ့ မကောင်းတဲ့အသံဖမ်းစက်ကြီးနဲ့ ချထားပေးတယ်ဆိုတာက ဒါခွဲခြားဆက်ဆံတာပဲလေ" ဟု 7 DAY သတင်းစာမှ တောင်ကြီး သတင်းထောက် ကိုဂျွန်ချစ်ငြိမ်းက ဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းအဆိုများ တင်သွင်းချိန်တွင် ရိုက်ကူးရေးများ ပြုလုပ်သောကြောင့် အာရုံနောက်ထွေပြားသဖြင့် သတင်းမီဒီယာများကို ထိန်းသိမ်းပေးရန် တောင်းဆိုမှုများရှိသည့်အပြင် လွှတ်တော်ရုံးအနေအထား အင်မတန်ကျဉ်းမြောင်းသောကြောင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတစ်ခုတည်းကို မှတ်တမ်းတင်ရိုက်ကူးမှုတာဝန်များ ပေးအပ်ထားကြောင်း လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဦးကျော်သူဇော်က ဆိုသည်။

"သူ့လွှတ်တော် သူ့စတိုင်နဲ့ သွားတာဖြစ်တဲ့အတွက် ကျွန်တော်တို့က ဒီမှာလုပ်တဲ့အနေအထားကိုပဲ မှတ်ပြီးတော့မှ ကိုယ့်လွှတ်တော်နဲ့ သဟဇာတဖြစ်မယ့် အစီအမံနှင့်လွှတ်တော်တစ်ရပ်အောင်အောင်မြင်မြင်လုပ်ဖို့ ကျွန်တော်တို့ ရည်ရွယ်တာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ရှမ်းပြည်လွှတ်တော်သည် အခြားသော ပြည်နယ်တိုင်းလွှတ်တော်များနှင့်မတူ နယ်မြေကျယ်ပြန့်၍ လူမျိုးစုံသော်လည်း ပြည်သူများထံ ပြန်လည်ဖြန့်ဝေရန်အတွက် သတင်းရယူရာတွင် အင်မတန်ခက်ခဲကြောင်း လွှတ်တော်သတင်းရယူနေသော သတင်းမီဒီယာများက ပြောကြားသည်။ ■

## NEWS PHOTO




အောက်တိုဘာ ၁၁ ရက်နေ့က ရန်ကုန်မြို့ ဝဏ်ဘာလမ်းရှိ Actionaid တွင် ဘေးကင်းလုံခြုံရေး မြို့ပြ ဝန်းကျင်ဖန်တီးတည်ဆောက်ခြင်း အခမ်းအနားတွင် အမျိုးသမီး ကိုလုံအဖွဲ့မှ တစ်ခန်းရပ်ပြဇာတ် တင်ဆက်နေစဉ်

## ကြားဖြတ်ရွေးကောက်ပွဲ ဧပြီလ ၁ရက်တွင် ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

လစ်လပ်မဲဆန္ဒနယ် ၁၈ နယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အောက်တိုဘာလ ၁၁ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ကြေညာလိုက်သည်။

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၉ ခု၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၃ ခု နှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒ ၆ ခုတို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၉ နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်သူ့လွှတ်တော် လစ်လပ် မဲဆန္ဒနယ်များအနက် ရန်ကုန်တိုင်းဒေသကြီးမှ ကော့မှူး၊ လှိုင်သာယာ၊ ဒဂုံမြို့သစ် အရှေ့နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ၄ မြို့နယ် ပါဝင်မည်ဖြစ်ပြီး အမျိုးသားလွှတ်တော် လစ်လပ် မဲဆန္ဒနယ် ၃ နယ်တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် ၆ (ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ ဆိပ်ကမ်း၊ လသာ၊ လမ်းမတော်၊ လှိုင်မြို့နယ်) တို့ ပါဝင်မည်ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့် ရှိသူများက ပြောကြားထားသည်။ ■

## လိုင်စင်သက်တမ်းကုန် ကျောက်မိုင်းကုမ္ပဏီကို အရေးယူပေးရေး ဒေသခံ ၇၀၀ ကျော် ဆန္ဒပြ

**မော်လမြိုင်၊ အောက်တိုဘာ ၁၁**

မွန်ပြည်နယ်၊ ပေါင်မြို့နယ် ဥတ္တံတားကျေးရွာတွင် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသွားသော်လည်း ကျောက်ဆက်ထုတ်နေသည်ဟုဆိုကာ Long Life Aggregate Co., Ltd. ကို အရေးယူပေးရန် ဒေသခံ ၇၀၀ ကျော်က အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဆန္ဒပြခဲ့ကြသည်။

ကျောက်မိုင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နေပြီး လုပ်ငန်း လိုင်စင်သက်တမ်းကုန်နေသော်လည်း လုပ်ငန်းဆက်လုပ်နေသည်ကို သက်ဆိုင်ရာက တစ်စုံတစ်ရာ အရေးယူမှု မရှိသည့်အတွက် ဆန္ဒပြရသည်ဟု ဆန္ဒပြအဖွဲ့ခေါင်းဆောင် ကိုဇော်ထွေးက ပြောကြားသည်။

"သိရသလောက်တော့ ဇွန်လကတည်းက သူတို့(Long Life) ကုမ္ပဏီက လိုင်စင်သက်တမ်း မရှိတော့ဘူး၊ ဒါကို သက်ဆိုင်ရာ ဌာနတွေက ဘာမှ အရေးယူတာ မရှိဘူး၊ ဒီကျောက်မိုင်း ကုမ္ပဏီကြောင့် ကျွန်တော်တို့ဒေသမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေ ဖြစ်နေတယ်" ဟု ကိုဇော်ထွေးက ဆိုသည်။

သို့သော် Long Life Aggregate Co., Ltd. ဘက်ကမူ ၎င်းတို့ ကုမ္ပဏီအနေနှင့် ကုလားမတောင်တန်းရှိ သစ်တောကြိုးဝိုင်းပိုင် မြေဧရိယာ ၂၂၅ ဧကပေါ်တွင် ၂၀၁၃ ခုနှစ်မှစပြီး ကျောက်ထုတ်လုပ်ရန် အနှစ် ၃၀ လုပ်ပိုင်ခွင့် ရရှိထားသလို နှစ်စဉ် လိုင်စင်သက်တမ်းတိုးထားခဲ့ပြီး လုပ်ငန်းစလုပ်စဉ် ကတည်းက ဒေသခံတို့နှင့် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းထားပြီး အများစုနှင့် ပြေလည်ခဲ့သည်ဟု တုံ့ပြန်ပြောကြားသည်။

"သက်တမ်းရှိနေပါတယ်" ဟု Long Life Aggregate Co., Ltd. မှ ဒါရိုက်တာ ဦးအောင်သက်ဌေးက ပြောသည်။

ကုမ္ပဏီအနေနှင့် ဒေသခံတို့နှင့် ပူးပေါင်းရန် အမြဲဆောင်ရွက်နေပြီး လက်ရှိကန့်ကွက်နေသူများနှင့်လည်း ညှိနှိုင်းခဲ့ပြီးဖြစ်ကာ ပြေလည်မှု မရခဲ့ဟု ဦးအောင်သက်ဌေးက ဆိုသည်။

ကျောက်ထုတ်လုပ်မှုကြောင့် ရေအရင်းအမြစ် ပျောက်ဆုံးခြင်း၊ လယ်ယာချောင်းမြောင်း ပျက်စီးခြင်းနှင့် ဥယျာဉ်ခြံမြေပျက်စီးခြင်း အစရှိသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများရှိနေသည်ဆိုကာ Long Life ကုမ္ပဏီကို ပိတ်သိမ်းပေးရန် ဒေသခံ ၅၀၀ ခန့်တို့က ဇွန်လက ပထမအကြိမ်ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က မွန်ပြည်နယ်တွင် ကျောက်မိုင်းထုတ်လုပ်သည့်ကုမ္ပဏီ ၈၈ ခုရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာတော့ လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ ၄၀ ခုသာရှိသေးသည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံမှ သိရသည်။

ကျောက်မိုင်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့က ၎င်းတို့ဖွဲ့စည်းထားသည့် တရားမဝင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု တားဆီးရေး ကော်မတီက စစ်ဆေးနေသည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောကြားသည်။

■ Dawei Watch

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
10',14',16'-ဖီဒါး
09-421041338,
09-73224763,09-250095114

ဆရာကြီးရာဇာတော်ဝင်း (LL.B)
Ph: 01-394727, 01-399426
09-73009994,09-5152521

လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ အရိုး၊ အကြော
09 - 73121554
ရန်ကုန်မြို့ 09 - 73038158, 09 - 43088215



ဓာတ်ပုံ - အောင်နိုင်

# အမျိုးသမီးများအတွက် ပိုမိုလုံခြုံကောင်းမွန်သော မြို့ပြစနစ်တစ်ခု တည်ဆောက်သွားမည်ဟု ဦးဖြိုးမင်းသိန်းဆို

**ရန်ကုန် ၊ အောက်တိုဘာ ၁၁**

အမျိုးသမီးများ၏ ဘဝလုံခြုံမှုအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်သည့် မြို့ပြစနစ်တစ်ခုကို တည်ဆောက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

အောက်တိုဘာလ ၁၁ ရက်နေ့ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းတွင် ActionAid Myanmar က ဦးဆောင်ပြုလုပ်သော ဘေးကင်းလုံခြုံသော မြို့ပြဝန်းကျင်များ တည်ဆောက်ခြင်း ကမ်ပိန်းမိတ်ဆက်ခြင်း အခမ်းအနားတွင် ၎င်းက ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ဒီအခြေအနေကို ဖန်တီးပေးနိုင်ဖို့ ကျွန်တော်တို့ကြိုးပမ်းသွားမှာပါ၊ ဘတ်ဂျက်ကိုများများရှာနိုင်အောင် ကြိုးပမ်းမှာဖြစ်သလို စီမံခန့်ခွဲတဲ့နေရာမှာလည်း အမျိုးသမီးတွေရဲ့ ကဏ္ဍတွေမှာ ထည့်သွင်းစဉ်းစားသွားမှာပါ" ဟု ၎င်းကဆိုသည်။

ထို့ပြင် အစိုးသစ်အနေနှင့်လည်း အပြောင်းအလဲများကို စတင်ဖော်ဆောင်နေပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အမြဲအာရုံစူးစိုက်လျက်ရှိသောကြောင့် လုံခြုံစိတ်ချရသော ခေတ်တစ်ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက ထပ်မံပြောဆိုသည်။

ဘေးကင်းလုံခြုံသော မြို့ပြအမျိုးသမီးဖိုရမ်သည် လုံခြုံစိတ်ချမှုရှိသည့် မြို့ပြစနစ်တစ်ခုကို ဖန်တီးရာတွင် လူတစ်ဦးချင်း ပူးပေါင်းပါဝင်နိုင်ပြီး ဘေးကင်းလုံခြုံမှုမရှိသည့်နေရာများတွင် ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများ ပူးပေါင်းလုပ်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ကြောင်း ActionAid Myanmar မှ အမျိုးသမီးအရေးတန်းတူအခွင့်အရေးဌာန ညွှန်ကြားရေးမှူး မလွင်လွင်လှိုင်က ပြောသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များရှိ ပြည်သူလူထုများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ခုတည်ဆောက်နိုင်ရန် လူထုစကားဝိုင်းတစ်ခုကို ဒေါ်ခင်မမမျိုး(လုံခြုံရေးနှင့် နိုင်ငံရေးသိပ္ပံကျောင်း အမှုဆောင်ဒါရိုက်တာ)၊ ဒေါ်လှလှရီ (ဥပဒေရေးရာကုစားရေးအဖွဲ့ ဒါရိုက်တာ)၊ ဒေါ်နန်းသဇင်မင်း(Colour Girl အဖွဲ့ ဒါရိုက်တာ) နှင့် ဦးသိန်းဟန်သူ( မြန်မာ မသန်စွမ်းအမျိုးသမီးများအသင်း ဒါရိုက်တာ) တို့က ဆွေးနွေးခဲ့ကြသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲမှ အမျိုးသမီးများအပေါ် အမျိုးမျိုးသော အကြမ်းဖက်မှုများမပြုလုပ်ရန်နှင့် ပြည်သူလူထု၊ အမျိုးသားများကလည်း ဝိုင်းဝန်းကူညီရန်၊ အမျိုးသမီးများ၏ အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် ပြည်သူလူထုအချင်းချင်း ကာကွယ်စောင့်ရှောက်မှုပေးရန်၊ ကောင်းမွန်သော လုံခြုံရေးစနစ် ဖော်ဆောင်နိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အချင်းချင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သင့်ကြောင်း အကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါပွဲတွင် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဆွီဒင်နိုင်ငံသံအမတ်၊ ဗြိတိန်သံအမတ်၊ အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူများ၊ ဥပဒေပညာရှင်များ၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်များမှ အမျိုးသမီးများ၊ လိင်ပိုင်းဆိုင်ရာအရ မတူကွဲပြားသူများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးအရေး စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ ■

## ရန်ကုန်တွင် ကြိုတင်ကာကွယ်မှုအနေနှင့် အမှုပေါင်း သုံးသောင်းကျော် အရေးယူ

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးစီမံချက်ဖြင့် ဇန်နဝါရီလမှ စက်တင်ဘာလ ၃၀ ရက်အထိမြို့နယ်အနှံ့ ကြိုတင် ကာကွယ်ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့ရာ အမှုပေါင်းသုံးသောင်းကျော်ကိုအရေးယူနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ ဖမ်းဆီးအရေးယူခဲ့သည့် အမှုများမှာယစ်မျိုးမှု ၁၇၁၈ မှု၊ လက်နက်ပုန်းမှု ၁၀၅၆ မှု၊ လောင်းကစားမှု ၇၇၂ မှု၊ ပြည့်တန်ဆာမှု ၆၁၀ မှု၊ မူးယစ်ဆေးဝါးမှု ၇၄၇ မှု၊ ခြေချုပ်ဖောက်ဖျက်မှု ၉၇၉ မှုနှင့် မော်တော်ယာဉ်အက်ဥပဒေအမှု ၁၇၀၇၈ မှုအပါအဝင် ကြိုတင်ကာကွယ်မှုပေါင်း ၁၀ မှုဖြစ်ကြောင်းရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲမှူးလှဝေက ပြောကြားသည်။

"မှုခင်းကျဆင်းဖို့ ကြိုကာအရေးယူမှုတွေပုံမှန်ဆောင်ရွက်ခဲ့ရာကအစိုးရသစ်လက်ထက်မှာရက် ၁၀၀ စီမံချက်နဲ့ လုံခြုံရေးအင်အားတိုးမြှင့်ပြီးအရှိန်မြှင့်တင် ဆောင်ရွက်ခဲ့တယ်၊ ဒီလိုဆောင်ရွက်ခဲ့ရာကရက် ၁၀၀ အတွင်းမှာ ကြို/ကာ အမှုပေါင်းနှစ်သောင်းနီးပါး အထိ အရေးယူနိုင်ခဲ့တယ်၊ လက်ရှိလည်းမှုခင်းအများဆုံးဖြစ်ပွားနိုင်တဲ့ မြို့နယ်တွေကိုရှေ့ပြေးစီမံချက်အဖြစ် သတ်မှတ်ပြီးပြည်သူနဲ့ ရဲတပ်ဖွဲ့ပူးပေါင်းပြီး လုံခြုံရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းကဆက်လက် ပြောကြားသည်။

မှုခင်းကျဆင်းရေးစီမံချက်များကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အရှိန်မြှင့်တင် ဆောင်ရွက်ခဲ့သော်လည်းမြို့နယ်အချို့တွင် ပြစ်မှုကြီးများ ဖြစ်ပွားခဲ့ပြီးကျူးလွန်သူအများစုကိုဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်းနှင့် ယခုနှစ်အတွင်း လူသတ်မှု၁၃၀ မှု၊ လုယက်မှု ၁၂၇ မှု၊ မုဒိမ်းမှု ၁၅၂ မှုနှင့် ခိုးမှု ၈၀၀ နီးပါးခန့် ဖြစ်ပွားခဲ့ကြောင်း တရားဝင်ထုတ်ပြန်ထားသော သတင်းများအရ သိရှိရသည်။ ■



# “ဖြတ်မြောင်းကြီး တူးဖော်တာမလုပ်ရင် ဖြတ်မြောင်းတူးဖော်တာထက် ကုန်ကျစရိတ်ပိုများမယ့် အလုပ်တွေလုပ်ရမှာ မလွဲမသွေပဲ”

## ဟသ်ာၤတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသာယာနှင့် တွေ့ဆုံခြင်း

နေမင်းထက်

**ကျပ်ငွေ ၅ ဘီလီယံကျော် အကုန်အကျခံကာ ဦးသိန်းစိန်အစိုးရ လက်ထက်တွင် တည်ဆောက်ထားသည့် ဇလွန်မြို့နယ်ရှိ ဧရာဝတီ မြစ်ကြောင်းလွှဲ ဖြတ်မြောင်းစီမံကိန်း လုပ်ငန်းနှင့် မြန်မာနိုင်ငံတွင် အရေးပါဆုံး ရေကာတာတစ်ခုဖြစ်သည့် မိုင် ၂၀၀ ကျော်အရှည်ရှိ ဟသ်ာၤတရေကာတာကြီး ထိန်းသိမ်း ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဟသ်ာၤတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာကို The Voice က တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice : မြစ်ကြောင်းလွှဲ ဖြတ်မြောင်းကြီးရဲ့အကျိုးသက်ရောက်မှုနဲ့ ကုန်ကျစရိတ်အခြေအနေကို သိလိုပါတယ်။**

**U T Y :** မြစ်ကြောင်းလွှဲဖြတ်မြောင်းကြီးကို ဒီနှစ် ဖေဖော်ဝါရီလက စတင်တူးဖော်ပေးတာ ကျပ်ငွေ ၅ ဘီလံယံကျော် ကုန်သွားတယ်။ ဩဂုတ်လမှာ ဖြစ်ပွားခဲ့တဲ့ ဧရာဝတီမြစ်ရေ မြင့်တက်မှုဒဏ်ကို ဟသ်ာၤတရေကာတာကြီးက တိုက်ရိုက် မခံစားရတော့ဘူး။ ကျိုးပေါက်မယ့် အန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့ ဇလွန်မြို့နယ်မှာရှိတဲ့ ဝါသလ ရေကာတာ၊ မေဒုံ ရေကာတာတွေကို ထိန်းသိမ်းနိုင်ခဲ့တယ်၊ တာမကျိုးတော့ ဟသ်ာၤတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ရေကြည်၊ အသုတ်၊ ငါးသိုင်းချောင်းမြို့နယ်တွေ အပါအဝင် ပုသိမ်နဲ့ ဟသ်ာၤတခရိုင်တွေမှာ ရှိတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ် ပိုင်ဆိုင်မှုတွေအပြင် နိုင်ငံတော်ပိုင် အခြေခံအဆောက်အဦတွေ မပျက်စီး၊ မဆုံးရှုံးတော့ဘူး၊ လယ်ဧက သုံးသိန်းအထက်ကိုလည်း ရေလွှမ်းပျက်စီးမှုကနေ ကာကွယ်နိုင်ခဲ့တာ။

**Voice : ဒီမြစ်ကြောင်းလွှဲစီမံကိန်း တည်ဆောက်မှုကို ပြောပြပေးပါ။**

**U T Y :** ဧရာဝတီမြစ်ရေစီးဆင်းမှုက အောက်ခြေရေမြောင်း ပေ ၅၀ လောက်ကနေ ခုဆိုရင် ပေ ၁၂၀၀ လောက် ကျယ်နေပြီလေ၊ မူလတူးထားတာ အိုမီဂါ ပုံသဏ္ဍာန်မှာ အလျား ၅ ဒသမ ၂၅ မိုင်၊ ထိပ်ဝအကျယ် ၂၂၀ ပေ၊ အများဆုံး အနက် ၄၆ ပေ၊ ခန့်မှန်း မြေကြီးကျင်းက ၁၁ သိန်းခန့် တူးထားတာ ဒီဖြတ်မြောင်းအပြင် ကုန်းပေါ်မှာလည်း အရေးပေါ် ပန်းတာတွေပါ တည်ဆောက်ပေးခဲ့ရတယ်။ ရေကာတာကို ရေဦးတိုက်မစားတော့တဲ့အခြေအနေကြောင့် တာမကျိုး တာ။

**Voice : ကုန်ကျစရိတ်နဲ့ ဘတ်ဂျက်အခြေအနေကို သိပါရစေ။**

**U T Y :** ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်တွေက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တင်ပြကြတယ်၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားအင်အား စုစည်းပြီး နှစ်လအတွင်း အပြီးလုပ်ဖို့ လမ်းညွှန်ခဲ့တယ်၊ နှစ်နာကြေးပေးပြီးမှ လုပ်ငန်းစတင်ဖို့ တောင်သူတွေက ဆန္ဒထုတ်ဖော်လာလို့ ဆည်မြောင်းဦးစီးဌာနကနေ တိုင်းဒေသကြီးအစိုးရ ပြည်ထောင်စုအစိုးရထံ အဆင့်ဆင့် တင်ပြလိုက်တော့ သီးနှံနဲ့ မြေယာ လျော်ကြေး ငွေကျပ်သန်း ၇၀၀ ၊ စက်သုံးဆီဖိုး ကြိုတင်ငွေ ၁ ဒသမ ၃ ဘီလီယံကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ခေတ္တထုတ်ပေးရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားခဲ့လို့ ကုမ္ပဏီ ၁၀ ခုနဲ့ အချိန်မီလုပ်ကိုင်ခဲ့တာပါ၊ ဘယ်ဘတ်ဂျက်မှ မရသေးပါဘူး။

**Voice : ကုမ္ပဏီတွေကိုဘယ်လိုရွေးချယ်ခဲ့လဲဆိုတာ သိပါရစေ။**

**UTY :** လုပ်ငန်းကြီးတစ်ခုလုံးအတွက် တင်ဒါခေါ်ဖို့ နှစ်လနဲ့ ဘယ်လိုမှ အချိန်မရတော့ဘူး မြစ်ရေတက်ချိန်ကလည်း နီးလာပြီ၊ တိုင်းအစိုးရအဖွဲ့ကပဲ သင့်တော်တဲ့ကုမ္ပဏီတွေကို အမြန်ရွေးချယ်ပေးဖို့ တင်ပြလိုက်တော့ ပဲခူး၊ စစ်တောင်းမြောင်း တူးဖော်ဖူးတဲ့ကုမ္ပဏီတွေ၊ ပန်းတာ တည်ဆောက်ဖူးတဲ့ ကုမ္ပဏီတွေ၊ ပန်းလှိုင်မြစ်တူးဖော်ဖူးတဲ့ကုမ္ပဏီတွေကို ရွေးချယ်ပေးခဲ့တယ်။ ကုန်ကျစရိတ် ၅ ဒသမ ၃ ဘီလီယံအတွက် ၂ ဘီလီယံလောက်ပဲ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကနေ ချေးယူထားပြီး ကျန်တဲ့ ၃ ဘီလီယံကျော်ကို ကုမ္ပဏီတွေက စိုက်ထုတ်ထားတာ ခုအချိန်ထိပဲ။ လုပ်ငန်းသုံးပစ္စည်းတွေကိုတော့ တင်ဒါခေါ်ယူပြီး ဝယ်ယူခဲ့တယ်လေ။

**Voice : မြစ်ရေတက်ချိန်မှာ ဖြတ်မြောင်းကြီးရဲ့နောက်ဆုံးအခြေအနေနဲ့ ဘေးကရွာတွေ အခြေအနေ သိချင်ပါတယ်။**

**UTY :** မြောင်းကြီးက မြစ်မကြီးဖြစ်လာဖို့အတွက် ဝါသလမှာကျောက်ဖြည့်ရေလွှဲတန်း အလျားပေ ၂၀၀၀၊ ကျောက်ဖြည့်ရေကြောင်းပိတ် တမံအလျား ၁၇၀၀ ပေ၊ ဒေါင့်ကြီးရွာမှာ အခြေထိန်းတန်းအလျား ၂၀၀၀ ပေ၊ ဗျဉ်စည်ကုန်းရွာမှာ အခြေထိန်းတန်းအလျား ၂၅၀၀ ပေ၊ ကမ်းထိန်းဝါးကဒစ်ကွက်ဧရိယာ ၃၆၇၅၀ စတုရန်းပေ၊ မြစ်ကမ်းလျှောထိန်းခြင်းလုပ်ငန်း ပမာဏ ၃၃၀၄၂ ကျင်း ဆောင်ရွက်ထားပါတယ်။ ဩဂုတ်လ မြစ်ရေတက်လာတော့ ဖြတ်မြောင်းဘေးက ဘိုလေးကျွန်းရွာ ရွှေတမံရွာ၊ ဖားလက်ခိုရွာလေးတွေက တောင်သူတွေလည်း အိမ်ဖျက်ရွှေ့ကြရတာပေါ့၊ အများကောင်းစားဖို့ သူတို့ က အနစ်နာခံခဲ့ရတာလေ။

**Voice : ဟသ်ာၤတခရိုင်က ရေကာတာကြီး ထိန်းသိမ်းတဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲကို သိပါရစေ။**

**UTY :** ရေကာတာကြီး ၁၀ ခုရှိတယ်၊ မိုင်က ၂၀၃ မိုင်ရှည်တယ်။ ကျွန်တော်တို့အလုပ်က ရေကြီးနှစ်မြုပ်မှ ငွေတွေပုံပေးပြီး ကာကွယ်ခိုင်းလို့မရဘူး။ ရန်ပုံငွေအချိန်မီပေးမှ မြစ်ရေအကျဆုံးအချိန်မှာ ငွေနည်းနည်းနဲ့ ကြံဖန်လုပ်နေရတော့ ဒုက္ခတွေရောက်တယ်။ ရန်ပုံငွေရမှ နိုင်ငံခြားကနေ ပိုလီဖတ်အစတွေမှာပြီး ကမ်းထိန်းလုပ်ငန်းတွေလုပ်ရမယ်။ ရန်ပုံငွေမရတော့ တင်ဒါအောင်တဲ့ ကုမ္ပဏီတွေနဲ့လည်းဖြေရှင်းရတယ်။ နောက်ဆုံးအဆင့် ဆည်မြောင်းရဲ့ စက်ယန္တရား အထူးပြုပြင်ရေးငွေတွေနဲ့ စိုက်ပြီးပေးထားရတာမျိုးတွေ လုပ်ရတယ်၊ ရန်ပုံငွေတော့ တင်ပြထားတယ်။

**Voice : ရေကာတာ ပြုပြင်တည်ဆောက်ရေးရဲ့အရေးကြီး လုပ်ငန်းတွေကို သိပါရစေ။**

**U T Y :** ရေကာတာပြုပြင်တည်ဆောက်ရေးလုပ်ငန်းအနေနဲ့က ပထမဦးစားပေးအဖြစ် ဧရာဝတီ ဟသ်ာၤတတာ ၇၅ ဒသမ ၃၈ မိုင်၊ ငဝန်တာ ၇၃ ဒသမ ၈၈ မိုင်၊ ဧရာဝတီအရှေ့ဘက်ကမ်းတာ(ဇလွန်) ၁၅ ဒသမ ၁၃ မိုင်၊ ဒုတိယ ဦးစားပေးအဖြစ် မြန်အောင်တာ ၄၆ ဒသမ ၆၅ မိုင်၊ အမြိုင်းဂျမ်းပြင်တာ ၇ ဒသမ ၀၀ မိုင်၊ တတိယ ဦးစားပေးအဖြစ် ကြံခင်းတာ ၆ ဒသမ၇၅ မိုင်၊ ကွင်းကောက် ကျွဲသောင်တာ ၁၂ ဒသမ ၅၀ မိုင် ပြုပြင်တည်ဆောက်ဖို့လိုပါတယ်။

**Voice : မိုင် ၂၀၀ ကျော်ရေကာတာကြီးကို ရေကင်းစောင့်ကြည့်ရေးက ဘယ်လိုစီမံထားပါသလဲ ခင်ဗျာ။**

**UTY :** မိုးတွင်းကာလအတွက် ၃ လပဲ အလုပ်သမားခရတယ်။ အဲဒီ ၃ လမှာ ၁ မိုင်ကို ရေကင်းစောင့် တစ်ယောက်နှုန်းပဲထားနိုင်တယ်။ အဲဒီအလုပ် သမားတွေကို ရေပေါက်ပေါက်တဲ့နေရာမှာ ထုတ်သုံးလို့မရဘူး။ သုံးလိုက်ရင် ပင်ပန်းပြီး အိပ်ပျော်သွားမယ်။ အိပ်ပျော်သွားရင် အန္တရာယ်တွေ အများကြီးရှိတယ် ရေကင်းစခန်း၄၈ ခုရှိတယ်၊ စကားပြောစက် တယ်လီဖုန်းအားလုံးထားတယ်။ အပေါက် သေးသေးလေးဖြစ်တာနဲ့ ရေကင်းစောင့်က သတင်းပို့ပို့ချင်း ဒေသခံတွေနဲ့ ဝိုင်းလုပ်ကြရတယ်။ အချို့ဒေသခံတွေက ဆည်မြောင်းရဲ့ ရန်ပုံငွေ အခက်အခဲကို မသိဘူး။ ဒါ ဆည်မြောင်းတာဝန်၊ ဆည်မြောင်းလုပ်ရမယ့် အလုပ်ဆိုပြီး လာမကူတာတွေလည်း ကြုံဖူးတယ်။

**Voice : ဖြတ်မြောင်းကြီးက ဘာတွေများ ဆောင်ရွက်ဖို့ကျန်ပါသေးလဲ။**

**U T Y :** မြောင်းက အသစ်ကြီးလေ၊ မြစ်ရေအကျဆုံးအချိန်ဖြစ်တဲ့ မတ်လ၊ ဧပြီလ၊ မေလတွေမှာ သောင်ခုံတွေ ရှင်းပေးရမယ်၊ မြောင်းကို ပြန်ရှင်းပေးရမယ်၊ ဒါတွေမလုပ်ရင် လာမယ့်မိုးမှာ မြောင်းပြန်ပိတ်သွားရင် ခုကုန်ထားတဲ့ ၅ ဘီလီယံကျော် ဆုံးရှုံးမယ့်အပြင် ဧရာဝတီတိုင်းအတွက် အန္တရာယ်ကြီးမားလာမယ်။ အရင်နှစ်တွေက ဝါသလ မေဒုံ ရေကာတာကြီးရဲ့ကမ်းကို ရေတက်ချိန်တိုင်း ပေ ၅၀၀ နီးပါး ကမ်းပြိုကမ်းစားဖြစ်တယ်။ ၂၀၁၆ ခုနှစ်မှာ ကမ်းက ပေ ၁၇၀ ပဲ ကျန်တော့တာလေ။ ဖြတ်မြောင်းကြောင့် ကာကွယ်နိုင်ခဲ့တာပါ။

**Voice : အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

■ နေမင်းထက်



ဓာတ်ပုံ - နေမင်းထက်

> “အချို့ဒေသခံ တွေက ဆည်မြောင်းရဲ့ရန်ပုံငွေ အခက်အခဲကို မသိဘူး။ ဒါဆည်မြောင်းတာဝန်၊ ဆည်မြောင်းလုပ်ရမယ့် အလုပ်ဆိုပြီး လာမကူတာတွေလည်း ကြုံဖူးတယ်”

# ရှမ်းပြည်နယ်ရှိတင်ဒါဆောက်လုပ်ရေးများ အရည်အသွေးမမီပါက အရေးယူမည်

**ကျိုင်းတုံ၊ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနအသီးသီး၌ တင်ဒါစနစ်ဖြင့် ဆောက်လုပ်နေသည့် နိုင်ငံပိုင်လုပ်ငန်းများကို တည်ဆောက်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီဖြင့် စစ်ဆေးမည်ဖြစ်ရာ သတ်မှတ်အရည်အသွေး မပြည့်မီပါက အရေးယူမည်ဖြစ်ကြောင်း ယင်းပြည်နယ် တည်ဆောက်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဦးဆွေသိန်းက ပြောကြားသည်။

ကျိုင်းတုံမြို့ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အောက်တိုဘာလ ၁၀ ရက်နေ့က ပြုလုပ်သည့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် ယင်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောက်လုပ်ခွင့်ရရှိထားသည့် ကုမ္ပဏီများနှင့် တွေ့ဆုံပွဲအတွင်း ၎င်းက ယင်းသို့သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။

"ပြည်သူတွေရဲ့ဘဏ္ဍာငွေတွေနဲ့ တည်ဆောက်ထားတဲ့ လုပ်ငန်းအားလုံး အလဟဿမဖြစ်အောင် အင်ဂျင်နီယာကျွမ်းကျင် ပညာရှင်တွေပါတဲ့ Third Party တွေနဲ့ဖွဲ့စည်းစစ်ဆေးမယ်။ ဒ့ါအပြင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ နိုင်ငံရေးပါတီတွေက စစ်ဆေးမယ်ဆိုလည်းခွင့်ပြုပါ။ ဒါမှသာ ပွင့်လင်းမြင်သာတဲ့စီမံကိန်းဖြစ်မယ်" ဟု ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးလည်းဖြစ်သူ ၎င်းကဆိုသည်။

ပြည်နယ်အတွင်းရှိဌာနဆိုင်ရာများသည် အဓိကလိုအပ်သည့် လုပ်ငန်းများကိုသာ ဘတ်ဂျက်ရေးဆွဲတင်ပြသင့်ပြီး အဆိုပါ လုပ်ငန်းများကို အောက်ခြေအထိပြီးပြည့်စုံစွာလုပ်ဆောင်ပြီးမှသာ တင်ဒါခေါ်ယူသင့်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်တည်ဆောက်နေချိန်တွင် လမ်းမြေနှင့် မလွတ်ခြင်း၊ ပိုင်ဆိုင်မှုမရှိခြင်းစသည့် အငြင်းပွားမှုများဖြစ်လာပါက လုပ်ငန်းရပ်ဆိုင်းရခြင်း ကြုံတွေ့နေရ၍ ရှေ့ဆက်ရမည့် လုပ်ငန်းများ နှောင့်နှေး ကြန့်ကြာမည်ဖြစ်ကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံက သုံးသပ်ပြောကြားသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မြို့နယ်ပေါင်း ၅၅ ခုရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ နိုင်ငံပိုင် ဌာနဆိုင်ရာများ၌ ဆောက်လုပ်နေသည့် တည်ဆောက်ရေးလုပ်ငန်းများသည် ကျန်ပြည်နယ်နှစ်ခုထက် အနည်းဆုံးဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။ ■

# မန္တလေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များစခန့်

**မန္တလေး၊ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စည်ပင်သာယာရေး ကော်မတီများတွင် တာဝန်ထမ်းဆောင်ရန် ကော်မတီဝင်လောင်းများကို ရွေးချယ်ထားပြီးဖြစ်ရာ အောက်တိုဘာလ ၁၀ ရက်နေ့ကစ၍ အတည်ပြု ခန့်အပ်လိုက်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာနထံမှ သိရသည်။

"ဒီနေ့ (အောက်တိုဘာ ၁၁) က စပြီး တာဝန်ထမ်းဆောင်နေပါပြီ။ ဝန်ကြီးချုပ်ကလည်း အတည်ပြုပြီးဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက ပြောကြားသည်။

စည်ပင်သာယာရေး ကော်မတီတွင် တာဝန်ထမ်းဆောင်ရန် ကိုယ်စားလှယ်လောင်း ရွေးချယ်ခြင်းများကို စက်တင်ဘာလအတွင်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ရွေးချယ်ခန့်အပ်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ (၂၀၁၃)၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာဥပဒေနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်အညီ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီးဌာနထံမှ သိရသည်။

"သူတို့တွေအနေနဲ့ နောက်အစိုးရသစ်တက်ပြီး ခြောက်လအထိ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ငါးနှစ်တာဝန်ထမ်းဆောင်ရမှာပါ။ ဒါပေမဲ့ ဒီကြားထဲမှာ ရွေးကောက်ပွဲဥပဒေတွေ အပြောင်းအလဲရှိရင်တော့ တစ်မျိုးပေါ့" ဟု ဦးမင်းအောင်မြင့်စိုးက ထပ်လောင်းပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း (နေပြည်တော်ကောင်စီနယ်မြေမပါ) မြို့နယ်ပေါင်း ၂၂ ခုရှိရာ ယင်းမြို့နယ်များတွင် တာဝန်ထမ်းဆောင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို အောက်တိုဘာ ၁၀ ရက်နေ့က စတင်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ■



ဓာတ်ပုံ – ဖိုးသီဟ

ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်လာသော စစ်တွေမြို့ခံ ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ရစဉ်

# ရခိုင်လုံခြုံရေး အပြည့်အဝချထားဟု ပြည်ထောင်စုဝန်ကြီးဆို

**စစ်တွေ၊ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ရခိုင်ပြည်သူများအတွက် လုံခြုံရေး အပြည့်အဝဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီး ဦးဖေမြင့်က ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးဦးဖေမြင့်၊ လဝက ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဦးဆောင်သည့် အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်နေ့က စစ်တွေမြို့သို့ရောက်ရှိပြီး ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံပွဲအတွင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေနှင့် စိုးရိမ်မှုများ မရှိကြရန် ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့်က ပြောဆိုသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံများ၏ စိတ်အတွင်း စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေသည်မှာ ၁၉၄၄ ခုနှစ်ကတည်းကပင်ဖြစ်ပြီး အစိုးရအနေနှင့် လုံခြုံရေးအပြည့်အဝ တာဝန်ယူပေးစေလိုကြောင်း စစ်တွေဒေသခံ ဂေါ်ရာမြေ စောဝင်း ကဆိုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ယင်းနေ့ နေ့လယ်တွင် ရခိုင်ပြည်နယ်ရှိ ဩဝါဒါစရိယဆရာတော်များနှင့်ပါတွေ့ဆုံခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ ■

# ဟသ်ာတမြို့လယ်၌ ကားဂိတ်များရှိခြင်းကြောင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ဟုဆို

**ဟသ်ာတ၊ အောက်တိုဘာ ၁၁**

ဟသ်ာတမြို့လယ်ရှိ အာဇာနည်ဗိမာန်ကြီး၏ ခြံစည်းရိုးအုတ်တံတိုင်းအနီး ပတ်လည်တွင် ကားဂိတ်များချထားခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်နေကြောင်း မြို့မိ၊ မြို့ဖများနှင့် မြို့ခံများက တညီတညွတ်တည်း ပြောကြားသည်။

၁၉၄၇ ခုနှစ်က တည်ဆောက်ထားသည့် ဟသ်ာတ အာဇာနည်ဗိမာန်ကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တည်ရှိရာနေရာသည် ပုသိမ်မြို့ဘက်မှအဝင် ကုန်းဆင်းအနေအထားဖြစ်ပြီး ရန်ကုန်ဘက်မှအဝင် လမ်းဆုံဖြစ်ကြောင်း၊ ခရီးသည်တင် မှတ်လုံယာဉ်နှင့် အနေးယာဉ်၊ အမြန်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ရှုပ်ထွေးနေသည့် ယင်းနေရာ၌ လမ်းလေးခွဆုံနှင့် အဝိုင်းပတ်ရှိနေပြီး ကားဂိတ်များ ပတ်လည်ချထားခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားရကြောင်း ၎င်းတို့က ရှင်းပြသည်။

အဆိုပါနေရာတွင် ကားဂိတ်များ ချထားပေးခြင်းမှာ အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းနှင့်တူကြောင်း၊ ယာဉ်တိုက်မှု ဖြစ်ပွားရာတွင် ထိခိုက်ဆုံးရှုံးမှု နည်းပါးပါက သက်ဆိုင်ရာများမသိအောင် ဖြေရှင်းပြီးစီးသွားကြပြီး ထိခိုက်ဆုံးရှုံးမှုကြီးမားသည့် အခြေအနေဖြစ်ပွားမှသာ သက်ဆိုင်ရာများထံ အသိပေးလေ့ရှိကြောင်း ယာဉ်မောင်းသက်တမ်း နှစ်ပေါင်း ၃၀ ကျော်ရှိသူ ဦးကြီးကျော်က ပြောကြားသည်။

အောက်တိုဘာလ ၁၉ ရက်နေ့ကလည်း ယင်းနေရာတွင် သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်ချိတ်မိခြင်းကြောင့် အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦး အသက်ဆုံးရှုံးရကြောင်း ယာဉ်မောင်း ဦးမြအောင်က ပြောဆိုသည်။ ■



# E D I T O R I A L

# ပဋိပက္ခ ဖြေရှင်းလိုသော်

ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခ၊ အကျပ်အတည်း၊ အငြင်းပွားမှုများစွာကို စနစ်တကျ သုတေသနပြု ဖော်ထုတ်ထားသည့် Conflict Management ခေါ် ပဋိပက္ခ ကိုင်တွယ်ဖြေရှင်းမှု ပညာရပ်တွင် အခြေခံအားဖြင့် ပုံစံငါးမျိုးဖြင့် ချဉ်းကပ်ဖြေရှင်းလေ့ရှိသည်။

ပထမနည်းလမ်းမှာ Forcing သို့မဟုတ် Competing ခေါ် ပြိုင်ဘက်အပေါ်၊ တစ်ဖက်အင်အားစုအပေါ် အင်အားသုံးခြင်း (ဝါ) အနိုင်တိုက်ခြင်းဖြစ်သည်။

ဒုတိယနည်းလမ်းမှာ Smoothing သို့မဟုတ် Accommodating ခေါ် တစ်ဖက်ဖက်ကို လိုက်လျောအလေးပေးခြင်းဖြစ်သည်။

တတိယနည်းလမ်းမှာ win- win ဟု အများသိထားကြသည့် Collaborating ခေါ် တူသည့် ကိစ္စများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

စတုတ္ထနည်းလမ်းမှာ Compromising ခေါ် အပေးအယူ၊ အလျှော့အတင်းလုပ်ခြင်းဖြစ်သည်။

ပဉ္စမနည်းလမ်းမှာ Withdrawing သို့မဟုတ် Avoiding ခေါ် ပဋိပက္ခကို နုတ်ထွက် ရှောင်တိမ်းခြင်းဖြစ်သည်။

လူပုဂ္ဂိုလ် တစ်ဦးနှင့် တစ်ဦးအကြား၊ အဖွဲ့အစည်း၊ အင်အားစု၊ လူမျိုးစု၊ လက်နက်ကိုင်များနှင့် နိုင်ငံအချင်းချင်းအကြားတို့တွင် ဖြစ်ပွားတတ်သော ပဋိပက္ခများကို အထက်ဆိုခဲ့ပါ ပုံစံငါးမျိုးအနက် ကိုက်ညီအပ်စပ်သည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ သို့မဟုတ် နည်းလမ်းနှစ်မျိုး၊ သုံးမျိုးတွဲလျက်ဖြစ်စေ ဖြေရှင်းခဲ့သည်ချည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်နေရသော ငြိမ်းချမ်းရေးအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ပဋိပက္ခ၊ အငြင်းပွားမှု ပြဿနာများကို အထက်ဆိုခဲ့ပါ နည်းလမ်းငါးရပ်ဖြင့် ချိန်ထိုးစဉ်းစားကာ ဖြေရှင်းကြရန် လိုပေသည်။

ငြိမ်းချမ်းရေး ပဋိပက္ခ သို့မဟုတ် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားနေသော အနှစ် ၇၀ နီးပါးကြာ ပြည်တွင်းစစ် ဖြေရှင်းကြရာတွင်လည်း အစိုးရအပါအဝင် Stakeholder ခေါ် အဓိကပါဝင်ပတ်သက် တာဝန်ရှိသက်ဆိုင်သူ အင်အားစုအားလုံး ယင်းနည်းလမ်းငါးရပ်ကို အထိုင်ပြု စဉ်းစားကြည့်ကြစေလိုသည်။

ရခိုင်လူ့အဖွဲ့အစည်းတွင် လတ်တလော ပဋိပက္ခအသွင် ကြီးစွာ အငြင်းပွားနေကြသည့် ရခိုင်စုံစမ်းရေးကော်မရှင် ဖွဲ့စည်းသည့်အပေါ် ရှုမြင်ပုံ ရှုမြင်နည်းကွာခြားချက်များရှိနေလင့်ကစား နှစ်ဖက်စလုံးအနေနှင့် ရေရှည်တွင် ဒေသဖွံ့ဖြိုးရေးအလို့ငှာ ပြေလည်ငြိမ်းချမ်းစေမည့် နည်းလမ်းကို စဉ်းစား ကြည့်ကြစေလိုသည်။

အထူးသတိမူရမည့်အချက်မှာ ပြဿနာ သို့မဟုတ် ပဋိပက္ခ ဖြေရှင်းရာတွင် ဖြေရှင်းရန် ကြိုးစားလိုသူ မည်သူ၊ မည်သည့်အဖွဲ့အစည်းမဆို မိမိ သို့မဟုတ် မိမိအဖွဲ့အစည်း၊ အင်အားစုသည် မည်သည့်နေရာ၊ မည်သည့် ရပ်တည်ချက်တွင် ရှိသနည်းဆိုခြင်းကို ဦးစွာမြင်အောင်ကြည့်ရန်ဆိုသောအချက် ဖြစ်သည်။

မိမိ၏ တည်နေရာသည် ပြဿနာ သို့မဟုတ် ပဋိပက္ခကို ဖြေရှင်းနိုင်သည့် အင်အား၊ လုပ်ပိုင်ခွင့်၊ အထောက်အပံ့နှင့် ပြေလည်နိုင်ခြေ ရာနှုန်း မည်မျှရှိသည်ဆိုခြင်းကို မသိပါက ပြဿနာဖြေရှင်းခြင်းထက် ပြဿနာပိုရှုပ်ထွေးသည့် လမ်းကြောင်းသို့ ဆွဲခေါ်သွားနိုင်သည့် အန္တရာယ်ရှိကြောင်း သိစေလိုရင်း ဖြစ်သည်။

**အယ်ဒီတာ ( ၁၁ - ၁၀ - ၂၀၁၆ )**

**လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီနေသောကြောင့် ၄ -၉ - ၂၀၁၆ နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်)**

# ကချင်နှင့်ရှမ်းပြည်နယ်တွင်းရှိ တိုက်ပွဲများ ရပ်တန့်ပေးရန်နှင့် နိုင်ငံရေး ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရန် KPCC တောင်းဆို

**ရန်ကုန် ၊ အောက်တိုဘာ ၁၁**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကို ရပ်တန့်ပေးရန်နှင့် အစိုးရအနေနှင့် တပ်မတော်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ညှိနှိုင်းမှုများ ဆောင်ရွက်ပေးရန် ကချင်နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ(KPCC) က သဘောထား ထုတ်ပြန်တောင်းဆိုလိုက်သည်။

လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများ ရပ်တန့်ကာ တပ်မတော်နှင့် ပြည်သူလူထု ပူးပေါင်း၍ ငြိမ်းချမ်းရေးကို ဆောင်ရွက်သင့်ပြီး အစိုးရအနေနှင့်လည်း တိုက်ပွဲများရပ်တန့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများ အမြန်ဆုံးလုပ်ဆောင်ပေးရန် အောက်တိုဘာလ ၁၁ရက်နေ့ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ တောင်းဆိုလိုက်သည်။

“ကျွန်တော်တို့အနေနဲ့က လက်ရှိဖြစ်ပွားနေတဲ့ စစ်ပွဲတွေ အမြန်ဆုံးရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးကို တွန်းအားပေးနိုင်တဲ့ အခြေအနေတစ်ခုကို ရောက်ရှိဖို့ ရည်ရွယ်ပြီး.အခုလို တောင်းဆိုလိုက်တာပါ” ဟု ကချင်နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ပြန်ကြားရေးမှူး ဦးလရိန်က ပြောသည်။

ထို့ပြင် လက်ရှိ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဖော်ဆောင်နေသည့် ကာလလည်းဖြစ်ကာ လက်ရှိ ဒီမိုကရေစီအစိုးရသစ်အနေနှင့် ယခင် အာဏာရှင်စစ်အစိုးရလက်ထက်က ပုံစံမျိုး မဖြစ်သင့်တော့ကြောင်း ၎င်း၏အမြင်ကို ဆိုသည်။

အလားတူ အစိုးရသစ်၏ အပြောင်းအလဲကာလတွင် အပြောင်းအလဲတစ်စုံတစ်ရာကို မတွေ့ရဘဲ တိုင်းရင်းသားဒေသများတွင် စစ်ပွဲများမှာ နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိကြောင်း၊ အစိုးရအနေနှင့် စစ်ပွဲများအပေါ် တိကျသည့် ပြောဆိုမှု တစ်စုံတစ်ရာ မရှိသေးကြောင်း ၎င်းက ဝေဖန်ပြောဆိုသည်။

ကချင်နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအနေနှင့် စစ်ပွဲများရပ်တန့်ကာ ငြိမ်းချမ်းရေးကိစ္စရပ်များကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမှုများကို လိုလားကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

လက်ရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ပွဲများ ရပ်တန့်ပေးရန် ဒေသခံပြည်သူများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး လိုလားသူများက တောင်းဆိုဆန္ဒပြမှုများကို နိုင်ငံတစ်ဝန်းတွင် ပြုလုပ်လျက် ရှိသည်။ ■

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Editor in Charge** -Kyaw San Min , **Senior Executive Editors** - Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Mandalay Reporters** - Ye Win Naing, Nay Lin, Yan Moe Naing, Myat Min, Aung Phyo, Than Pe Thar.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ရန်ကုန်မြို့တွင် ဆိုင်ကယ်စီးနင်းခွင့်ရရှိရန် တိုင်းဒေသကြီးလွှတ်တော်တွင် ထပ်မံဆွေးနွေးမည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်တွင် ဆိုင်ကယ်စီးနင်းခွင့် ရရှိရန် တိုင်းဒေသကြီးလွှတ်တော်တွင် ထပ်မံဆွေးနွေးပြီးမှသာ ကြေညာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ် စီးနင်ခွင့်ပြုမည်ဖြစ်ပြီး လက်ရှိတွင် ဆိုင်ကယ်စီးနင်းခွင့်ပြုနိုင်ရေး ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း အောက်တိုဘာလ ၆ ရက်က ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားခဲ့သည်။

"အခုလက်ရှိက လွှတ်တော် မပြီးသေးဘူး။ လွှတ်တော်ပြီးမှပဲ ဌာနဆိုင်ရာတွေနဲ့ ထပ်ဆွေးနွေးရမယ်။ ဌာနဆိုင်ရာတွေနဲ့ချိတ်ဆက်ပြီး ဘယ်လိုမျိုး စီစဉ်သွားမလဲဆိုတာ ပြောလို့ရပါမယ်" ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြုရန် ယခုအချိန်ထိ စည်ပင်မှ ဖော်ဆောင်နေခြင်း မရှိသေးကြောင်းနှင့် ဆိုင်ကယ်စီးနင်းခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောကြားသည်။

ဆိုင်ကယ်စီးနင်းသူများအဖွဲ့မှလည်း ယခုလတွင် ရန်ကုန်မြို့စည်ပင်နယ်နိမိတ်အတွင်းရှိ ဆင်ခြေဖုံးမြို့နယ်များတွင် သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး အသိပညာပေးမည်ဖြစ်ကြောင်း ဆိုင်ကယ်စီးနင်းသူများအဖွဲ့ဝင် ဦးမျိုးမင်းက ပြောကြားသည်။

"ရန်ကုန်စည်ပင်နယ်နိမိတ်မှာ ဆိုင်ကယ်စီးနင်းခွင့်ရဖို့ ကြိုဆိုပါတယ်။ ရန်ကုန်တိုင်းပဲ ဆိုင်ကယ်မစီးရတာပါ။ ဥပဒေထဲမှာ ဆိုင်ကယ် မစီးနင်းရဘူးလို့ ဥပဒေအရ တိတိကျကျဖွင့်ဆိုတာလည်း မတွေ့ရပါဘူး။ တိုင်းနှင့် ပြည်နယ် ဒေသအသီးသီးမှာလည်း ဆိုင်ကယ်စီးနင်းနေကြပါတယ်။ ယာဉ်အန္တရာယ်က ဆိုင်ကယ်စီးမှုဖြစ်တာမဟုတ်ဘူး။ ကားမောင်းတဲ့သူတွေ ပေါ့ဆတာလည်း ဖြစ်နိုင်ပါတယ်။ ကညနမှာ ယာဉ်မှတ်ပုံတင် ပြုထားပြီး ယာဉ်လိုင်စင်၊ လူလိုင်စင် လုပ်ထားတဲ့သူတွေ စီးနင်းခွင့်ရဖို့ တောင်းဆိုသွားမယ်" ဟု ကိုမျိုးမင်းက ဆိုသည်။

ယခုလက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် စီးနင်းမှုများရှိနေပြီး မော်တော်ဆိုင်ကယ်စီးနင်း ခွင့်ပြုထားသည့် အစိုးရဌာနများမှာ စည်ပင်၊ လျှပ်စစ်၊ သံရုံး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စသည့်ဌာနများဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ ■



ဓာတ်ပုံ-အောင်နိုင်

# YRTA က အငှားတက္ကစီယာဉ်များကို အောက်တိုဘာလအတွင်း စစ်တမ်းကောက်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် အငှားတက္ကစီယာဉ်များကို စနစ်တကျစည်းကမ်းထိန်းသိမ်းရန် အောက်တိုဘာလအတွင်း စစ်တမ်းကောက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

"နောက်ပိုင်းမှာ တက္ကစီတွေကို စနစ်တကျထိန်းနိုင်အောင် လိုအပ်တဲ့ အချက်အလက်တွေကို မြေပြင်ကွင်းဆင်းပြီး ကောက်မယ်။ ဒီလအတွင်း ကောက်မှာပါ။ ရက်အတိကျတော့ မသိသေးဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကဆိုသည်။

လက်ရှိ အငှားတက္ကစီများတွင် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ရန် ယာဉ်မည်မျှကျန်ရှိခြင်း၊ ယာဉ်မောင်းအမည်နှင့်လိုင်စင်များကို စစ်တမ်းကောက်ယူမည်ဖြစ်ပြီး စစ်တမ်းကောက်ယူပြီးနောက်ပိုင်းတွင် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရေးယူခြင်းကို အာဏာပိုင်အဖွဲ့က ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"တက္ကစီတွေအနေနဲ့ စီးတီးတက္ကစီအဖြစ် အရင်မှတ်ပုံတင်ရမယ်။ ပြီးရင် ယာဉ်မှာ GPS စနစ်တပ်ဆင်မယ်။ အငှားတက္ကစီတွေအနေနဲ့လည်း အများပိုင်ပုံစံမဟုတ်ဘဲ ကုမ္ပဏီစနစ်နဲ့သွားမှာဖြစ်တယ်" ဟု ၎င်းကဆိုသည်။

Bus Reform ဆောင်ရွက်မှုနှင့် အများပိုင်ဘတ်စ်ကားကုမ္ပဏီစနစ် စတင်နိုင်သည့်အချိန်တွင် ခရီးသည်တင် ယာဉ်လိုင်းအပြင် အငှားတက္ကစီယာဉ်များကိုပါ ကြီးကြပ်ကွပ်ကဲမည်ဖြစ်ကြောင်း YRTA ထံမှ သိရသည်။

နောက်ပိုင်းတွင် အငှားတက္ကစီယာဉ်များနှင့် ပတ်သက်ပြီး ပြောင်းလဲတာဝန်ယူဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်သော်လည်း လက်ရှိတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို) ကော်မတီအနေနှင့်အငှားတက္ကစီယာဉ်များကို စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ခြင်းကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌဦးလှအောင်က ပြောကြားသည်။

"လက်ရှိစီးတီးတက္ကစီအဖြစ် မှတ်ပုံတင်တာ နည်းလာတယ်။ ယာဉ်အရေအတွက်ပဲ မတိုးလာတာလား၊ ဘာကြောင့်နည်းသွားတယ်ဆိုတာ အတိအကျတော့ မပြောနိုင်သေးဘူး" ဟု ၎င်းက ဆိုသည်။

၂၀၁၅ ခုနှစ်တွင် စီးတီး တက္ကစီအဖြစ် မှတ်ပုံတင်ထားသည့် ယာဉ် ၆၁,၂၀၅ စီးရှိပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ထားသည့်ယာဉ် ၆၂,၅၇၁ စီးရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို) ကော်မတီထံမှ သိရသည်။ ■

# ထမံသီမြို့အနီးဗဟိုပြု၍ မြေငလျင်လှုပ်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ထမံသီမြို့အနီးဗဟိုပြု၍ အောက်တိုဘာလ ၁၁ ရက်နေ့က အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန မြေငလျင်ဌာနခွဲထံမှ သိရသည်။

အဆိုပါမြေငလျင်သည် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၃၁ မိုင်ခန့်အကွာ ထမံသီမြို့၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ခ်ာစကေး ၄ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း အဆိုပါဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့နှင့် ကဘော်ပြတ်ရွေ့ကဲ့သို့ ပြတ်ရွေ့ကြောများရှိနေသည့်အနက် စစ်ကိုင်းပြတ်ရွေ့ကြောမှ ယခုနောက်ပိုင်းတွင် အင်အားအသင့်အတင့်ရှိ မြေငလျင်များ ခပ်စိပ်စိပ်လှုပ်ခတ်လာရာ ယင်းပြတ်ရွေ့တစ်လျှောက်ရှိ မြို့ကြီးများသည် သတိပြုရန်လိုအပ်ကြောင်း မြေငလျင်ကျွမ်းကျင်ပညာရှင်များက သတိပေးပြောဆိုသည်။ ■

# ရွှေဘို ဆယ်ပင်ကျွန်းကျေးရွာတွင် မိုးကြိုးပစ်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ရွှေဘို၊ အောက်တိုဘာ ၁၁**

ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ ဆယ်ပင်ကျွန်းကျေးရွာတွင် အောက်တိုဘာလ ၈ရက်နေ့က မိုးကြိုးပစ်၍ အမျိုးသမီး တစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ဦးခင်မောင်ဆွေ က ပြောကြားသည်။

ယင်းနေ့ ညနေက ဆယ်ပင်ကျွန်းကျေးရွာရှိ နေအိမ်တစ်အိမ်တွင် မရီလေးနွယ်အပါအဝင် အခြားသူများနှင့် တီဗီကြည့်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်ရာ တီဗီအင်တာနာတိုင်ပြုတ်ကျ၍ ၎င်းတို့အနီး ငါးပေ ပတ်လည်တိုင်အက်ကွဲပြီး တိုင်အောက်ခြေရှိ ကွန်ကရစ်အုတ်ခုံပေါက်ကွဲကာ ဘေးအစွန်ထိုင်ကြည့်နေသည့် မရီလေးနွယ်နှင့် ဦးဌေးလင်းကို မိုးကြိုးထိမှန်ခဲ့ရာ မရီလေးနွယ်မှာ နေရာ၌ သေဆုံးခဲ့ပြီး ဦးဌေးလင်းမှာ ခြေထောက်နှစ်ဖက် နာကျင်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ရုံးမှတ်တမ်းများအရ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သေမှုသေခင်း ၂/၂၀၁၆ ဖြင့်အမှုဖွင့်ဆောင်ရွက်ထားကြောင်း အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။ ■


## ဝန်ထမ်းအလိုရှိသည်

(၁) အမျိုးသားကုန်တင်/ ကုန်ချ (၃) ဦး

(၂) အမျိုးသမီး ဝန်ထမ်း (၅) ဦး

စိန်ကမ္ဘာချည်မျှင်စက်ရုံ A/4 (ခ)။ (၆၂)လမ်း။ သားရေနယ်လမ်း၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

Ph : 09 6501608, 09 6808176, 02 5154824

# ရွှေပြည်သာရှိ စည်ပင်ရေမရသည့်ရပ်ကွက်များကို ယခုနှစ်ကုန်ပိုင်းတွင် ရေပေးမည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တော်စည်ပင်မှ ဖြန့်ဝေလျက်ရှိသည့် သောက်သုံးရေ မရရှိသေးသော ရွှေပြည်သာမြို့နယ်မှ လက်ကျန်ရပ်ကွက်များကို ဒီဇင်ဘာလတွင် သောက်သုံးရေဖြန့်ဝေပေးရန် စီစဉ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ရွှေပြည်သာမြို့နယ်ရှိ ရပ်ကွက် ၂၇ ခုအနက်မှ ၁၄ခုကို ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကုန်ပိုင်းမှစ၍ သောက်သုံးရေ ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး ပိုက်လိုင်းသွယ်တန်းမှုများပြီးစီးမည့် ယခုနှစ်ကုန်ပိုင်းတွင် ရေမရရှိသေးသော လက်ကျန်ရပ်ကွက်များကို တဖြည်းဖြည်းချင်း ရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"မြို့နယ်တစ်ခုလုံးကိုဖြန့်ဖို့ ရေကရှိတယ်။ ပိုက်လိုင်းသွယ်တာတွေ မပြီးသေးတာရယ်၊ ဘတ်ဂျက်အနေအထားရယ်ကြောင့် ဖြည်းဖြည်းချင်းလုပ်တာပါ။ ပိုက်သွယ်တာတွေက ပွင့်လင်းရာသီဆိုပြီးလောက်ပါပြီ" ဟု ၎င်းကဆိုသည်။

ရွှေပြည်သာမြို့နယ် တစ်ခုလုံးသို့ ရေပမာဏ ခြောက်သန်းအထိ ဖြန့်ဝေနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ကာ အချင်း ၁၆ လက်မ ၊ ၄၀ လက်မအထိရှိသော HDPE ရေပို့ ပိုက်မကြီးများကို ရွှေပြည်သာသို့ သွယ်တန်းခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ရပ်ကွက် ၁၄ ခုသို့ ရေဂါလန် ၃ ဒသမ ၇၅ သန်း ဖြန့်ဝေလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုထံမှ သိရှိရသည်။

ငမိုးရိပ်ရေပေးဝေရေးစီမံကိန်းမှ တစ်ဆင့် ရွှေပြည်သာသို့ ရေဖြန့်ဝေမည်ဖြစ်ပြီး ယင်းငမိုးရိပ်ရေပေးစီမံကိန်းသည် ရန်ကုန်မြို့တွင်း မြို့နယ်များသို့ အဓိက ရေဖြန့်ဝေလျက်ရှိပြီး ယင်းစီမံကိန်းမှ နေ့စဉ် ရေဂါလန် သန်း ၆၀ ခန့် ပုံမှန် ဖြန့်ဝေပေးလျက်ရှိကြောင်း အဆိုပါဌာနထံမှ သိရှိရသည်။

ရန်ကုန်မြို့အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် ၂၀၅ သန်းကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိပြီး ၂၀၄၀ ခုနှစ်တွင် လိုအပ်မည့် ရေဂါလန် သန်း ၆၀၀ ခန့်ကို ဖြန့်ဝေနိုင်ရန် တိုးမြစ်နှင့်ကုက္ကိုဝမြစ်ရေတင်ရေပေးစီမံကိန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါဌာနထံမှသိရှိရသည်။ ■

# FDI ဝင်ရောက်မှု ယခင်နှစ်ကအောက် ထက်ဝက်နီးပါး လျော့ကျ

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခြောက်လအတွင်း FDI (နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု) ဝင်ရောက်မှုနှုန်းမှာ ယခင်ဘဏ္ဍာနှစ် အလားတူကာလထက် ထက်ဝက်နီးပါး လျော့ကျသွားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ယခင်ဘဏ္ဍာနှစ် ခြောက်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ဝင်ရောက်နေပြီဖြစ်သော်လည်း ယခုဘဏ္ဍာနှစ် ခြောက်လအတွင်းမှာမူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံနီးပါးသာရှိကြောင်း ယင်းဌာန၏ စာရင်းများအရ သိရသည်။

"အစိုးရသစ်ရဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေကိုလည်း စောင့်ကြည့်တယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေအထွက်ကိုလည်း စောင့်သလိုဖြစ်နေတော့ ဝင်ဖို့ကို အားယူနေတဲ့သဘော ဖြစ်နေတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

ယခုနှစ်တွင် FDI ဝင်ရောက်မှု အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံမှန်းသော်လည်း လက်ရှိဘဏ္ဍာနှစ်ဝက်တွင် လျာထားချက်၏ တစ်ဝက်ပင်မရရှိသေးသောကြောင့် ယခုနှစ်တွင် လျာထားချက်ပြည့်ခြင်း၊ မပြည့်ခြင်းကို အတိအကျ မပြောနိုင်သေးကြောင်း၊ လျာထားချက်ပြည့်မီရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန်ခက်ခဲနေသည့် အချက်များကို တတ်နိုင်သရွေ့ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ■

# လူမှုအဖွဲ့အစည်းကို အကျိုးပြုနိုင်သည့် Project ပြိုင်ပွဲ လုပ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် လူမှုအဖွဲ့အစည်းကို အကျိုးပြုနိုင်သည့် Project ပြိုင်ပွဲကို ရဲတံခွန်လူငယ်အစီအစဉ်အဖြစ် PC Myanmar (Hong Kong) Ltd (PCML) က နိုဝင်ဘာလတွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်အရသိရသည်။

အဆိုပါအစီအစဉ်သည် အသိပညာဗဟုသုတများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန် လုပ်ဆောင်လျက်ရှိသည့် CSR Program တစ်ခုဖြစ်ပြီး ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သည့်အနေနှင့် ယင်းပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးရှိ ရဲတံခွန်စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည့် PC Myanmar (Hong Kong) Ltd (PCML) က သတင်းထုတ်ပြန်သည်။

"ရဲတံခွန်လူငယ်အစီအစဉ်ဟာ CSR အစီအစဉ်များထဲက စံနမူနာသစ်တစ်ခုဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွင်းရှိတက္ကသိုလ်နှင့်ကောလိပ်ကျောင်းသားများက မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်ကို ကိုယ်ပိုင် တွေးခေါ်နိုင်မှု၊ ဖန်တီးနိုင်မှုများကို အသုံးပြုပြီး အထောက်အကူပြုနိုင်ရန် လှုံ့ဆော်ပေးခြင်းဖြစ်ပါတယ်" ဟု PCML မှ CSR တာဝန်ခံ ဒေါ်ခင်နှင်းအေးက ဆိုသည်။

ရဲတံခွန်လူငယ်အစီအစဉ်တွင် ပါဝင်လိုသူများသည် အသက် ၁၆ နှစ်မှ ၂၃ နှစ်အတွင်းရှိရမည်ဖြစ်ပြီး အဖွဲ့တစ်ဖွဲ့တွင် အနည်းဆုံးနှစ်ဦးမှ အများဆုံး လေးဦးအထိ ပါဝင်နိုင်ကာ လူမှုအဖွဲ့အစည်းကို အကျိုးပြုပြီး အပြုသဘော သက်ရောက်မှုရှိသော ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝ စွန့်ဦးတီထွင်မှု၊ ဒေသဖွံ့ဖြိုးရေးကဏ္ဍများထဲမှ ခေါင်းစဉ်တစ်ခုကို ရွေးချယ်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရဲတံခွန်လူငယ်အစီအစဉ်၏အရည်အချင်းစစ်အဆင့်ပြိုင်ပွဲကို နိုဝင်ဘာလ ၅ ရက်၊ ဒေသဆိုင်ရာအဆင့်ပြိုင်ပွဲကို နိုဝင်ဘာလ ၂၆ နှင့် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၇ ရက်တို့တွင် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည့် အသေးစိတ်အချက်အလက်များကို ရဲတံခွန်၏တရားဝင်လူမှုကွန်ရက်စာမျက်နှာ Facebook.com/ yetagun youthprogram (သို့မဟုတ်) E-Mail လိပ်စာ-yetagunyouthprogram@gmail.comသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

PC Myanmar (Hong Kong) Ltd (PCML) သည် မလေးရှားနိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီတစ်ခုဖြစ်သည့် PETRONAS ၏လုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ်မှစတင်ကာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ ထိုင်းနိုင်ငံမှ PTTEP International Limited၊ ဂျပန်နိုင်ငံမှ Nippon Oil Exploration တို့နှင့် အကျိုးတူပူးပေါင်းကာ ကပ္ပလီပင်လယ်အတွင်းတွင် ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းကို တာဝန်ယူလုပ်ကိုင်လျက်ရှိသည်။ ■

# ရထားစီးခရီးသည်များကို စစ်တမ်းကောက်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**



ဓာတ်ပုံ - အောင်နိုင်

ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် လက်တွေ့စီးနင်းနေသည့် ခရီးသည်များကို အောက်တိုဘာလ ၁၁ ရက်က ရန်ကုန်ဘူတာကြီး၌ ရထားစီးနင်းမှု အဆင်ပြေခြင်းရှိ၊ မရှိ စစ်တမ်းကောက်ယူခဲ့ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

"လက်ရှိ မီးရထားအားလုံးရဲ့ အခြေအနေကို သိချင်လို့ ခရီးသည်တွေဆီမှာ စစ်တမ်းကောက်ခဲ့တာဖြစ်တယ်။ တစ်ရက်တာ စစ်တမ်းကောက်တာပါ။ ရလဒ်အဖြေကို အစည်းအဝေးလုပ်ပြီး လိုအပ်တာကို ဆောင်ရွက်သွားမှာပါ" ဟု မြန်မာ့မီးရထား၊ သွားလာရေးဌာန၊ တိုင်း-၇ အထွေထွေမန်နေဂျာ ဦးကျော်စိုးလင်းက ဆိုသည်။

ခရီးသည်များနေ့စဉ် အိမ်မှရုံးသို့ စီးနင်းရမှုအခြေအနေ၊ သန့်ရှင်းရေးအခြေအနေ၊ ရထားစီးနင်းမှု အကြိမ်ရေ၊ ရန်ကုန်ဘူတာကြီးနှင့် မြန်မာ့မီးရထားအပေါ် အမြင်နှင့် မြန်မာ့မီးရထားနှင့်ပတ်သက်ပြီး ဖြစ်စေချင်သည့် ရည်ရွယ်ချက်များကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

စစ်တမ်းကောက်ယူထားသည့် အချက်များကို စိစစ်ပြီး ပြုပြင်ခြင်း၊ ဖြည့်ဆည်းခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဖြည့်ဆည်းခြင်းလုပ်ငန်းအတွက် ဘတ်ဂျက်ငွေဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း ဦးကျော်စိုးလင်းက စစ်တမ်းကောက်ယူချက်အရ ပြောကြားသည်။

အောက်တိုဘာလ ၁၀ ရက်က JICA မှ ပညာရှင်များအနေနှင့်မြန်မာ့မီးရထားဝန်ထမ်း ၂၀ ဦးကိုသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စီမံခန့်ခွဲမှုကဏ္ဍ၊ Customer များ စိတ်ကျေနပ်မှုရရှိသင့်သည့်အချက်များနှင့်ပတ်သက်ပြီး သင်တန်းပို့ချခဲ့ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

မြန်မာတစ်ပြည်လုံးတွင် ပြေးဆွဲနေသည့် မြန်မာ့မီးရထားများမှာ အမြန်ရထား ၄၂ စီး၊ ခရီးတိုရထား ၂၈ စီး၊ စာပို့ရထား ၆၆ စီး၊ လူစီးကုန်တင်ရထား ၆၄ စီး၊ မြို့ပတ်ရထား ကိုးစီးရှိပြီး တစ်ရက်လျှင်ခရီးသည် ၇၂,၀၀၀ ကျော် စီးနင်းမှုရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှတ်တမ်းအရ သိရသည်။ ■

# အိန္ဒိယက ပဲတန်ချိန်ကိုးသိန်း ဝယ်ရန် ကမ်းလှမ်း

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

အိန္ဒိယကုန်သည်များက မြန်မာ့ပဲမျိုးစုံတန်ချိန်ကိုးသိန်းခန့် ဝယ်ယူရန်ကမ်းလှမ်းထားကာ အိန္ဒိယသို့အကြောင်းပြန်ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

အဆိုပါပဲတန်ချိန်ကိုးသိန်းကို ပုံမှန်တင်ပို့နေကျပုံစံ Business to Business စနစ်ဖြင့် တင်ပို့မည်ဖြစ်ပြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပေါက်ဈေးဖြင့် တင်ပို့မည်ဖြစ်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

"ကျွန်တော်တို့ရော စီးပွား/ကူးသန်းကရော အကြောင်းပြန်ကြားပြီးပြီ။ သူတို့ဘက်က ကြာနေတာပါ။ ပြီးတော့ ဒီဟာက စာရွက်နဲ့ပဲ ကမ်းလှမ်းတာပါ" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောဆိုသည်။

အိန္ဒိယက ပဲတန်ချိန်များစွာဝယ်ယူရန် ကမ်းလှမ်းသော်လည်း ဈေးနှုန်းမမြင့်တက်နိုင်ဘဲ ပုံမှန်ဈေးကွက်အတိုင်းပင်ဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိပဲဈေးကွက်အတွင်း အိန္ဒိယနိုင်ငံဘက်မှ ပွဲတော်ရှိနေခြင်းကြောင့် အဝယ်ပြန်လိုက်လာသည့်အတွက် အရောင်းအဝယ်ကောင်းမွန်၍ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ပဲကုန်သည်များထံမှ သိရသည်။

လက်ရှိ၌ မြန်မာ့ပဲမျိုးစုံကို နိုင်ငံ ၅၀ ကျော်သို့ တင်ပို့နေပြီး အိန္ဒိယ၊ ပါကစ္စတန်၊ ယူအေအီး၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ကို အဓိက တင်ပို့ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က ပဲမျိုးစုံ တန်ချိန် ၁,၂၄၀,၀၀၀ ခန့် တင်ပို့ထားကာ ယခုဘဏ္ဍာနှစ်စမှ စက်တင်ဘာလအတွင်းအထိ တန်ချိန် ၇၂၀,၀၀၀ ခန့် တင်ပို့ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။ ■

# တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာဈေး ၃၅ ကျပ်ခန့်ကျ

**ရန်ကုန်၊ အောက်တိုဘာ ၁၁**



ဓာတ်ပုံ - အောင်နိုင်

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်လုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံပြီးနောက်ပိုင်း စတင်ကျဆင်းခဲ့သော အမေရိကန် ဒေါ်လာဈေးနှုန်းများသည် တစ်ပတ်အတွင်း(အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ) ပြင်ပဒေါ်လာဈေးကွက်အတွင်း တစ်ဒေါ်လာလျှင် ၃၅ ကျပ်ခန့်အထိ ဆက်တိုက်ကျဆင်းကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ဗဟိုဘဏ်သတ်မှတ်နှုန်းများလည်း ဆက်တိုက်ကျဆင်းပြီး အောက်တိုဘာ ၅ ရက်နေ့ကထက် တစ်ဒေါ်လာလျှင် ၄ ကျပ်ခန့် ကျဆင်းကြောင်း ဗဟိုဘဏ်၏ နေ့စဉ်ငွေလဲနှုန်း ထုတ်ပြန်ချက်များအရ သိရသည်။

"ဘဏ်တွေ ခေါ်တွေ့တယ်ဆိုကတည်းက ကျချင်နေတာ။ အမေရိကန် Sanction လွှတ်တယ်ဆိုတော့ ပိုကျသွားတာပေါ့" ဟု ငွေကြေးမူဝါဒရေးရာ ပညာရှင် ဦးသန်းလွင်က ပြောဆိုသည်။

အောက်တိုဘာလ ၅ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရုံး၌ ဘဏ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး အချိန်ပိုင်းအတွင်းမှစတင်၍ ဒေါ်လာဈေးကျခြင်းဖြစ်ပြီး အမေရိက၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုအားလုံးကို ရုပ်သိမ်းကြောင်း သမ္မတ ဘားရက်အိုဘားမားက လက်မှတ်ရေးထိုးခဲ့သည့်အတွက် ဒေါ်လာဈေးနှုန်းများ ပိုမိုကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ပြင်ပဒေါ်လာဈေးနှုန်းများသည် အောက်တိုဘာလ ၅ ရက်နေ့က တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၂၇၅ ကျပ်၊ ရောင်းဈေး ၁၂၇၉ ကျပ်မှ ယခုအခါ ဝယ်ဈေး ၁၂၃၇ ကျပ်၊ ရောင်းဈေး ၁၂၄၄ ကျပ်သို့ကျဆင်းပြီး ဗဟိုဘဏ်သတ်မှတ်နှုန်းမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၂၆၀ မှ ယခုအခါ ၁၂၅၆ ကျပ်သို့ရောက်ရှိကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။ ■

# NEWS IN BRIEF

## Panasonic က ဆံပင်နှင့် အလှအပဆိုင်ရာ ပစ္စည်းများ မိတ်ဆက်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

Panasonic က အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများအပြင် ဆံပင်နှင့် အလှအပဆိုင်ရာပစ္စည်းများဖြစ်သည့် မျက်နှာပေါင်းတင်စက်၊ မျက်နှာအအေးကတ်စက်၊ မျက်နှာနှင့် ခန္ဓာကိုယ်အတွက် အမွေးခတ်သုံး Rollen ဆံပင်ဖြောင့်စက်နှင့် အခြားစက်များကို အောက်တိုဘာ ၉ ရက်နေ့က စတင်မိတ်ဆက်ရောင်းချခဲ့ကြောင်း Panasonic ကုမ္ပဏီထံမှ သိရသည်။

အဆိုပါကုမ္ပဏီသည် အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများဖြစ်သည့် လေအေးပေးစက်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ထမင်းပေါင်းအိုး စသဖြင့် အခြားလျှပ်စစ်ပစ္စည်းများကိုလည်း ထုတ်လုပ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

## တယ်လီနောက 4G စမတ်ဖုန်းများ စတင်ရောင်းချ

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

တယ်လီနောမြန်မာက 4G စမတ်ဖုန်းများကို အောက်တိုဘာလ ၁၁ ရက်နေ့မှ စတင်ရောင်းချလျက်ရှိပြီး ယင်းဟန်းဆက်များကို အာမခံ တစ်နှစ်ခွဲ ပေးထားကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

အဆိုပါဟန်းဆက်ကို ဝယ်ယူသူများအနေနှင့် တစ်လလျှင် အင်တာနက်ဒေတာ 1GB အခမဲ့သုံးစွဲခွင့် ခြောက်လရရှိမည်ဖြစ်ပြီး ဟန်းဆက်ဈေးနှုန်းမှာ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ကျပ်တစ်သိန်းတစ်သောင်း ရှိကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

# GSP ပေးသည့် လုပ်ငန်းများအနက် ခရီးဆောင်ပစ္စည်းထုတ်လုပ်ငန်းများ အကျိုးခံစားခွင့် အများဆုံးရနိုင်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

အမေရိကန်ပြည်ထောင်စုက GSP (အထူးကုန်စည်ကင်းလွတ်ခွင့်) ပေးသည့်လုပ်ငန်းများအနက် ခရီးဆောင်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများမှာ မြန်မာနိုင်ငံအတွက် အကျိုးခံစားခွင့် အများဆုံးရရှိနိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

"GSP မှာ အထည်ချုပ်မပါပေမယ့်လည်း ခရီးဆောင်အိတ်ချုပ်တာတို့၊ ခရီးသွားနဲ့ပတ်သက်တဲ့ ပစ္စည်းထုတ်တာတို့က အမေရိကန်ဈေးကွက်ကို ထိုးဖောက်ဖို့ အလားအလာကောင်းပါတယ်။ အမေရိကမှာ ခရီးဆောင်ပစ္စည်းနဲ့ပတ်သက်လို့ တစ်နှစ်တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံလောက် Inport လုပ်တယ်" ဟု ၎င်းကပြောဆိုသည်။

အမေရိက၏ အထူးကုန်စည်ကင်းလွတ်ခွင့်လုပ်ငန်းတွင် အထည်ချုပ်လုပ်ငန်းပါဝင်ပါက မြန်မာနိုင်ငံအတွက် အကျိုးအမြတ်အများဆုံး ရရှိမည်ဖြစ်သော်လည်း အထည်ချုပ်လုပ်ငန်းများတွင် လိုအပ်ချက်အနည်းငယ်ရှိသောကြောင့် ကင်းလွတ်ခွင့်မရခဲ့ကြောင်း၊ အမေရိကအနေနှင့် အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်ပါက သေချာစိစစ်ပြီးမှ အထူးကုန်စည်ကင်းလွတ်ခွင့်ပေးကြောင်း ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ ခရီးဆောင်ကျောပိုးအိတ်များကို သာချုပ်နိုင်ပြီး ခရီးဆောင်အိတ်အရှည်များ မချုပ်နိုင်သေးကြောင်း၊ ခရီးဆောင်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများမှာ အနည်းငယ်သာရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ပြီး အမေရိကန်ဈေးကွက်ကို ခရီးဆောင်အိတ်များတင်ပို့နိုင်ပါက အကျိုးအမြတ်ကောင်းများရရှိမည့်အပြင် စက်ရုံအများအပြား ဝင်ရောက်လာသည့်အတွက် အလုပ်လက်မဲ့ရာခိုင်နှုန်းကိုလည်း လျှော့ချနိုင်ကြောင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်းက ပြောကြားသည်။

အထူးကုန်စည်ကင်းလွတ်ခွင့် ပေးသည့်အပေါ် မြန်မာနိုင်ငံက အပြည့်အဝအသုံးချနိုင်ရန် ကုန်ပစ္စည်းများကို စံချိန်မီတင်ပို့ရမည်ဖြစ်ပြီး အစိုးရက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် လျှပ်စစ်မီး၊ ရေနှင့် စက်မှုဇုန်မြေပြဿနာများကို အမြန်ဆုံးဖြေရှင်းပေးသင့်ကြောင်း ဖိနပ်ချုပ်လုပ်ငန်းရှင် ဦးသိန်းအောင်က ဆို သည်။ ■

## အောက်တိုဘာလ ၁၁ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

စက်တင်ဘာလကုန်ပိုင်းတွင် ဈေးမြင့်တက်ခဲ့သော MTSH ၏ ရှယ်ယာဈေးနှုန်းများနှင့် ကျန်ကုမ္ပဏီနှစ်ခုလုံး၏ ရှယ်ယာဈေးနှုန်းများသည် အောက်တိုဘာလအတွင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ယနေ့တွင်လည်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဈေးငြိမ်လျက်ရှိသည်။

FMI က ကျပ် ၁၆၀၀၀ ၊ MTSH က ကျပ် ၄၆၀၀၀ နှင့် MCB က ကျပ် ၈၄၀၀ ဖြင့် ဈေးငြိမ်လျက်ရှိသည်။

| Name | OpeningPrice | 11(AM)Price | 1(PM)Price | Change | TradingShares | TradingValue (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 16500 | 16000 | - | 4212 | 68,048,013 |
| MTSH | 46000 | 46000 | 46000 | - | 2007 | 92,322,000 |
| MCB | 8400 | 8400 | 8400 | - | 232 | 1,948,800 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 11.10.2016 | USD | EURO | SGD | Thai |
|---|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၂၄၆ | ၁၃၈၇ | ၉၀၈ | ၃၅.၄ |
| ရောင်းဈေး(ကျပ်) | ၁၂၅၂ | ၁၄၀၅ | ၉၂၀ | ၃၆ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 11.10.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၄၅,၀၀၀ (ဖွင့်) | ၈၄၉,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၆၀ (ဖွင့်) | ၁၂၆၀ (ပိတ်) |

# မိဘမဲ့ဂေဟာများမှ ကလေးငယ် ၄၀၀ ကျော်ကို မှတ်ပုံတင်ထုတ်ပေး

**မန္တလေး၊ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိဘမဲ့ကလေးဂေဟာများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကလေးငယ် ၄၀၀ ကျော်ကို နိုင်ငံသားမှတ်ပုံတင် ပြုလုပ်ပေးထားကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနထံမှ သိရသည်။

“မန္တလေးတိုင်းအတွင်းက ၁၆ မြို့နယ်မှာရှိတဲ့ မိဘမဲ့ဂေဟာတွေက ကလေးတွေကို လုပ်ပေးမှာပါ၊ မြို့နယ်တွေကိုလည်း ညွှန်ကြားထားပြီးပြီ၊ ခုလက်ရှိတော့ မြို့နယ်လေးခုက ကလေး ၄၀၀ ကျော်ကိုလုပ်ပေးထားပြီးပြီ၊ ကျန်နေတဲ့မြို့နယ်တွေကိုလည်း ထပ်မံညွှန်ကြားထားပါတယ်” ဟု ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိဘမဲ့လူငယ်ဂေဟာများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကလေးငယ်များသည်လည်း နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများရရှိနိုင်ရေး၊ နိုင်ငံသားဖြစ်ခွင့်များကို ငယ်စဉ်ကတည်းက ရရှိရေးတို့ကို ဦးတည်၍ ယင်းကဲ့သို့ နိုင်ငံသားမှတ်ပုံတင်များ လုပ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မြို့နယ် ၁၆ ခုမှ မိဘမဲ့ကလေးငယ် ၁၀၀၆ ဦးကို မှတ်ပုံတင်လုပ်ပေးမည်ဖြစ်ကာ ပြည်ကြီးတံခွန်၊ သာစည်၊ ပြင်ဦးလွင်မြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့မှ ကလေး ၄၇၀ ဦးကို မှတ်ပုံတင်ထုတ်ပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စာရင်းများအရ သိရသည်။

မိဘမဲ့ကလေးငယ်များ မှတ်ပုံတင်ရရှိရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ လဝက၊ မိဘမဲ့ကလေးဂေဟာတာဝန်ရှိသူများပူးပေါင်း၍ စက်တင်ဘာ လဆန်းပိုင်းကစတင်ကာ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနထံမှလည်း သိရသည်။ ■



ဓာတ်ပုံ-မောင်ရဲနွေ

ဆူပူမှုဖြစ်ပွားခဲ့သည့် မြင်းခြံအကျဉ်းထောင်ကိုတွေ့ရစဉ်

# မြင်းခြံထောင် အကျဉ်းသားများ ဆူပူမှုဖြစ်

**မန္တလေး၊ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းက ဆူပူမှုဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန (နေပြည်တော်) လုံခြုံရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက The Voice သို့ ပြောကြားသည်။

ယင်းနေ့ နံနက်ပိုင်းတွင် တာဝန်ကျဝန်ထမ်းတစ်ဦးက အကျဉ်းသားနှစ်ဦးကို နေရာထိုင်ခင်းကိစ္စနှင့်ပတ်သက်၍ ဆုံးမစကားပြောဆိုကာ သီးသန့်တိုက်သို့ ပို့ဆောင်ခဲ့သည်ကို အကြောင်းပြုရာမှ အမှုတွဲတူအကျဉ်းသားတစ်ဦးက စတင်ကန့်ကွက်ရာမှ အဆိုပါအဆောင်အတွင်းရှိ အကျဉ်းသားများ ဆူပူခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး စစ်ဆေးတွေ့ချက်ပေါ်မူတည်၍ ထောင်တာဝန်ရှိသူ၊ ဆူပူသူ (အကျဉ်းသား) များကို အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မြင်းခြံထောင်အတွင်းရှိ အကျဉ်းသားများအနေနှင့် အကျဉ်းသားများ အခွင့်အရေး မဆုံးရှုံးစေရေးအတွက် လွှတ်တော်အတွင်း တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် နိုင်ငံသားမူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး ကော်မတီဝင် ဦးအောင်မျိုးလတ်က ပြောကြားသည်။

မြင်းခြံအကျဉ်းထောင်ရှိ အကျဉ်းသားများ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက် ၇ နာရီခန့် ဆူပူဆန္ဒပြခဲ့သော်လည်း နံနက် ၁၁ နာရီခန့်တွင် တည်ငြိမ်သွားကြောင်း မြင်းခြံမြို့ခံများထံမှ သိရသည်။

အဆိုပါအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများက ထောင်ပိုင်ကြီးအလိုမရှိဟုဆိုကာ ဆူပူဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း မြင်းခြံမြို့နယ် လူ့ဘောင်သစ်ဒီမိုကရေစီပါတီဝင် ဦးသန်းထိုက်အောင်က ပြောကြားသည်။

ယင်းသို့ ဆူပူဆန္ဒပြနေမှုနှင့် ပတ်သက်၍ မြင်းခြံထောင်အာဏာပိုင်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီးနှင့် တာဝန်ရှိသူများ ဝင်ရောက်ဖြေရှင်းခဲ့ကြောင်း မြင်းခြံအကျဉ်းထောင်မှ တာဝန်ကျ ရုံးဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သော်လည်း ဆူပူမှုဖြစ်ရသည့် အကြောင်းအရင်းကိုမူ ဖြေဆိုရန် ငြင်းဆန်ခဲ့သည်။

ဆူပူမှုဖြစ်ပွားခဲ့သည့် မြင်းခြံအကျဉ်းထောင်တွင် အကျဉ်းသား ၁၈၀၀ ကျော်ရှိကြောင်း ထောင်အာဏာပိုင်များထံမှ သိရသည်။ ■

## NEWS PHOTO



ဓာတ်ပုံ - သန်းဇေသား

မန္တလေးမြို့တော်အခြေစိုက် ဂီတအနုပညာရှင်များဖြင့် ဖွဲ့စည်းထားသော ဂီတမောင်နှမများပရဟိတအသင်း (မန္တလေး) ၏ ပထမဆုံးအကြိမ် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းက မြို့မတူရိယာအသင်းတိုက်တွင် ပြုလုပ်ခဲ့သည်ကို တွေ့ရစဉ်။ အဆိုပါအခမ်းအနားသို့ အသင်းဝင် ၁၀၀ ကျော် တက်ရောက်ခဲ့ကြပြီး အသက် ၇၅ နှစ်နှင့်အထက် ကန်တော့ခံဂီတပညာရှင် ၂၈ ဦးကို တစ်ဦးလျှင် ကျပ်တစ်သိန်းစီနှင့် ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၏ ဖခင်ဖြစ်သူ အသက် ၈၈ နှစ်အရွယ်ရှိ မြို့မအသင်းဝင် ဒေါက်တာချစ်မောင်က ဩဝါဒစကားချီးမြှင့်ခဲ့ကြောင်း (မန္တလေး) ဂီတမောင်နှမများထံမှ သိရသည်။

# မန္တလေးအလင်းသတင်းစာ ရပ်နားမှုကြောင့် နစ်နာခဲ့သည့် ဝန်ထမ်းများအရေး ယခုတစ်ပတ်အတွင်း ညှိနှိုင်းဖြေရှင်းမည်

**မန္တလေး၊ အောက်တိုဘာ ၁၁**

မန္တလေးအလင်းသတင်းစာကို ကြိုတင်အသိပေးခြင်းမရှိဘဲ ရပ်နားခဲ့မှုကြောင့် နစ်နာခဲ့ရသည့် ဝန်ထမ်းများအရေး ယခုတစ်ပတ်အတွင်း တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးမည်ဖြစ်ကြောင်း ချမ်းမြသာစည်မြို့နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

“အစ်မတို့မြို့နယ်မှာ အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ညှိနှိုင်းဖျန်ဖြေရေး ၁၁ ဦးကော်မတီဖွဲ့ထားတာရှိတယ်။ ဝန်ထမ်းတွေဘက်က စာတင်ထားတာလည်းရှိတယ်။ အခုအနေအထားကတော့ တာဝန်ခံဆီကို ဆက်သွယ်တွေ့ဆုံပြီး ညှိနှိုင်းပေးတာမျိုးပဲ လုပ်ပေးလို့ရတယ်။ အရေးယူပေးလို့မရဘူး။ ညှိနှိုင်းမှုအဆင်မပြေရင်တော့ ခုံသမာဓိကနေ ဆက်သွားလိမ့်မယ်” ဟု ချမ်းမြသာစည်မြို့နယ် အလုပ်သမား ညွှန်ကြားမှုဦးဌာန ဦးစီးမှူး ဒေါ်ခင်မာချိုက ပြောကြားသည်။

အလုပ်ရှင်နှင့် တွေ့ဆုံညှိနှိုင်းပေးရန် ချမ်းမြသာစည်မြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသို့ စာတင်ခဲ့ပြီးဖြစ်ရာ ၎င်းတို့အနေနှင့်ယခုတစ်ပတ်အတွင်း တွေ့ဆုံညှိနှိုင်းပေးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးအလင်းသတင်းစာတိုက်တွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည့် ဦးသန့်စင်ဦးက ပြောကြားသည်။

“ကျွန်တော်တို့ဆိုတာ တခြားသူတွေအတွက် အခွင့်အရေးချိုးဖောက်တာတွေ၊ အချိုးဖောက်ခံရတာတွေလည်း ရေးနေကြတယ်။ အခုက Human Rights ထဲမှာပါတဲ့ Worker's Rights ချိုးဖောက်ခံရတဲ့အထဲမှာပါတယ်။ သတင်းလုပ်ငန်းနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေလည်းရှိတယ်။ သူတို့အနေနဲ့ ကြားကနေ ညှိနှိုင်းလုပ်ဆောင်ပေးဖို့လည်းလိုတယ်။ ဒါပေမဲ့ အရမ်းအားနည်းတယ်” ဟု ၎င်းကဆိုသည်။

ညှိနှိုင်းဖျန်ဖြေရေး ကော်မတီ၏ ညှိနှိုင်းပေးမှု အဆင်မပြေပါက အလုပ်သမားခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်အတိုင်းဥပဒေအရဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောဆိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးတင်အေး၏သားဖြစ်သူ ဦးဇော်မင်းအေး စီစဉ်ထုတ်ဝေနေသည့် The Messager Media က မန္တလေးအလင်းသတင်းစာကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်က စတင်ထုတ်ဝေခဲ့ရာမှ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ရပ်နားခဲ့ခြင်းဖြစ်ကာ ဝန်ထမ်း ၂၃ ဦးကို ပေးချေရမည့် နစ်နာကြေး (လုပ်သက်နစ်နာကြေး၊ တစ်လကြိုအကြောင်းမကြားသည့် နစ်နာကြေး၊ စာမူခကြွေးကျန်) ကျပ် ၂၅၃ သိန်းကျော်ရှိကြောင်း မန္တလေးအလင်း သတင်းစာ အယ်ဒီတာအဖွဲ့က ထုတ်ပြန်ထားသည်။ ■

# အစိုးရအကူးအပြောင်းကာလအတွင်း အများပိုင်မြေနေရာကို အမည်ပေါက်ချထားပေးမှု ယခုလကုန် အပြီးစစ်ဆေးမည်

**မန္တလေး၊ အောက်တိုဘာ ၁၁**

အစိုးရအကူးအပြောင်းကာလ အတွင်း အများပိုင်မြေနေရာများကို တစ်ဦးတစ်ယောက်ပိုင် ဂရန်အမည်ပေါက် ချထားပေးမှုကို ယခုလ (အောက်တိုဘာလ) မကုန်မီ အပြီးသတ် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဥပဒေပြုရေးရာကော်မတီထံမှ သိရသည်။

လက်ရှိအချိန်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုအနက် ပြည်ကြီးတံခွန်နှင့် အမရပူရ မြို့နယ်တို့တွင် ကွင်းဆင်းစစ်ဆေးပြီးဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိခဲ့သော မြေချထားပေးမှုများတွင် စီမံကိန်းအကောင်အထည် မဖော်မှုနှင့် စီမံကိန်းအကြောင်းပြ ပြုလုပ်ထားခြင်းမျိုး ၉၀ ရာခိုင်နှုန်း ရှိနေကြောင်း ယင်းကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်က ပြောကြားသည်။

"အခုတော့ လိုက်စစ်နေတုန်း၊ စစ်ဆေးပြီးရင် အစိုးရအဖွဲ့ကို တင်ပြရမယ်၊ အရေးယူမှုနဲ့ ဘယ်လိုဖြေရှင်းမယ်ဆိုတာကတော့ အစိုးရအဖွဲ့က ဆုံးဖြတ်ပြီး လုပ်ဆောင်ပါလိမ့်မယ်" ဟု ၎င်းကရှင်းပြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များအပြင် အခြားမြို့နယ်များတွင်လည်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် ရှောင်တခင် စစ်ဆေးမည်ဟု ဦးတင်အောင်က ဆက်လက်ပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနိမိတ်အတွင်းရှိ မြို့နယ်ခြောက်ခုအတွင်း အစိုးရအကူးအပြောင်းကာလ၌ အများပိုင်မြေများကို စီမံကိန်းအတွက်ဟုဆိုကာ သိမ်းယူခဲ့ပြီး တစ်ဦးတစ်ယောက်ပိုင်ဂရန်အမည်ပေါက် ချထားပေးခဲ့မှုမှာ မြေကေသုံးထောင်ခန့်ရှိပြီး မန္တလေးခရိုင်အတွင်းပါဝင်သည့် ပုသိမ်ကြီးမြို့နယ်တွင်လည်း မြေကွက်ပေါင်း ၆၀၀ ကျော်နှင့် ဧက ၃၀၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဥပဒေပြုရေးရာကော်မတီ၏ စာရင်းများအရ သိရသည်။ ■

# နိုင်ငံခြားသားများ တရားမဝင်နေထိုင်မှု တိုင်ကြားလာပါက ချက်ချင်းစစ်ဆေးမည်ဟုဆို

**မန္တလေး၊ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားများ တရားမဝင်နေထိုင်သည်ကိုတွေ့ရကြောင်း ဒေသခံများက တိုင်ကြားခဲ့ပါက ချက်ချင်းစစ်ဆေးပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနထံမှ သိရသည်။

"ကျွန်တော်တို့က ကိုယ့်အစီအစဉ်နှင့်ကို ဒီတိုင်းသွားစစ်ရင် တရားဝင်နေထိုင်တဲ့လူတွေကို အနှောင့်အယှက်ပေးတယ်ဆိုတာမျိုး ဖြစ်မယ်၊ အဲဒီလိုအခြေအနေရှိတော့ပြည်သူတွေအနေနဲ့ဘယ်နားက ဘယ်အိမ်မှာတော့ နိုင်ငံခြားသားတွေ နေတာကြာပြီ၊ တရားဝင် မဟုတ်ဘူးထင်တယ် ဆိုတာမျိုး အကြောင်းကြားလာရင် ချက်ချင်းသွားစစ်လိုက်မှာပါ" ဟု မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ တရုတ်နိုင်ငံသားများ အဓိက ဝင်ရောက်လေ့ရှိပြီး တရားမဝင် ဝင်ရောက်လာသူများတွင်လည်း တရုတ်နိုင်ငံသားများ အများဆုံးဖြစ်ကြောင်း အဆိုပါဦးစီးဌာန၏ စာရင်းများအရ သိရသည်။

တရုတ်နိုင်ငံသားများအနေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်မျက်ရတနာလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများနှင့် အဝတ်အထည်များ ကူးသန်းရောင်းဝယ်ခြင်းတို့ လုပ်ကိုင်နိုင်ရေးအတွက် အဓိက လာရောက်ကြခြင်းဖြစ်ကြောင်း၊ ယင်းသို့ လာရောက်ရာတွင် နိုင်ငံကူးလက်မှတ်မရှိဘဲ ဝင်ရောက်လာသူများလည်းရှိကြောင်း မန္တလေးမြို့ခံများအဆိုအရ သိရသည်။

ယင်းအပြင် စက်ရုံကုမ္ပဏီ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် လာရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများလည်းရှိကြောင်း၊ ယင်းသို့ လာရောက်နေထိုင်သူ အချို့သည် ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်းကဲ့သို့သော ဖြစ်စဉ်များ ရှိခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှလည်း သိရသည်။

မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ခဲ့ပြီး ဥပဒေချိုးဖောက်ခြင်း၊ ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်း စသည်တို့ကြောင့် ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်နှင်ဒဏ်ပေးခံရသည့် တရုတ်နိုင်ငံသား ၁၃ ဦးအထိရှိခဲ့ပြီး၊ ပြည်ပနိုင်ငံသားပြည်နှင်ဒဏ်ပေးခံရသည့် အများဆုံးနိုင်ငံလည်း ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။ ■



ဓာတ်ပုံ-မောင်ရဲနွေ

# လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဖြုတ်ချရေး အမရပူရဒေသခံ ၁၀၀ ကျော် ဆန္ဒထုတ်ဖော်

**မန္တလေး၊ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဝဲကြီးဆင်ကျေးရွာမှ တရားစွဲဆိုခံထားရသော ဒေသခံသုံးဦးအပါအဝင် အင်အား ၁၀၀ ကျော်သည် အမရပူရမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု (လယ်/စီ) ကော်မတီ ဖြုတ်ချရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းက အမရပူရမြို့ပေါ်၌ လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

"ဘိုးဘွားပိုင်လုပ်ကိုင်ခဲ့တဲ့ လယ်ယာမြေပေါ်မှာ အိမ်ဆောက်လို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက တရားစွဲထားတယ်။ အိမ်ခြေ ၁၂၀ လောက်ရှိတဲ့အထဲမှာ ကျွန်တော်တို့ပဲ တရားစွဲခံရတာ။ အဲဒီအမှုကလည်း ရင်ဆိုင်နေရဆဲပါ။ ဒါကိုမကျေနပ်လို့ ဆန္ဒထုတ်ဖော်ရတာဖြစ်တယ်" ဟု တရားစွဲဆိုခံထားရသည့် ဝဲကြီးဆင်ကျေးရွာမှ ဦးမြင့်ခိုင်က ပြောကြားသည်။

ယင်းသို့ ဆန္ဒထုတ်ဖော်ရာတွင် အမရပူရမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဖြုတ်ချရေးအပါအဝင် အမရပူရမြို့နယ်လယ်/စီကော်မတီ ဘက်လိုက်နေမှု ဖြေရှင်းပေးရေး၊ တရားဥပဒေကို မျက်ကွယ်ပြုနေသည့်အမရပူရမြို့နယ်လယ်/စီကော်မတီကို အရေးယူပေးရေး၊ တရားဥပဒေ စိုးမိုးရေးဟူသော ကြွေးကြော်သံများဖြင့် ဒေသခံများက ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

အမရပူရမြို့နယ် ဝဲကြီးဆင်ကျေးရွာမှ ဦးမြင့်ခိုင်၊ ဦးစိုးလွင်နှင့် ဒေါ်သိန်းလွင်တို့ကို အမရပူရမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း လယ်ယာမြေဥပဒေ ပုဒ်မ ၄၅ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး အမရပူရမြို့နယ်တရားရုံးက စစ်ဆေးနေကြောင်း ဆန္ဒပြသူများထံမှ သိရသည်။

လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအနေနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ တရားစွဲဆိုခဲ့ခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ ဆန္ဒထုတ်ဖော်ခြင်းမှာ ဒေသခံများ၏အခွင့်အရေးဖြစ်၍ မှတ်ချက်မပေးလိုကြောင်း အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက The Voice သို့ ပြောကြားသည်။

အမရပူရမြို့နယ်အတွင်း လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက တရားစွဲဆိုထားသူ ၂၆ ဦးရှိကြောင်း ယင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။ ■

## NEWS IN BRIEF

# လုပ်ငန်းခွင်ဝင် အသက်မွေးဝမ်းကျောင်းပညာ အခမဲ့ပေးမည်

**မန္တလေး၊ အောက်တိုဘာ ၁၁**

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် MCG အလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီတို့ပူးပေါင်း၍ လုပ်ငန်းခွင်ဝင် အသက်မွေးဝမ်းကျောင်းပညာများ အခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း MCG မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်နှင်းပွင့်ဖြူက ပြောကြားသည်။

အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၂၄ ရက်ထိ ခြောက်ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး တစ်ပတ်လျှင် တနင်္လာမှ ကြာသပတေးနေ့အထိ သင်ကြားပေးမည်ဖြစ်ကာ နေ့စဉ် ညနေလေးနာရီမှ ငါးနာရီခွဲထိ သင်တန်းချိန် သတ်မှတ်ထားကြောင်း၊ Self Management ၊ Managing the Job ၊ Communications ၊ Conflict Management ၊ Customer Service ၊ Office Management ၊ Presentation Skills ၊ Postitve Attitude စသည့် ဘာသာရပ်များ သင်ကြားပေးမည်ဖြစ်ကြောင်း MCG ထံမှ သိရသည်။

လုပ်ငန်းအတွေ့အကြုံမရှိသေးသော လူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်၍ အသက် ၂၅ နှစ်အောက် ဘွဲ့ရလူငယ်များ တက်ရောက်နိုင်ပြီး သင်တန်းသားဦးရေ ၅၀ အထိ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်လိုသူများအနေနှင့် ၆၂ လမ်း၊ ၃၄ x ၃၅ လမ်းကြားရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းထံတွင် စာရင်းပေးသွင်းနိုင်ကြောင်း၊ သင်တန်းပြီးဆုံးပါက အသိအမှတ်ပြုလက်မှတ်နှင့်အတူ အလုပ်ရရှိရန်အတွက်ပါ ကူညီသွားမည်ဖြစ်ကြောင်း MCG ထံမှ ထပ်မံသိရသည်။ ■

# အသရေဖျက်မှုဖြင့် တရားစွဲခံရသည့် ပအိုဝ်းတိုင်းရင်းသားဂျာနယ် ပင်လောင်းမြို့နယ်တရားရုံးက ဒဏ်ငွေချမှတ်

**မန္တလေး၊ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့အခြေစိုက် ပအိုဝ်းတိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် ခမ်းသားငဝ်း (The People's Voice) ဂျာနယ်မှ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာတို့ အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် တရားစွဲခံ ထားရာ ယင်းအမှုကို အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထောင်ဒဏ်တစ်လ (သို့မဟုတ်) ငွေဒဏ်ကျပ်သုံးသောင်းစီ ပေးချေရန် ပင်လောင်းမြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း ယင်းဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးခွန်ရာဇာက ပြောကြားသည်။

"ဒါကို လက်ခံလိုက်ရင် သတင်းလွတ်လပ်ခွင့်ကို ထိခိုက်နိုင်တယ်။ အမှန်တရားကို ဖုံးကွယ်တာဖြစ်မယ်ဆိုပြီး ကျွန်တော်တို့က ထောင်ဒဏ်ကိုလည်း လက်မခံဘူး။ ငွေဒဏ်ကိုလည်း လက်မခံဘူး။ ဒါပေမဲ့ လာရောက်အားပေးကြတဲ့သူတွေက ငွေတွေစုပြီး ဒဏ်ငွေဆောင်ပေးလိုက်ကြတယ်" ဟု ၎င်းကရှင်းပြသည်။

၂၀၁၅ ခုနှစ် မေလ ၃ ရက်နေ့ထုတ် အဆိုပါဂျာနယ်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ခေါင်းဆောင် ဦးအောင်ခမ်းထီ၏ ၇၉ နှစ်ပြည့် မွေးနေ့နှင့် ရှင်ပြုအလှူပွဲအတွက် နောင်တရားဒေသရှိ ပြည်သူများသို့ တစ်အိမ်ထောင်လျှင် နှစ်ထောင်ကျပ်နှင့်လက်ဖက်ခြောက် (အချော) များ အချိုးကျထည့်ဝင်ကြရန် လက်နက်ကိုင်တံဆိပ်ပါ အမိန့်စာများဝေငှခဲ့ကြောင်း၊ ယင်းအဖြစ်မျိုး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလုံးတွင် ဖြစ်နေသည်ကို ဦးအောင်ခမ်းထီ သိပါရဲ့လား ဟုအဓိပ္ပာယ်သက်ရောက်သည့်ဆောင်းပါးတစ်ပုဒ်ကို အသုံးပြုခဲ့ခြင်းနှင့် ပတ်သက်၍ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီဆောင်းပါးဟာ အများပြည်သူတွေ သိသင့်တယ်ဆိုပြီးအသုံးပြုခဲ့တာပါ" ဟု ဦးခွန်ရာဇာက ပြောဆိုသည်။

ယင်းဆောင်းပါးအသုံးပြုခဲ့ခြင်းနှင့် ပတ်သက်၍ ဂျာနယ်အယ်ဒီတာချုပ် ဦးခွန်သန်းအောင်နှင့် တာဝန်ခံအယ်ဒီတာ ဦးခွန်ရာဇာတို့ကို နောင်တရားမြို့နယ် PNO ဒုဥက္ကဋ္ဌ ဦးခွန်သောင်းတင်က တရားလိုပြုလုပ်တိုင်ကြားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင်ပင်လောင်းမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ယင်းအမှုအတွက် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်အထိ ရုံးချိန်း ၃၇ ချိန်းရှိခဲ့ပြီးနောက် ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ အသရေဖျက်မှုမြောက်သည်ဟုဆိုကာ ပင်လောင်းမြို့နယ် တရားသူကြီးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ခမ်းသားငဝ်း (The People's Voice) ဂျာနယ်ထံမှ သိရသည်။ ■

# ရွှေပြည်သာအမှိုက်မီးရှို့စက်မှ လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်မည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရွှေပြည်သာမြို့နယ်၊ တောကျောင်းကလေးသုသာန်အနီး ဆောက်လုပ်နေသော စွန့်ပစ်အမှိုက်များမှ တစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်အမှိုက်မီးရှို့စက်မှ လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အကြီးတန်းအရာရှိ တစ်ဦးက ပြောကြားသည်။

ယင်းစက်ရုံကို ဂျပန်နိုင်ငံ JEF Engineering အဖွဲ့နှင့်စည်ပင်တို့ ပူးပေါင်းကာ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ၂၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ရာ လာမည့်နှစ်ဖြေတွင် လုပ်ငန်းစတင် လည်ပတ်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ယင်းစွန့်ပစ်အမှိုက်မီးရှို့စက်မှ ရရှိမည့်လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်အနက် ၄၀၀ ကီလိုဝပ်ကို စက်ရုံအတွက် ပြန်လည်အသုံးပြုမည်ဖြစ်ကာ ၃၀၀ ကီလိုဝပ်ကို မြို့တော်အတွက် ပြန်လည်အသုံးချသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ခန့်မှန်းကုန်ကျစရိတ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂သန်းရဲ့ တစ်ဝက်ကို ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကူညီပေးမှာပါ" ဟု ၎င်းက ဆိုသည်။

လက်ရှိရန်ကုန်မြို့တော်တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၆၀၀ ကျော်ထွက်ရှိပြီး ရွှေပြည်သာမြို့နယ်ရှိ စွန့်ပစ်အမှိုက်ပုံတွင် တန် ၅၀ ကျော်စွန့်ပစ်လျက်ရှိကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်အရသိရှိရသည်။ ■




## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ မြင်းခြံမြို့နယ် ရှားတောရွာမှာ နေထိုင်တဲ့ ဒေါ်ခွေးမက ကျန်းမာရေးမကောင်းလို့ မန္တလေးဆေးရုံကြီး သွေးရောဂါဌာနမှာ တက်ရောက်ကုသနေရတာပါ။ ပထမတစ်ခေါက် ဆေးရုံတက်တုန်းက အိမ်ဝိုင်းပေါင် လာတဲ့ပိုက်ဆံ ရှစ်သိန်း ဆေးကုရာမှာ ကုန်သွားလို့ ရောဂါမသက်သာဘဲ ဆေးရုံက ဆင်းခဲ့ရတယ်လို့ သိရပြီး ရောဂါပိုဆိုးလာတာမို့ ထပ်ပြီးဆေးရုံတက်နေရတာ ဖြစ်ပါတယ်။ ရွာက ဆေးကုဖို့ ကူလိုက်တဲ့ပိုက်ဆံလည်း ကုန်ပြီလို့ သိရပြီး ဆေး ဆက်လက်ကုသဖို့ အခက်အခဲဖြစ်နေရရှာတာပါ။ ကျန်းမာရေး အလှူပြုချင်တယ်ဆိုရင် One To One ပြည်သူ့ကူညီရေးအဖွဲ့ ကိုဝမ်း ၀၉ ၄၅၆၅၆၇၈၇၈၊ မောင်လူပျော် ၀၉ ၄၀၂၅၇၇၃၄၃ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ၂၀ ရာခိုင်နှုန်းလျှော့ပေးမယ့် Armani Exchange

Armani Exchange ရဲ့ ပထမဦးဆုံး အရောင်းဆိုင်ကို ရန်ကုန်မြို့ UHAGL မြန်မာပလာဇာမှာ စတင်ဖွင့်လှစ်လိုက်ပြီး နောက်ဆုံးပေါ် အဝတ်အထည်တွေ၊ ဖိနပ်တွေ၊ နာရီတွေ၊ အိတ်တွေနဲ့ ဖက်ရှင်ကျကျတွဲဖက်ဝတ်ဆင်နိုင်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို ရောင်းချပေးနေပါတယ်။

ကမ္ဘာတစ်ဝန်းက AX ဆိုင်တွေလို ၂၀၁၆ ခုနှစ်အတွက် ထွက်ရှိလာတဲ့ ဆောင်းရာသီဖက်ရှင် ဒီဇိုင်းအသစ်တွေကို မြန်မာပလာဇာက AE ဆိုင်မှာ ခင်းကျင်းရောင်းချပေးနေသလို အထူးပရိုမိုးရှင်းတွေလည်း ချပေးနေပါတယ်။

သီတင်းကျွတ်မီးထွန်းပွဲတော် အထူးအစီအစဉ်အဖြစ် Armani Exchange မှာ ပစ္စည်းတစ်ခုဝယ်ယူရင် ၂၀ ရာခိုင်နှုန်းလျှော့ပေးမှာပါ။ နှစ်ခုနဲ့အထက် ဝယ်မယ်ဆိုရင်တော့ ၄၀ ရာခိုင်နှုန်းလျှော့ပေးမှာလို့ ဆိုပါတယ်။ Promotion ကာလကို အောက်တိုဘာလ ၈ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ သတ်မှတ်ထားပြီး ကျပ် ၅ သိန်းနဲ့အထက် ဝယ်ယူသူတိုင်းကို Armani Exchange က အထူးလက်ဆောင်တွေ ပေးအပ်သွားဦးမှာပါ။

ဒါ့အပြင် Armani Exchange မန်ဘာကတ်တွေ (member card) လည်း ရရှိမှာဖြစ်ပါတယ်။ Armani Exchange နဲ့ ပတ်သက်တဲ့ အထူးအစီအစဉ် တွေ၊ နောက်ဆုံးပေါ်နိုင်ငံတကာဖက်ရှင်ဒီဇိုင်းတွေကိုသိရှိချင်တယ်ဆိုရင် www. facebook. com/myanmar.armaniexchange မှာ ဝင်ရောက်လေ့လာ နိုင်ပါတယ်လို့ သတင်းကောင်းပါးလိုက်ပါတယ်။ ■



**နိုင်ငံတကာ မျက်နှာစာ**

လက်ရှိ မြန်မာနိုင်ငံရဲ့အခြေအနေဟာ နိုင်ငံတော်အတိုင်ပင်ခံရဲ့ အမေရိကန်နဲ့ကုလသမဂ္ဂခရီးစဉ်အပြီးမှာ အများကြီး ပြောင်းလဲသွားခဲ့ပါတယ်။ ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ တတိယကော်မတီ အစည်းအဝေးမှာ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးဆိုင်ရာနဲ့ပတ်သက်လို့ဆုံးဖြတ်ချက် မတင်သွင်းတော့ဘူးလို့ အီးယူနဲ့ OIC ဘက်က ထုတ်ဖော်ပြောဆိုလာခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေ ဖယ်ရှားပေးဖို့ (အချို့ ကျန်နေသေး) ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မကြာသေးခင်ကပဲ သမ္မတအိုဘားမားက သမ္မတအုပ်ချုပ်ရေးအမိန့်နဲ့ ဖယ်ရှားပေးလိုက်ပါတယ်။

ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်လို့လည်း နိုင်ငံတော်အတိုင်ပင်ခံ ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ ဗဟိုကော်မတီ၊ ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်တွေ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာမှာ အခက်အခဲ အနည်းငယ် ရှိတာကလွဲလို့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်တဲ့ အနေအထားကို ရောက်ရှိနေပါတယ်။

**နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေး**

နိုင်ငံတော်အတိုင်ပင်ခံရဲ့ ဦးဆောင်မှုနဲ့ ရခိုင်ဗဟိုကော်မတီဟာ နိုင်ငံသားစိစစ်မှုလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ခဲ့ရာမှာ မြို့နယ်အချို့မှာ ခုခံမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို ဖိဖိစီးစီး အလေးထားပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

အဓိက အချက်က နိုင်ငံသားအခွင့်အရေးဆိုတာ နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်နဲ့အညီ ဆောင်ရွက်ပေးမှ ရနိုင်တာ ဖြစ်ပါတယ်။

လူ့အခွင့်အရေး အပြည့်အဝရရှိဖို့ အစဉ်တစိုက်တောင်းဆိုနေကြတဲ့ နိုင်ငံသားအခွင့်အရေးဟာ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့အညီ စိစစ်ပြီးမှ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီကြားကာလမှာ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ ထောက်ပံ့ကူညီမှုတွေ မပြတ်ရရှိစေအောင် ဂရုတစိုက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အပေါ်မှာ အစိုးရအပေါ် ပြစ်တင်ဝေဖန်မှုတွေ ရှိခဲ့ပါတယ်။

**နိုင်ငံရေးလှုပ်ရှားမှုများ**

ကိုဖီအာနန်ကော်မရှင်ကို အကြောင်းပြုပြီး နိုင်ငံရေးအရ ဆန့်ကျင်မှုတွေ၊ ဆန္ဒဖော်ထုတ်မှုတွေ၊ တောင်းဆိုမှုတွေ ရှိခဲ့ပေမယ့်လည်း ရခိုင်ပြည်နယ်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်လက်ပြီး တည်ရှိနေခဲ့ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတကာ ဖိအားပေးမှုတွေ လျော့ပါးသွားပြီး လူ့အခွင့်အရေးနဲ့ ပိတ်ဆို့အရေးယူမှုတွေ ပါးလျားသွားတဲ့ အနေအထားမှာ အခြေအနေဟာ အပြုသဘောဘက်ကို အားကောင်းနေပါတယ်။

**တရားမဝင်အဆောက်အအုံများ ကိစ္စ**

ရခိုင်ပြည်နယ်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင် မောင်တောက တရားမဝင် အဆောက်အအုံတွေကိစ္စကို ကိုင်တွယ်ဖို့ကြိုတင်သတင်းထုတ်ပြန်ခဲ့ပါတယ်။ တရားမဝင်အဆောက်အအုံ ၃၀၀၀ကျော် ရှိတယ်လို့ဆိုတယ်။

ပြီးခဲ့တဲ့လ ၂၃ ရက်နေ့မှာ တရားမဝင် ဗလီတွေမဖျက်ဖို့ နိုင်ငံတကာ ဘင်္ဂါလီ ၁၁ ဖွဲ့က ကြေညာချက်ထုတ်ပြီး ကန့်ကွက်ခဲ့ပါတယ်။

တည်ငြိမ်မှု တည်ဆောက်ဆဲ အခြေအနေအရ ဒီလိုစစ်ဆေးမယ့် လုပ်ငန်းစဉ်တွေ မလုပ်ဆောင်ဘဲ လောလောဆယ် ဆိုင်းငံ့ထားပြီး စိစစ်မှုတွေ စနစ်တကျ လုပ်ဆောင်စေခဲ့ရပါတယ်။

**မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု**

အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွေ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်




တစ်ရပ်အနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီထဲမှာ ရခိုင်ပြည်နယ်လည်း အပါအဝင် ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ဖမ်းဆီးရမိမှုကိုကြည့်ရင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ သိန်းကျော် (ဒေသပေါက်ဈေး ကျပ်သိန်းပေါင်း တစ်သိန်းနှစ်သောင်းကျော်) ဖမ်းဆီးရမိပြီး အရေးယူမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့အဓိက နေရာဒေသဟာ မောင်တောတစ်ဝိုက် ဖြစ်နေပါတယ်။

**အကြမ်းဖက် တိုက်ခိုက်မှု**

နံနက် အရုဏ်ဦး ဝေလီဝေလင်း Dawn Attack ကို နေရာ ၃ နေရာမှာ တစ်ပြိုင်နက်တည်း တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ Planned Attack ဖြစ်နိုင်တယ်လို့ ယူဆနိုင်ပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို တိုက်ခိုက် သတ်ဖြတ်ပြီး လက်နက်ခဲယမ်းတွေ ယူဆောင်သွားခဲ့ကြတာ ဖြစ်ပါတယ်။ ဒေသအခြေအနေ၊ နယ်မြေခံအနေအထား၊ တပ်ဖွဲ့ဝင်အင်အား ဒီအချက်တွေကို အခွင့်ကောင်းယူပြီး တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။

ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက် မတင်တော့ဘဲ ပယ်ဖျက်တော့မယ့် အနေအထားကို ဆွေးနွေးနေချိန် ဖြစ်ပါတယ်။

အမေရိကန်ရဲ့စီးပွားရေးပိတ်ဆို့မှုတွေ အားလုံးနီးပါး(အချို့ကျန်) ဖယ်ရှားလိုက်တဲ့အချိန် ဖြစ်ပါတယ်။

စစ်ရေးအရ မြောက်ပိုင်းမှာ တိုက်ပွဲတွေ ဖြစ်ပွားနေချိန် အနောက်ဘက်ပိုင်းမှာ တိုက်ခိုက်မှုတွေ ဖြစ်ပွားလာတာ ဖြစ်ပါတယ်။

**အကြမ်းဖက်တိုက်ခိုက်မှုဇာစ်မြစ်**

အထက်မှာ တင်ပြခဲ့တဲ့အချက်တွေနဲ့ ဆက်စပ်ပြီး စဉ်းစားသုံးသပ်ကြည့်မယ်ဆိုရင် ဇာစ်မြစ်ဟာ ဘာလဲ ဖတ်ရှုသူများ ကောက်ချက်ချနိုင်ပါလိမ့်မယ်။

ရဲတပ်ဖွဲ့ဝင်တွေ ခုလို အကြမ်းဖက်တိုက်ခိုက်ခံရမှုနဲ့ပတ်သက်ပြီး Security Survey ကို ဆောင်ရွက်လျက်ရှိပြီး လိုအပ်သလို အမြန်ဆုံး ဖြည့်တင်းပေးဖို့ ဆောင်ရွက်နေပါတယ်။

ကျဆုံးသွားတဲ့သူတွေအတွက်၊ ကျန်ရစ်သူ မိသားစုဝင်တွေအတွက် ထိထိရောက်ရောက် ထောက်ပံ့ကူညီပေးဖို့ နိုင်ငံတော်အတိုင်ပင်ခံက ညွှန်ကြားထားပါတယ်။

ဘယ်လိုအကြမ်းဖက် တိုက်ခိုက်မှုကိုမဆို လက်မခံဘဲ ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အကြမ်းဖက် တိုက်ခိုက်မှုတွေကို နှိမ်နင်းရာမှာ သတိကြီးကြီးထားပြီး ဆောင်ရွက်ဖို့ နိုင်ငံတော် အတိုင်ပင်ခံက လမ်းညွှန်ထားပါတယ်။

အရှင်ဖမ်းမိတဲ့ အကြမ်းဖက်တိုက်ခိုက်သူတွေကို စစ်ကြောဖော်ထုတ်ချက်တွေအရ ဆက်လက်ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနဲ့ တစ်ဆက်တည်း အရှိန်မြှင့်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

လိုအပ်ရင် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လောလောဆယ် တပ်မတော်လုံခြုံရေးအကူအညီအတွက် မူလရှိပြီးနယ်မြေခံတပ်တွေအပြင် တပ်မ တစ်မ ထပ်မံ ထည့်သွင်းထားပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း လိုအပ်ရင် လိုအပ်သလို

> **ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက် မတင်တော့ဘဲ ပယ်ဖျက်တော့မယ့်အနေအထားကို ဆွေးနွေးနေချိန် ဖြစ်ပါတယ်။**

ရေယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်တွေနဲ့ တပ်အင်အား အသုံးပြုခွင့်ပေးထားပြီး ဖြစ်ပါတယ်။

**တိုက်တွန်းချက်**

အရေးကြီးတာက အခုဖြစ်စဉ်မှာ အနောက်ဘက်ဒေသ မောင်တောဒေသမှာ ဖြစ်ပွားတဲ့ကိစ္စ သက်သက် ဖြစ်ပါတယ်။ ဒါဟာ အစွန်းရောက် အကြမ်းဖက်လူစုရဲ့ဆောင်ရွက်ချက်ဖြစ်တယ် ဆိုတာကို သတိပြုဖို့ လိုပါတယ်။ ဒီလူစုကို အားလုံးက ဆန့်ကျင်ရမှာပါပဲ။ တိုက်ဖျက်ရမှာပဲ ဖြစ်ပါတယ်။

ဒီအပေါ်မှာ ပြည်သူအားလုံး(ပြည်သူအားလုံး)က အကြမ်းဖက်ဝါဒကို အားမပေးဖို့၊ ဆန့်ကျင်ဖို့ လိုပါတယ်။ အခြား မလိုလားအပ်တဲ့ ပဋိပက္ခတွေ ကူးစက်ပြန့်ပွားမှုမဖြစ်စေဖို့ နိုင်ငံသားအားလုံးက သတိကြီးကြီး ထားကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အပိုင်း၊ တပ်မတော်အပိုင်းကတော့ လုပ်သင့်လုပ်ထိုက်တာ၊ လုပ်ဖို့ လိုအပ်တာ အားလုံးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

အမြော်အမြင်ရှိရှိ၊ သတိရှိရှိ၊ တာဝန်သိသိ သုံးသပ်နိုင်ဖို့ တင်ပြလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

**မျိုးဇော်**








ဒီမိုကရေစီစနစ်ဆိုတာ ခက်ခဲလှတဲ့ နိုင်ငံရေးစနစ်တစ်ခုပါ။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် လက်ရှိကမ္ဘာပေါ်မှာ ကျင့်သုံးနေကြတဲ့ နိုင်ငံရေးစနစ်တွေအထဲမှာ ဒီမိုကရေစီစနစ်ကို ကိုင်တွယ်ကျင့်သုံးတဲ့အစိုးရနဲ့ ပြည်သူတွေအတွက် လွယ်ကူတဲ့စနစ်မဟုတ်လို့ ပါပဲ။ သူ့မှာ အခြားကွန်မြူနစ်စနစ်တို့၊ တစ်ပါတီအာဏာရှင်စနစ်တို့လို တစ်ဦးတစ်ယောက်ရဲ့အာဏာတွေ၊ တစ်ချက်လွှတ်အမိန့်တွေ၊ ညွှန်ကြားချက်တွေနဲ့ပဲ အုပ်ချုပ်လုပ်ကိုင်ကြရတာမျိုးမဟုတ်ဘဲ မဏ္ဍိုင်တွေ ခွဲထားပြီး အချင်းချင်း အပြန်ပြန်အလှန်လှန် ထိန်းကျောင်းကြရတဲ့စနစ်တွေ ရှိနေလို့ပဲဖြစ်ပါတယ်။ ဒီအတွက်ပဲ ပြောရရင်အစိုးရတစ်ရပ်အနေနဲ့ အခြားစနစ်တွေလို သူ့စိတ်ထင်တိုင်း သူ့သဘောနဲ့သူ လုပ်ကိုင်ဆောင်ရွက်လို့ မရသလို အခြားဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်တို့နဲ့ပါ ပေါင်းစပ်ပြီးမှ တင်ပြ၊ အတည်ပြုချက် ရယူကြရတာမျိုး ရှိနေတတ်ကြသလို ဒါကို မြေပြင်မှာ အကောင်အထည်ဖော် လုပ်ဆောင်ကြတဲ့အခါမှာလည်း ပြင်ပကအစိုးရထဲမှာမပါဝင်တဲ့ စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ မီဒီယာတွေ၊ နောက်ပဉ္စမမဏ္ဍိုင်လို့ခေါ်တဲ့ ပြည်သူနဲ့အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကလည်း စောင့်ကြည့်ပြီး အားလုံးသဘောတူမှဆောင်ရွက်ကြရတာမျိုး၊ ဥပဒေနဲ့မညီဘဲ လုပ်ကိုင်ဆောင်ရွက်ကြတာတွေရှိရင်လည်း ချက်ချင်းအရေးယူခံကြရတာမျိုးတွေကို ဆိုချင်တာပါ။

သည့်အတွက်ဆိုရလျှင် ဒီမိုကရေစီစနစ်ဆိုသည်မှာ အုပ်ချုပ်သူအစိုးရဘက်မှလည်း စည်းလွတ်ဝါးလွတ်အုပ်ချုပ်လို့မရသလို ပြည်သူတွေဘက်ကလည်း ဥပဒေမဲ့စည်းလွတ်ဝါးလွတ် လိုက်ပါပြုကျင့်လို့မရဘူးဆိုတာကို ဆိုလိုလိုရင်းသာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒသဘောထားတွေနဲ့အညီ ဥပဒေပြုရေးမဏ္ဍိုင်ဘက်က ပြုစုရေးဆွဲပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို အစိုးရအုပ်ချုပ်ရေးဘက်ကသူတွေက လိုက်ပါအကောင်အထည်ဖော်ပေးရမယ်။ ဒီအပေါ် အုပ်ချုပ်သူတွေဘက်ကရော ပြည်သူတွေကပါ လိုက်နာရပါတယ်။ ဒီလိုမလိုက်နာတဲ့အချက်တွေတွေ့ရင် မီဒီယာတွေက စောင့်ကြည့်ပြီး ဖော်ထုတ်တင်ပြကြတဲ့အခါ တရားရေးမဏ္ဍိုင်ကလည်း တိတိပပ အရေးယူကြရမယ်။ ဒီလိုလုပ်ဆောင်တဲ့ဆောင်ရွက်ချက်မှန်သမျှဟာလည်း ပွင့်လင်းမြင်သာမှု ရှိနေကြရပါမယ်။

> **ဒီမိုကရေစီစနစ်ဆိုသည်မှာ အုပ်ချုပ်သူအစိုးရဘက်မှလည်း စည်းလွတ်ဝါးလွတ်အုပ်ချုပ်လို့မရသလို ပြည်သူတွေဘက်ကလည်း ဥပဒေမဲ့စည်းလွတ်ဝါးလွတ် လိုက်ပါပြုကျင့်လို့မရဘူးဆိုတာကို ဆိုလိုလိုရင်းသာဖြစ်ပါတယ်။**

ဒီအချက်လေးအပေါ် မြင်သာအောင် ဥပမာလေးတစ်ခုနဲ့တင်ပြချင်ပါသေးတယ်။ ဒါကတော့ အခြားနိုင်ငံတွေမှာ ဖော်ဆောင်ပေးနေကြတဲ့ စနစ်ပါ။ မသန်စွမ်းသူတွေရဲ့အခွင့်အရေးအတွက် သူတို့ရဲ့တောင်းဆိုမှုတွေအပေါ် လွှတ်တော်က ဥပဒေပြုပေးထားတာကို အုပ်ချုပ်ရေးဘက်က ဌာနတွေက သူတို့သွားမယ့်လမ်း၊ တက်မယ့်နေရာ၊ ထိုင်မယ့်ထိုင်ခုံကအစ မြို့ပြစနစ်အတွင်းမှာ ထည့်သွင်းတည်ဆောက်ပေးကြရတယ်။ ဒီအပေါ်မှာလည်း မသန်စွမ်းသူတွေနဲ့ အခြားပြည်သူတွေကပါ စနစ်တကျလိုက်ပါသွားလာကျင့်ကြံကြရပါတယ်။ လမ်းတွေ၊ အဆောက်အအုံတွေမှာ ပြုလုပ်ထားပေးတဲ့ အမှတ်အသားတွေ၊ သင်္ကေတတွေ၊ လမ်းကြောင်းပြဆောက်လုပ်ထားပေးတဲ့အရာတွေအပေါ် လိုက်နာသုံးစွဲပြုကျင့်ကြရပါတယ်။ ဒီအပေါ် အုပ်ချုပ်သူတွေဘက်က မဖော်ဆောင်ပေးတာဘဲဖြစ်ဖြစ်၊ ပြည်သူတွေက မလိုက်နာတာဘဲဖြစ်ဖြစ် ဥပဒေအတိုင်း အရေးယူခံကြရမယ်။ ဒါကို ဆိုလိုခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒီမိုကရေစီရချင်ရင် ဒီမိုကရေစီစနစ်ရဲ့ စံနှုန်းတွေကို အရင်ဆုံးနားလည်အောင် ကြိုးစားသင်ယူကြရပါမယ်။ ဒီမိုကရေစီစနစ်ရဲ့အခြေခံမှုတွေဖြစ်တဲ့ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း၊ တာဝန်သိခြင်း၊ တာဝန်ရှိခြင်းဆိုတာတွေအပြင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုတွေလည်း လူတစ်ဦးချင်းတစ်ဦးချင်းစီမှာ စောင့်ထိန်းလိုက်နာတတ်ကြဖို့ လိုလာပါတယ်။ သာမန်ပြည်သူတစ်ဦး နိုင်ငံသားတစ်ဦးဆိုရင်လည်း နိုင်ငံသားတစ်ဦး လိုက်နာရမယ့်တာဝန်တွေကို သိရှိကြပြီး မိမိလုပ်တဲ့အလုပ်ကိုမိမိတာဝန်ယူတတ်တာ။ မိမိလိုက်နာစောင့်ထိန်းရမယ့် ဥပဒေတွေအပေါ် တာဝန်သိသိနဲ့လိုက်နာပြီး မိမိကိုယ်တိုင်လည်း တိုင်းပြည်အတွက် ငါ့မှာလည်း တာဝန်ရှိပါလားဆိုတဲ့ နိုင်ငံရေးအသိတွေရှိလာကြရမှာဖြစ်ပါတယ်။ မိမိတို့ နေ့စဉ်သွားလာ၊ လုပ်ကိုင်၊ ရောင်းဝယ်ဖောက်ကား၊ ပြောဆိုနေကြတဲ့နေရာတိုင်း ကိုယ်စီအတွက် သူနဲ့ပတ်သတ်တဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိထားပြီးသားတွေ ရှိနေကြပါတယ်။ ဒါတွေအပေါ် မိမိတို့အနေနဲ့က သိရှိလိုက်နာစောင့်ထိန်းတတ်ရမှာဖြစ်ပါတယ်။ ကားမရပ်ရဘူးလို့ မျဉ်းအနီနဲ့အဖြူ ဆွဲထားတဲ့နေရာမှာ ကားမရပ်ရင် ဒါဟာ စည်းကမ်းလိုက်နာတာပါပဲ။ တစ်ဖက်က အစိုးရနိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ကားမရပ်ရဆိုတဲ့နေရာမှာ ကားရပ်ရင်ဥပဒေအရ မဆိုင်းမတွ သူစိမ်းသူကျက်မရွေး အရေးယူအပြစ်ပေးတတ်ကြရမယ်။ ဒီလိုတွေ နှစ်ဦးနှစ်ဖက်က စည်းကမ်းတွေကို လိုက်နာတတ်လာမယ်၊ စောင့်ထိန်းတတ်လာမယ်ဆိုရင် သူ့စည်းကိုယ့်စည်းလုံလို့ နိုင်ငံလည်း သန့်ရှင်းသာယာနေပါလိမ့်မယ်။

လမ်းဆုံလမ်းခွတွေမှာ မီးစိမ်းမှ ကိုယ်စီ ကူးလူးသွားလာကြမယ်ဆိုရင် ယာဉ်ထိန်းရဲ မလိုတော့ပါဘူး။ အစိုးရဘက်ကလည်း လူသွားလမ်းကို လူသွားလမ်းနဲ့တူအောင် ဥပဒေပြဋ္ဌာန်းချက်တွေပါအတိုင်း စက်ဘီးလမ်း၊ မသန်စွမ်းသူတွေအတွက်လမ်းနဲ့ သာမန်လူတွေသွားရမယ့်လမ်း စတဲ့အရာမျိုးတွေကို တိတိကျကျ အကောင်အထည်ဖော်ပေးရမယ်၊ စောင့်ကြည့်ရမယ်၊ ပညာပေးရမယ်၊ အရေးယူရမယ်၊ လမ်းဘေးဈေးသည် မရှိရမယ့်နေရာမှာ မရှိစေရဘူး။ ဒီတော့ သူ့တာဝန်၊ ကိုယ့်တာဝန်တွေကို အပြန်ပြန်အလှန်လှန်လိုက်နာပြီး လူ့ဝန်းကျင်မှာ အေးချမ်းသာယာနေတာ ဒါဟာ အမှန်တကယ်တော့ ဒီမိုကရေစီ ရတာပါပဲ။ ကျွန်တော်တစ်ဦးတည်းရဲ့အမြင်နဲ့ပြောရရင်တော့ ဒီမိုကရေစီရဲ့အရသာ အပြည့်အဝရရှိခြင်း၊ မရရှိခြင်း၊ ခံစားကြရခြင်း၊ မခံစားကြရခြင်း ဆိုတဲ့အဖြေဟာ နိုင်ငံတော်အစိုးရတစ်ဦးတည်းအပေါ်မှာပဲ မူတည်နေတဲ့အရာမျိုးမဟုတ်ဘဲ ကျွန်တော်တို့ပြည်သူတွေအပေါ်မှာလည်း မူတည်နေပါတယ်လို့ပြောရမှာပဲဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ နိုင်ငံတစ်ခုကို စနစ်တစ်ခုအပေါ် ရောက်အောင် ပြောင်းလဲတည်ဆောက်ကြတဲ့နေရာမှာ အစိုးရကပဲ ပြုပြင်ပြောင်းလဲကြတယ်ဆိုတာထက် ပြည်သူတွေကလည်း လိုက်ပါပြုပြင်ပြောင်းလဲကြဖို့လိုတာကို ဆိုလိုရင်းဖြစ်ပါတယ်။

ဒါကတော့ အနီးစပ်ဆုံးဥပမာအချို့ကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်သလို ဆိုလိုတာကတော့ ကျန်တဲ့နိုင်ငံ့ရေးရာ အဖြာဖြာသောကိစ္စရပ်တိုင်းမှာလည်း သူ့ဘက်ကိုယ့်ဘက် ကိုယ်စီတာဝန်တွေ ကျေပွန်ကြရင်၊ လိုက်နာကြရင် ဒါဟာ ဒီမိုကရေစီ ရနေတာပါပဲ။ ဒီမိုကရေစီဆိုတာ စည်းကမ်းရှိခြင်း၊ တရားမျှတခြင်း၊ မိမိအလုပ်ကို တာဝန်သိခြင်း၊ ဘာလုပ်လုပ် ပွင့်လင်းမြင်သာမှုရှိခြင်း စတဲ့အရာတွေကို အခြေခံထားတာဖြစ်ပါတယ်။ စကားပြောဆိုတာပဲဖြစ်ဖြစ်၊ စာရေးတာပဲဖြစ်ဖြစ်၊ နိုင်ငံရေးလုပ်တာပဲဖြစ်ဖြစ် မိမိတို့နိုင်ငံသားတစ်ဦးချင်း စောင့်ထိန်းရမယ့် ပြည်ထောင်စုမပြိုကွဲဖို့၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးဖို့၊ အချုပ်အခြာအာဏာကို မထိခိုက်ဖို့၊ ဘာသာရေး၊ လူမျိုးရေးတွေ မထိခိုက်ဖို့သာတွေးပြီး ပြောဆိုမယ်၊ ရေးသားမယ်၊ လုပ်ဆောင်မယ်ဆိုရင် ဒါဟာ ဒီမိုကရေစီရတာပါပဲ။ မိမိအတွက်လည်း အန္တရာယ်မကျရောက်စေသလို လူ့ဝန်းကျင်နဲ့ နိုင်ငံတော်အတွက်လည်း တိုးတက်ဖြစ်ထွန်းစေမှုကို တစ်ဖက်တစ်လမ်းက အားပေးရာ ကူညီရာ အထောက်အပံ့ပေးရာ ရောက်စေတာပါပဲ။

အလားတူပါပဲ။ အခြားနယ်ပယ်အသီးသီးအတွက် ပြောကြရမယ်ဆိုရင်လည်း နိုင်ငံ့ဝန်ထမ်းတွေဆိုရင်လည်း သူ့မှာ လိုက်နာရမယ့်စည်းကမ်း၊ စောင့်ထိန်းရမယ့်ကျင့်ဝတ်နဲ့ ထမ်းဆောင်ရမယ့်တာဝန်တွေကို ဥပဒေ၊ နည်းဥပဒေ၊ လက်စွဲစာစောင် စတာတွေနဲ့ အသီးသီးပြဋ္ဌာန်းသတ်မှတ်ထားပေးပါတယ်။ ဒီလိုပြဋ္ဌာန်းချက်တွေအပေါ်ကို နိုင်ငံ့ဝန်ထမ်းတွေကိုယ်စီက သိရှိအောင်ကြိုးစားကြပြီး မိမိ ဘာလုပ်ရမယ်၊ ဘာစောင့်ထိန်းရမယ်၊ ဘာတာဝန်တွေ ရှိနေတယ်ဆိုတာတွေကို သိရှိလိုက်နာကြရမှာပဲဖြစ်ပါတယ်။ ဒီလိုပါပဲ သတင်းမီဒီယာသမားတွေအနေနဲ့လည်း ကိုယ်စီကိုယ်စီ လိုက်နာရမယ့် မီဒီယာကျင့်ဝတ်တွေကိုလိုက်နာပြီး ရေးသားကြ၊ ဖော်ပြကြမယ်ဆိုရင် စာနယ်ဇင်းလွတ်လပ်ခွင့် ရှိနေ ရနေကြမှာပါပဲ။ ဒါမှမဟုတ်ပါဘဲ ပြည်ထောင်စုကြီး ပြိုကွဲအောင်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပြိုကွဲအောင်၊ ဘာသာရေး၊ လူမျိုးရေးတွေ သွေးကွဲအောင် ဇောင်းပေးပြီး ရေးသားဖော်ပြကြမယ်ဆိုရင်တော့ ဒီအပေါ်မှာ ဒီမိုကရေစီရကြသေးမှာ မဟုတ်သေးပါဘူးလို့ပဲ ပြောကြရမှာ ဖြစ်ပါတယ်။

ဆိုလိုရင်းကတော့ နိုင်ငံသားတိုင်းက ကိုယ်စီကိုယ်စီ ဥပဒေတွေပါပြဋ္ဌာန်းချက်တွေကို လိုက်နာကြမယ်၊ စောင့်ထိန်းကြမယ်ဆိုရင် အစိုးရဘက်ကလည်း ယခင်ထက်ပိုပြီး တင်းကျပ်တဲ့ စည်းကမ်းတွေ၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေ ထုတ်ဖို့ရှိနေမှာ မဟုတ်ပါဘူး။ စည်းကမ်းတို့၊ အမိန့်တို့ဆိုတာ လိုက်နာကြဖို့လိုတဲ့အခါမှသာ ထုတ်လေ့ရှိတာကိုလည်း လေ့လာခဲ့မိသလို သူ့အထဲမှာ ခွဲခြမ်းကြည့်လိုက်ရင် လုပ်ပါဆိုတဲ့ တိုက်တွန်းချက်နဲ့ မလုပ်ပါနဲ့ဆိုတဲ့ တားမြစ်ချက်တွေ ပါလေ့ရှိပါတယ်။ လုပ်ပါဆိုတဲ့အချက်တွေကို လိုက်နာစောင့်ထိန်းပြီးလုပ်ခဲ့ရင်တော့ ဘာမှမဖြစ်ပေမယ့် မလုပ်ပါနဲ့ဆိုတဲ့ တားမြစ်ချက်တွေကို ဖောက်ဖျက်ခဲ့မိကြတဲ့အခါမှာတော့ ပြစ်မှုပြစ်ဒဏ်တွေ တွဲပါလာခဲ့တတ်တာကိုလည်း တွေ့ရှိကြရမှာပါ။

ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့ဖူးသလို လွတ်လပ်ရေးရပြီဆိုပြီး လမ်းမပေါ်တက်စပါးလှမ်းနေလို့ မရကြပါဘူး။ ဆိုလိုတာကတော့ ဒီမိုကရေစီဖော်ဆောင်မယ့် နိုင်ငံရေးပါတီတွေ အနိုင်ရပြီ။ ဒီမိုကရေစီခေတ်ရောက်ပြီဆိုပြီး ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ပြောချင်ရာပြောနေကြမယ်၊ လုပ်ချင်ရာလုပ်နေကြမယ်၊ ရေးချင်ရာရေးနေကြမယ်၊ ဖော်ပြချင်တိုင်း ဖော်ပြနေကြမယ်ဆိုရင်လည်း ဒါဟာ ဒီမိုကရေစီ ရနေတာမျိုး မဟုတ်ပါဘူးဆိုတာကို သတိချပ်ရမှာဖြစ်ပါတယ်။ အမှန်တော့ ယနေ့ဒီမိုကရေစီရနေကြပြီဆိုတဲ့ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေဖြစ်တဲ့ အနောက်နိုင်ငံတွေကို ကျွန်တော်ရောက်ရှိချိန် လေ့လာကြည့်တဲ့အခါ တရားဥပဒေကို ပြည်သူတွေက လေးလေးစားစား လိုက်နာကြတာ၊ အစိုးရကလည်း မျှမျှတတနဲ့ အစိမ်းအကျက်မရွေး အရေးယူတာ၊ စည်းကမ်းစနစ်တကျရှိကြတာကို အထူးတွေ့ခဲ့ရပါတယ်။ ဒါ့အပြင် အဲ့ဒီ ဒီမိုကရေစီသက်တမ်းရင့်နိုင်ငံတွေမှာတောင် ဒီနေ့အချိန်အထိ စည်းကမ်းမဲ့တာ၊ ဆူပူတာ၊ အကြမ်းဖက်တာ၊ ဥပဒေမဲ့ဆောင်ရွက်တာတွေကိုတော့ သက်ညှာမှု မရှိကြတာကိုလည်း ယှဉ်တွဲတွေ့နေရတာပါပဲ။

အခြားတစ်ဖက်ကပြောရမယ်ဆိုရင်လည်း ဒီလိုဒီမိုကရေစီစနစ်ကို အမှန်တကယ် အကောင်အထည်ပေါ်အောင် ပြည်သူတွေအနေနဲ့ ဒီမိုကရေစီရဲ့အရသာကို အပြည့်အဝ ခံစားကြရအောင် လုပ်ဖို့ဆိုရင် အစိုးရအပေါ်မှာပဲ လုံးလုံးတာဝန်ရှိပြန်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် အစိုးရအနေနဲ့လည်း ဒီစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုရင် ပြည်သူတွေပါဝင်လာအောင် လုပ်ပြနိုင်ဖို့လိုလာပါတယ်။ တရားဥပဒေစိုးမိုးမှုအပိုင်းတွေကို တိတိကျကျ လျှင်လျှင်မြန်မြန် မျှမျှတတ ဖြစ်အောင် တိုက်တွန်းရမယ်၊ ကြပ်မတ်ရမယ်၊ စစ်ဆေးရမယ်၊ လုပ်ပေးရမယ်၊ ပြဋ္ဌာန်းဥပဒေတွေပါ ပြဋ္ဌာန်းချက်တွေအတိုင်း ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးရမယ့်လုပ်ငန်းအမြောက်အမြားကို အကောင်အထည်ဖော်ပေးတာ၊ ပြည်သူတွေ သက်သာချောင်ချိမှုဖြစ်အောင် အရင်လုပ်ပေးဖို့လိုပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးပြောထားသလို ကိုယ့်လုပ်ငန်းအောင်မြင်ချင်တယ်ဆိုရင် ကိုယ်က လုပ်ပေးရမယ့်အပိုင်းတွေကို အရင် စလုပ်ပေးတတ်ဖို့ လိုလာပါတယ်။ စည်းကမ်းနဲ့ သက်သာချောင်ချိမှုဟာ Balance ညီရပါမယ်။ မိမိအစိုးရအပေါ် ပြည်သူလူထု ပါဝင်လာစေချင်တယ်ဆိုရင် ပြည်သူလူထုအတွက် အရင်စလုပ်ပေးရပါမယ်။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်းတွေအရပြောရမယ်ဆိုရင် ပြည်သူလူထုမပါဝင်တဲ့ ဘယ်စနစ်မှ မအောင်မြင်နိုင်ဘူးဆိုတာ သက်သေတွေ အထင်အရှားရှိနေပါတယ်။

အချုပ်အားဖြင့်ပြောရမယ်ဆိုရင်တော့ ဒီကနေ့မှာ ဒီမိုကရေစီစနစ်ကို သွားမယ်၊ အဂတိတရား ကင်းအောင်လုပ်မယ်၊ အကျင့်ပျက်လာဘ်စားမှုတွေ ပပျောက်အောင် ထိထိရောက်ရောက် လုပ်မယ်၊ တိုင်းပြည်တိုးတက်အောင်လုပ်မယ်လို့ ဆိုထားတာနဲ့အညီ အမှန်တကယ်လည်း အပြောနဲ့အလုပ်ညီအောင် လုပ်ပြကြဖို့ အထူးလိုလာပါတယ်။ ပြည်သူတွေအနေနဲ့လည်း ရှင်ကြီးဝမ်းထဲလည်း ဝင်ခဲ့ဖူးသလို ရှင်ငယ်ဝမ်းထဲလည်း ဝင်ခဲ့ဖူးတာဖြစ်တဲ့အတွက် နှစ် ၅၀ ကျော်အတွေ့အကြုံ ရှိထားကြတော့ သူတို့မှာ သံသယတွေ ရှိနေပါတယ်။ ဒီအတွက် စောင့်ကြည့်နေကြပါတယ်။ ပြည်သူတွေ စောင့်ကြည့်နေတဲ့နည်းတူ နိုင်ငံတကာကလည်း စောင့်ကြည့်လေ့လာနေကြတဲ့ အချိန်အခါပါ။ ဒါပေမဲ့လည်း ကျွန်တော်တို့အားလုံးသတိချပ်ကြရမယ့်အရာကတော့ ဒီအချိန်ဟာ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်ဖို့ အကောင်းဆုံးအချိန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ကပါ ဝိုင်းဝန်းကြိုးစားကြပါမှ တော်ကာကျမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကို အပြည့်အဝမရသေးမီမှာ ဒီမိုကရေစီရပြီးမှ လုပ်ရမယ့်အလုပ်တွေ မလုပ်မိဖို့ အထူးလိုအပ်လာမှာဖြစ်ကြောင်းနဲ့ ကိုယ်ကျိုးအတ္တတွေကို ရှေ့တန်းမတင်ကြဖို့တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ရန်ကြီးအောင် (ဥပဒေ)**

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

အယ်ဒီတာ

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၂၆)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ ပြောခဲ့တာ ကိုယ့်ဘဝမှာ ကြုံတာလေးတွေကို အမှတ်တရ ရှိတာလည်းပါတယ်။ အမှတ်တရ ရှိရုံတင်မကဘူး။ ဒီကြုံလာတဲ့ အမှတ်တရ ရှိတာတွေကတော့ အများကြီးပေါ့လေ။ ဒီအမှတ်တရ ရှိတဲ့အထဲက အဲ့ဒီတုန်းက ကိုယ့်မှာအသိလေး ဘာလေးတိုးလဲ။ စိတ်ထားလေး ဘယ်လိုပြောင်းသွားသလဲ။ မကောင်းရာကနေ ကောင်း သွားတာမျိုးပေါ့။ အသိတရားလေးတိုးလာတာမျိုး။ အဲ့ဒါလေးတွေကို ပြောပေးနေတာ။ အဲ့ဒီလို ပြောပေးတဲ့အခါ ဘာပြောမယ် ဘာပြောမယ် ဆိုတာတော့ စီကာစဉ်ကာတော့ မရှိဘူးပေါ့လေ။ ကြုံတာလေးတွေ ပြောပြောပေးရတာ။ ဒါပေမဲ့ တစ်ခါတလေကျတော့လည်း စိတ်ထဲပြောလိုတာလေးတွေ ပေါ်လာရင်တော့ တေးထား မှတ်ထားတာ ရှိတာပေါ့။ အဲ့လိုစိတ်ထဲ တေးထား မှတ်ထားတာလေးတွေက အခုလိုကြုံတဲ့အခါ ပြန်ပြန်ပေါ်လာတယ်။ စောစောကပဲ ပြောမိတဲ့ဟာလေး ပြောချင်တယ်။ ဘုန်းဘုန်းတို့က စစ်ကိုင်း ဧရာဝတီမြစ်ကမ်းရဲ့အနောက်ဘက်ဘေးမှာ နေတယ်။ ဒီလိုနွေအခါဆို ပိုပြီးတော့ အဲ့ဒီအတွေ့အကြုံလေးရှိတယ်။

နွေဆိုရင် ရာသီဥတုက ပူတာကိုး။ ပူတော့ ရေချိုးကြတယ်။ ဘယ်အချိန်ချိုးလဲဆို နေကျချိန်မှ ချိုးတယ်။ ရှေးတုန်းကလည်း ရှိပါတယ်။ ရာသီဥတုက ပူလာတော့ ၁၀ နာရီကနေ ညနေ ၃ နာရီ၊ ၄ နာရီအထိ အပြင်မထွက်ကြနဲ့ဟော့လို့ လူကြီးသူမတွေက ပြောကြတာပဲ။ အဲ့ဒီကျတော့ မထွက်ကြဘူး။ ဘယ်အချိန်ကျမှ ရေချိုးကြတုံးဆို ၅ နာရီလောက် နေ စစ်ကိုင်းတောင်ရိုးနဲ့ ကွယ်သွားပြီ။ ဘုန်းဘုန်းတို့အရပ်ဆိုရင်တော့ လေးကျွန်းမာရ်အောင်ကတော့ အောက်မှာရှိတာပေါ့လေ။ ရှင်ပင်သံကိုင်းတောင်တို့ ကြုံခင်းချောင်ရှိတဲ့တောင်တို့ အဲ့ဒီတောင်တွေနဲ့ ကွယ်သွားရင် နေလုံးကြီးက အဲ့ဒီမှာမေးလိုက်တာနဲ့ မြစ်ထဲမှာ အရိပ်ကျလာရင် ရပ်ထဲရွာထဲ ကလေးတွေရော လူကြီးတွေရော မြစ်ဆိပ် ရေချိုးဆင်းကြတာပေါ့။ ပူတာ အိုက်တာကိုး ရေချိုးဆင်းကြတယ်။ ရေစိမ်ကြတယ်၊ ရေကူးကြတယ်။ ဒါပေမဲ့ အဲ့ဒီလိုအချိန်မှာ ဘုန်းဘုန်းက ဘာရှိနေတုံးဆိုတော့ ထမင်းဟင်း ချက်နေရတာ။ ညနေစောင်း ကျောင်းကပြန်လာရင် ထမင်းဟင်းချက်ပေးရတာ များတယ်။ မှတ်မိပါသေးတယ် ဒီ ကိုးတန်း၊ ဆယ်တန်းလောက်ပဲ။ အဲ့ဒီအချိန်ဆိုလည်း ထမင်းဟင်းက ချက်နေပါတယ်။ ဘုန်းဘုန်းတို့အဖေ ခမည်းတော်ကြီးက ခရီးထွက်ပြီးတော့ အလုပ်လုပ်ရတဲ့အလုပ် လုပ်တယ်။ တစ်လနှစ်လတင် ကြာတာမဟုတ်ဘူး ခြောက်လ၊ ခုနစ်လ၊ ရှစ်လ အဲ့ဒီလိုကြာတာ ခရီးထွက်ရတာ။ အဲ့ဒီတော့ ဘယ်သူပဲရှိလဲ အမေပဲရှိတယ်။

ဆင်းရဲတဲ့အချိန်ပေါ့။ ဆယ်တန်းလောက်အထိက ဆင်းရဲတယ်။ အင်ဂျင်နီယာကျောင်း တက်နေတော့လည်း ဆင်းရဲတာပါပဲ။ ငါးတန်းလောက်ထိက ချမ်းသာတယ်။ ငါးတန်းနောက်ပိုင်းကျတော့ ဆင်းရဲလာတယ်။ ညီအစ်ကို မောင်နှမတွေကလည်းပဲ အဲ့ဒီတုန်းကတော့ ခြောက်ယောက်လောက်ရှိတယ် ထားပေါ့လေ။ ခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိတယ်ထား။ ဒီခြောက်ယောက် ခုနစ်ယောက်လောက် စားဖို့ကိစ္စ အမေ့ကိုကူပြီး ထမင်းဟင်းချက်ရတယ်။ နောင်ကျတော့ အမေက သူ့ကိစ္စနဲ့သူ စီးပွားရှာရင် ဘုန်းဘုန်းကိုယ်တိုင်ပဲ ထမင်းဟင်း ချက်ရတယ်။ နွေကလည်းပူတယ် ကိုယ့်စိတ်ထဲဖြစ်တာကို ပြောရရင် အဲ့ဒီနွေအခါကို ညနေပိုင်း ထမင်းချက်ရတာ၊ ဆောင်းတွင်းကို မနက်အစောကြီးထပြီး ထမင်းချက်ရတာရယ် စိတ်ထဲမှာတော့ ဖြစ်မိတာပေါ့။ မလုပ်ချင်ဘူးပေါ့။ အခုနွေဆိုလည်း ဒီလောက်ပူနေတာ ကျက်ကျက်ပူနေတာ မီးကမွှေးရသေး။ ထမင်းအိုးတည်မယ် ဟင်းအိုးတည်မယ် လုပ်ရကိုင်ရတာ ဘယ်လောက်ပူလောင်နေမလဲ တွက်ကြည့်ပေါ့။ ဒါပေမဲ့လို့လုပ်ပါတယ်။ စိတ်မပါတပါ လုပ်တဲ့အလုပ်မျိုးတော့ မရှိပါဘူး။ အလုပ်တစ်ခု မလုပ်ခင်ကသာ စဉ်းစားတယ်။ လုပ်မယ်လို့ စဉ်းစားဆုံးဖြတ်ပြီးရင်တော့ စိတ်ပါလက်ပါပဲ လုပ်တာများတယ်။

ထားပါလေ ညီအစ်ကိုမောင်နှမတွေ ခြောက်ယောက်လောက်ရှိ ခုနစ်ယောက်လောက်ရှိ။ ဒါကလည်း ကိုယ်ကအကြီးဆုံး။ အမေကတော့လည်း အမေ့အနေနဲ့ပြောရင် အဖေလို့ခေါ်တဲ့ သူ့ခင်ပွန်းယောကျ်ားကလည်း တစ်နယ်တစ်ကျေး ရောက်နေတယ်။ စိတ်ထဲမှာ ပင်လည်းပင်ပန်းမယ်။ တစ်ခုတော့ရှိတယ် အမေကအားပေးတယ် အမေကချစ်တယ် အမေကလက်တွဲတယ်။ အမေက သားအားကိုးပါတယ်လို့ ပြောတော့ စိတ်ထဲမှာ ဖြစ်မိတာပေါ့။ ကျေနပ်တာပေါ့၊ မိဘက အားကိုးတယ်ဆိုတော့။ ဒါပေမဲ့ ဒီ ၁၄၊ ၁၅၊ ၁၆ ကျတော့လည်း စိတ်ကလည်း ကယောင်ချောက်ချား ဖြစ်တဲ့အရွယ်။ ဟို တွေးချင်ရာတွေးတတ်တဲ့ အရွယ်ပေါ့။ လုပ်ချင်ရာတွေကလည်းပဲ ဒီအရွယ်ရောက်လို့ လုပ်ချင်လာတာတွေကလည်း ရှိလာပြီ။ ဟိုဟာလည်း လုပ်ချင် ဒီဟာလည်းလုပ်ချင် ဟိုလည်းသွားချင် ဒီလည်း သွားချင် ဟိုလူ့လည်းတွေ့ချင် ဒီလူ့လည်းတွေ့ချင် အဲ့ဒီလိုဟာမျိုးတွေက ပေါ်လာတယ်။ ဒါပေမဲ့လို့ ကိုယ်တကယ် လက်တွေ့လုပ်နေရတာက ဒီမိသားစုမှာ အမေနဲ့လက်တွဲပြီးတော့ စီးပွားရှာနေရတာ။ ကိုယ့်ကျောင်းလည်း ကိုယ်တက်ရသေးတယ်။ ကျောင်းကပြန်လာလို့ ညနေအေးပြီ ညနေအေးလို့ ခေါ်တာပေါ့လေ။ ညနေအေးပြီဆိုရင် ထမင်းဟင်းကလည်း ချက်ရသေး။ ဘုန်းဘုန်းအကျင့်ကိုက ထမင်းဟင်း ချက်ပြီဆိုရင် ဘယ်သူမှ ညီတွေ ညီမတွေလည်း လာမရှုပ်နဲ့တော့။ အမေလည်း နားလိုက်တော့။ ကိုယ့်ဟာကိုယ်ပဲ အစအဆုံး ချက်တယ်။ ပြီးလို့ရှိရင် ထမင်းပွဲရှေ့ရောက်လို့ ခေါ်တာပေါ့။ ထမင်းခူးပြီး သေချာပြင်ပြီးတော့မှ ဟော့ ထမင်းစားမယ်ဟော့လို့ အဲ့ဒီလိုအော်လိုက်တာ။ အဲ့ဒီလိုခေါ်လိုက်တာ အကုန်လာစားပေါ့။

ဒါပေမဲ့ အလုပ်လုပ်လို့သာ စိတ်ပါလက်ပါ လုပ်နေရတယ်။ ၁၅၊ ၁၆ ဆိုတော့ စိတ်တွေက အဲ့လို ဇရုတ်သုတ်ခတွေဖြစ်လာတယ်။ ကယောင်ချောက်ချားတွေ ဖြစ်လာတယ်။ ပြောချင်တာက ဒီနှစ်ခုကို ဆက်စပ်ပြီးပြောရင် အကုန်လုံး ညီတွေ ညီမတွေ ထမင်းစားပြီး ၇ နာရီလောက် ရှိသွားပြီ။ သူတို့ရေမိုးချိုး ၅ နာရီ၊ ၆ နာရီလောက်မှ သူတို့က ပြန်တက်ကြတာ။ မြစ်ထဲက ပြန်လာတာကို ရေချိုးပြန်တက်တယ် ခေါ်တာပေါ့လေ။ ပြန်တက်လာပြီး သူတို့အဝတ်အစားလဲ သူတို့စားတာ စောင့်ပြီးတော့ ၇ နာရီကျော်မှ ကိုယ်က ရေချိုးရတာ။ မီးဖိုထဲမှာ အိုးတွေခွက်တွေဆေး အကုန်လုံးပေါ့လေ သန့်ရှင်းလုပ်ပြီးတော့ ၇ နာရီလောက်မှ ရေချိုးရမယ်ဆို အဲ့ဒီကျမှ မြစ်ထဲသွား မှောင်နေပြီ။ ဒါပေမဲ့ သွားပြန်တော့လည်းပဲ အဲ့ဒီလိုမျိုး ချက်ချင်းရေမချိုးဖြစ်ပါဘူး။ အခုလိုအချိန်ဆို တစ်နေကုန်လုံး ပူထားတဲ့ အလုပ်ထဲ မီးဖိုထဲပူတာ။ အဲ့ဒီအပူလေးအေး မြစ်က ဒီလိုအချိန်ဆို လေလေးနည်းနည်းတိုက်တယ်။ မြစ်ထဲက မြစ်ရေပြင်ကနေ လေလေးနည်းနည်းတိုက်တယ်။

အရသာရှိတယ် အေးတာလေ။ ဘာလုပ်တုံးဆိုရင် လုံချည်ရေလဲလေး ယူသွားတယ်၊ အစိုလေး ယူသွားတယ်၊ ညီတွေ ချိုးထားပြီးသားလုံချည်ဖြစ်ဖြစ် ယူသွားတယ်။ ယူပြီးတော့ အဲ့ဒါလေးကို မြက်ခင်းပြင်လေးမှာ ဖြန့်ခင်းတယ်။ မြက်ခင်းဆိုတာ ဒီလို Landscaping လုပ်တဲ့ မြက်ခင်းမျိုး ဘယ်ဟုတ်မှာတုံး။ တောမှာပေါက်တဲ့ မြက်ခင်းပေါ့။

အဲ့ဒါလေးကို ခင်းပြီးတော့ အသာလေး ပူလွန်းအားကြီးလို့ အဲ့ဒီရေစိုလေးနဲ့ ပက်လက်လှန်လိုက် ထိုင်လိုက်။ ပက်လက်လှန်လိုက် နဖူးပေါ်လက်တင်လိုက် ကောင်းကင်မော့ကြည့်လိုက် စဉ်းစားတယ်။ ဒီ ၁၅၊ ၁၆ ဆိုတာက တွက်ကြည့်လေ ကျောင်းနေတဲ့အတန်းနဲ့ပြောရင် သုံးတန်း၊ လေးတန်း၊ ငါးတန်း ဘာမှ မစဉ်းစားဘူး။ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း ဘာမှ မစဉ်းစားဘူး။ အေးပေါ့လေ ရှစ်တန်းမစဉ်းစားဘူးဆိုတာ ဘုန်းဘုန်းတို့ခေတ် ဘုန်းဘုန်းတို့အခြေအနေ ပြောတာပေါ့။ အခုခေတ်တော့ မပြောတတ်ဘူး စဉ်းစားလား မစဉ်းစားဘူးလား။ ကျောင်းသွားမယ်၊ ကစားမယ်၊ စားမယ် သူငယ်ချင်းတွေနဲ့ အတူတူပြေးခုန်ဆော့ကစားပြီးရင် ပြန်လာမယ် အဲ့ဒီလိုမျိုး။ ဒါတောင်မှ ကိုယ်က အစ်ကိုအကြီးအနေနဲ့ အမေနဲ့လက်တွဲနေလို့သာ ညနေ ထမင်းဟင်း ဝင်ချက်တာ။ ဒီ ရှစ်တန်းထိဆို ထမင်းဟင်း ဝင်ချက်လည်းပဲ ရှစ်တန်းနဲ့ ထမင်းဟင်းဝင်ချက်တဲ့သူက ရှားမှာပါ။ ကိုးတန်း၊ ဆယ်တန်းကျတော့ ကိုယ့်လက်ကိုယ့်ခြေရပြီ။ စဉ်းစားတာလေးအေးအေးဆေးဆေးလေးမှ ဘုန်းဘုန်းဘဝလည်း ပြောရရင် သူများ ၁၅ နှစ်၊ ၁၆ နှစ် စဉ်းစားတာမျိုး မစဉ်းစားအားဘူး။ အဲ့ဒီတော့ ကိုယ်စဉ်းစားတာ ဘာစဉ်းစားတုံး။ အေး အမေ့ကို ငါဘာလုပ်ပေးရမလဲ၊ ညီအစ်ကိုမောင်နှမတွေကို ငါဘာလုပ်ပေးရမလဲ။ တစ်ခါတလေကျတော့ ကိုယ်လုပ်ပေးပေမယ့် အမေက သဘောမကျတာတွေလည်း ကြုံရင်ကြုံရတယ်။ စိတ်ပျက်တာပေါ့ စိတ်ညစ်တာပေါ့ စိတ်ရှုပ်တာပေါ့။ အမေကလည်း ငါဒီလောက်တောင် လုပ်ပေးရဲ့သားနဲ့ တော်ပြီတော်ပြီ။ အမှန်ကတော့ အဲ့ဒီတုန်းက မသိလို့လို့ ပြောရမှာပေါ့လေ။ အမေ့ကို တော်ပြီလို့ ဖြစ်တာ။

ဘာဖြစ်လို့တုံးဆိုရင် ဘုန်းဘုန်းတို့ ထမင်းအိုးတည်တယ်ဆိုတာ ဘယ်ကစသင်ရတာတုံးဆို မီးမွှေးတာက စသင်ရတာ။ မီးမမွှေးတတ်တဲ့သူ ထမင်းအိုး ချက်ကိုမချက်နဲ့။ ဟင်းအိုး ချက်ကိုမချက်နဲ့။ အဲ့ဒီတော့ မီးကို ဘယ်လောက်ထိသင်ပေးတုံးဆိုရင် ဒီထင်းချောင်းလေး စချတာ။ ဒီတစ်ချောင်းလေး ဒီလိုတင်လိုက်တယ် တင်လိုက်တဲ့အပေါ်လေးမှာ နောက်တစ်ချောင်းက တင်။ တင်တဲ့အပေါ်မှာ နောက်တစ်ခါ ကြက်ခြေခတ် ပြန်တင်။ ဖိုခုံလောက်က နှစ်မျိုးရှိတယ်။ ဒီအုတ်ခဲသုံးလုံး သုံးခု ဖိုခုံလောက်သုံးခုရှိရင်တစ်မျိုး။ များသောအားဖြင့် သိတဲ့အတိုင်း ဒီဘက်က အုတ်ခဲနှစ်လုံးဆင့် ဒီဘက်က အုတ်ခဲနှစ်လုံးဆင့် နှစ်ဖက်ပဲရှိတော့ နှစ်ပေါက်ပဲထိုး။ ဒီမီးဖို သုံးပေါက်ကထိုးတဲ့ မီးမွှေးပုံကတစ်မျိုး။ နှစ်ပေါက်ထဲ ဟိုဘက်ဒီဘက် တိုးယိုးပေါက်မွှေးရတာက တစ်မျိုး။ ထင်းချောင်းလေးတွေစီ။ ဒါလေးတွေ ပြန်မပြောဘဲ နားလည်အောင် ပြောရင်တော့။

■ ဓမ္မဒူတအရှင်ဆေကိန္ဒ

(ဆက်လက်ဖော်ပြပါမည်။)


ဓာတ်ပုံ – ထွန်းထွန်းမြင့်

> “စိတ်မပါတပါ လုပ်တဲ့ အလုပ်မျိုးတော့ မရှိပါဘူး။ အလုပ်တစ်ခု မလုပ်ခင်ကသာ စဉ်းစားတယ်။ လုပ်မယ်လို့ စဉ်းစားဆုံးဖြတ်ပြီးရင်တော့ စိတ်ပါလက်ပါပဲ လုပ်တာများတယ်။”

# ကနဦးရှေးဦးသူနာပြုစုခြင်း
## စိတ်ကျန်းမာရေးဆိုင်ရာ သင်တန်းပို့ချမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

စိတ်ကျန်းမာရေးနှင့်ပတ်သက်သည့် ကနဦးရှေးဦးသူနာပြုစုခြင်းဆိုင်ရာ သင်တန်းများကို ပို့ချဖွင့်လှစ်မည်ဖြစ်ကြောင်း တပ်မတော်ဆေးတက္ကသိုလ် စိတ်ကျန်းမာပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဉာဏ်ဝင်းကျော်က ပြောကြားသည်။

"ရိုးရိုး ရှေးဦးသူနာပြုစုနည်းဆိုတာ သိထားပြီးသား။ ဒါကိုချဲ့ထွင်လိုက်တဲ့ အစီအစဉ်ပေါ့။ ကိုယ်ကျန်းမာဖို့ ရှေးဦးသူနာပြုစုနည်းတင် မကဘူး။ စိတ်ကျန်းမာရေးကိုလည်း ရှေးဦးသူနာပြုဖို့ လိုပါတယ်" ဟု ၎င်းက ရှင်းပြသည်။

သင်တန်းပို့ချမှုများအတွက် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲရမည်ဖြစ်ပြီး ယင်းသင်တန်းကို ဆရာဝန်များ၊ သူနာပြုများသာမက ကျန်းမာရေးစောင့်ရှောက်မှုကို ဝါသနာပါသည့် စေတနာ့ဝန်ထမ်းများ၊ အဖွဲ့အစည်းအတွင်းရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ စသည့် ဝါသနာပါ၍ ကူညီချင်စိတ်ရှိသည့်သူများကို သင်တန်းပို့ချဖွင့်လှစ်မည်ဖြစ်ကြောင်း စိတ်ကျန်းမာပညာအဖွဲ့ထံမှ သိရသည်။

"ဒီနှစ်မကုန်ခင်ပေါ့။ အလွန်ဆုံးနောက်နှစ်ဆန်းလောက်ဆို ဖွင့်နိုင်မယ်။ အခကြေးငွေပေးရတဲ့ သင်တန်းမျိုး မဖြစ်စေချင်ဘူး။ ဖြစ်နိုင်ရင်တော့ လူတော်တော်များများ တက်နိုင်လို့ရမယ့်သင်တန်းမျိုးဖြစ်အောင် ကြိုးစားမယ်" ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဝင်းအောင်မြင့်က ပြောဆိုသည်။

အစိုးရကလည်း စိတ်ကျန်းမာရေး အထူးကုဆရာဝန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ခန့်အပ်ထားပြီးဖြစ်သည့်အတွက် အချိန်တိုအတွင်း လွှမ်းခြုံကာ လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း၊ သင်တန်းကို ရန်ကုန်မြို့တွင် စတင်ပို့ချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့ထံမှ သိရသည်။ ■



ဓာတ်ပုံ – သီတာဆွေ

'ကနဦး စိတ်ကျန်းမာရေးစောင့်ရှောက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့' ခေါင်းစဉ်ဖြင့် ပန်ဒါဟိုတယ်၌ အောက်တိုဘာလ ၉ ရက်နေ့က ဆွေးနွေးပွဲ ကျင်းပခဲ့သည်

# မြန်မာနိုင်ငံ ကင်ဆာဓာတ်ရောင်ခြည်စက် ၆၀ ကျော်လိုဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတွင် ကင်ဆာဖြစ်ပွားသည့်လူဦးရေ များပြားလာသည်အမျှ ဓာတ်ရောင်ခြည်ကုသရေးစက်များ လိုအပ်လျက်ရှိကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည် ကင်ဆာဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာခင်ချိုဝင်းက ပြောကြားသည်။

"တိုးတက်များပြားလာတဲ့ ကင်ဆာလူနာဦးရေနဲ့ကတော့ စက်တွေအများအပြားလိုနေပါသေးတယ်။ WHO ရဲ့သတ်မှတ်ထားတဲ့အချက်က လူဦးရေ တစ်သန်းရှိလို့ရှိရင် အနည်းဆုံး စက်တစ်လုံးရှိရမယ်လို့ သတ်မှတ်ထား တော့ မြန်မာနိုင်ငံအနေနဲ့ဆိုရင် သန်း ၆၀ ရှိရင် စက်က အလုံး ၆၀ ကျော်မက လိုပါတယ်" ဟု ၎င်းကဆိုသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည် ကင်ဆာဌာနက နေ့စဉ် လူနာ ၃၀၀ ကျော်ကို ဓာတ်ရောင်ခြည်စက် လေးလုံးဖြင့် ကုသပေးလျက်ရှိသည့်အပြင် မန္တလေး၊ နေပြည်တော်၊ တောင်ကြီး စသည်တို့တွင်လည်း ဓာတ်ရောင်ခြည်ဖြင့် ကုသရန်လိုအပ်သည့် လူနာများကို ကုသပေးလျက်ရှိကြောင်း ဓာတ်ရောင်ခြည်ကင်ဆာဌာနထံမှ သိရသည်။

ဓာတ်ရောင်ခြည်ကုသမှု ခံယူသူများပြားလာ၍ စက်များလိုအပ်လျက်ရှိသကဲ့သို့ ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် လူနာများအတွက်လည်း နေရာအခက်အခဲများ ရှိနေသေးကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ကင်ဆာဝေဒနာရှင်များအတွက် ငါးထပ်ဆောင်သစ်ကို ထပ်မံဆောက်လုပ်ပေးလျက်ရှိကြောင်း ပါမောက္ခဌာနမှူး ဒေါက်တာခင်ချိုဝင်းက ပြောဆိုသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည် ကင်ဆာဌာန၏ ပြင်ပလူနာဌာနကို နေ့စဉ်ဖွင့်လှစ်ထားပြီး နေ့စဉ်ဆေးသွင်းခြင်းများ၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းများကို လုပ်ဆောင်ပေးနေပြီး ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ သားဥအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာနှင့် အူမကြီးကင်ဆာများကို အများဆုံး ကုသပေးနေရကြောင်း ဓာတ်ရောင်ခြည်ကင်ဆာဌာန၏ အချက်အလက်များအရ သိရသည်။ ■

# News In Brief

## အကြောအဆစ်ပညာရှင်များ လူထုနှင့်အတူ ဝန်ဆောင်မှုပေးမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ပိုမိုကျန်းမာသောလူနေမှုဘဝကို ပိုင်ဆိုင်ရန် အကြောအဆစ်ပညာရှင် များနှင့်အတူ ဝန်ဆောင်မှုပေးပွဲကို အောက်တိုဘာလ ၁၅ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်ကန်တော်ကြီးဥယျာဉ်၊ လက်မှုကုန်း (ကရဝိက်အနီး) တွင် ကျင်းပမည်ဖြစ်ကြောင်း Myanmar Physiotherapy Development Foundation ၏ အတွင်းရေးမှူး ဒေါ်လှမျိုးနွယ်က ပြောကြားသည်။

အဆိုပါပွဲတွင် အကြောအဆစ်ပညာရှင်များက ကိုယ်လက်လှုပ်ရှားမှုပြုရန်သင့် မသင့်၊ အကြောအဆစ်ပညာရပ်ဆိုင်ရာ အကြံပြုဆွေးနွေးခြင်းများ၊ ကိုယ်လက်လှုပ်ရှားခြင်းများနှင့် အခြားစိတ်ဝင်စားစရာ အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း ယင်းဖောင်ဒေးရှင်းထံမှ သိရသည်။

## မြန်မာနိုင်ငံ အလှကုန်အသင်း ဟောပြောပွဲကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ အလှကုန်အသင်းက ကြီးမှူး၍ သတ္တမအကြိမ်မြောက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၇ ရက်နေ့က UMFCCI ၌ ကျင်းပခဲ့ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■

## မြန်မာနိုင်ငံ၏ ကမ္ဘာ့အပြုံးနေ့ကို Best-T က ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

Best-T က မြန်မာနိုင်ငံတစ်ဝန်းရှိ လူသားများအားလုံး ယုံကြည်မှုရှိစွာ အပြုံးပန်းကို ပန်ဆင်နိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့အပြုံးနေ့ကို ကျင်းပမည်ဖြစ် ကြောင်း Best-T ၏ထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာလ ၇ ရက်နေ့တွင် စတင်သည့် လှုပ်ရှားမှုအဖြစ် Best-T ၏ ဖေ့ဘွတ်ခ်ပရိသတ်များ၊ အသုံးပြုသူများသည် ၎င်းတို့၏ ပြုံးပန်းဆင်နေပုံများကို Selfies ရိုက်ကူးရမည်ဖြစ်ပြီး ရိုက်ကူးထားသောဓာတ်ပုံများကို Best-T ၏ဖေ့ဘွတ်ခ် စာမျက်နှာတွင် ဖော်ပြ၍ ပေးပို့ရမည်ဖြစ်ကြောင်း၊ http://bit.ly/2d5Ucjd နှင့် www.facebook.com/besttmyanmar တို့တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကမ္ဘာ့အပြုံးနေ့ကို နှစ်စဉ်အောက်တိုဘာလ၏ ပထမအပတ်တွင် ကျင်းပလေ့ရှိကာ ပထမဦးဆုံး ကမ္ဘာ့အပြုံးနေ့ကို ၁၉၉၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ကြောင်း ယင်းထုတ်ပြန်ချက်အရသိရသည်။ ■

## Feroglobin က ဒုတိယအကြိမ် သွေးလှူဒါန်းမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

Feroglobin က ဒုတိယအကြိမ်မြောက် သွေးလှူဒါန်းပွဲကို အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်အမျိုးသားသွေးလှူဘဏ်၌ ကျင်းပမည်ဖြစ်ကြောင်း ပွဲတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သွေးလှူဒါန်းလိုသူများသည် အမျိုးသားသွေးလှူဘဏ်သို့ နံနက် ၈ နာရီခွဲ ၌ လာရောက်ရန်နှင့် အသေးစိတ်သိရှိလိုပါက Feroglobin Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ ■

## မုန့်ဖတ်များ ကျန်းမာရေးနှင့်ညီညွတ်အောင် ထုတ်လုပ်ရေးအသိပညာပေး

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မုန့်ဖတ်၊ မုန့်တီနှင့် ခေါက်ဆွဲများတွင် ဖော်မလင်ကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနထံမှ သိရသည်။

ဖော်မလင်သည် အဆိပ်အတောက်တစ်ခုဖြစ်ပြီး ယင်းကိုအစားအစာများတွင် ထည့်သွင်းသုံးစွဲ၍မရကြောင်း၊ ထည့်သွင်းသုံးစွဲမှုများကို တွေ့ရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ယင်းဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွဋ်က ပြောကြားသည်။ ■

# တစ်နိုင်ငံလုံးရှိ မျက်စိရောဂါများအတွက် စစ်တမ်းကောက်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

၂၀၁၇ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ မျက်စိနှင့်ပတ်သက်သည့် ရောဂါများအတွက် စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း ရန်ကုန်မျက်စိဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် မျက်မမြင်ရာခိုင်နှုန်းသည် သုည ဒသမ ၅၈ ရာခိုင်နှုန်းရှိပြီး ဒေသအလိုက် ကွာခြားမှုများရှိကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ကောက်ခံထားသည့် အချက်အလက်များကို အခြေခံထားကြောင်း ရန်ကုန်မျက်စိဆေးရုံကြီးထံမှ သိရသည်။

"လာမယ့်နှစ်မှာ အတွင်းတိမ်တစ်ခုတည်းကို မဟုတ်ဘူး။ တစ်ပြည်လုံးမှာ မျက်စိရောဂါအားလုံးကို National Survey လုပ်မှာ ဖြစ်တယ်။ အဲဒီလိုလုပ်ခြင်းဖြင့် National Data နဲ့ Regional Data လည်းရမယ်။ မှန်ကန်တဲ့ဒေတာမှာ အခြေပြုပြီး မှန်ကန်တဲ့ Planning ဆွဲမယ်။ Planning က နှစ်လပဲကြာမှာပါ" ဟု ပါမောက္ခဒေါက်တာတင်ဝင်းက ရှင်းပြသည်။

ရန်ကုန်မျက်စိဆေးရုံကြီး၏ ပြင်ပလူနာဌာနတွင် တစ်နေ့လျှင် လူနာသစ်ပျမ်းမျှ ၄၀၀ ခန့်ရှိပြီး စုစုပေါင်း လူနာ ၇၀၀ ခန့်ကို နေ့စဉ်ကြည့်ရှုကုသပေးလျက်ရှိကြောင်း၊ အတွင်းတိမ်၊ ရေတိမ်၊ မျက်ကြည်လွှာတွင်ဖြစ်သော ရောဂါများ၊ အာရုံလွှာတွင်ဖြစ်သော ရောဂါများနှင့် ထိခိုက်ဒဏ်ရာကြောင့်ဖြစ်သော ရောဂါများသည် အများဆုံးဖြစ်ကြောင်း ယင်းဆေးရုံ၏ အချက်အလက်များအရ သိရသည်။ ■

# “တုပထားတဲ့ပစ္စည်းတွေကို ရောင်းတဲ့အခါမှာ ဒါသည် တရားဥပဒေအရ အရေးယူလို့ရတယ်ဆိုတာကို မသိတဲ့သူအများကြီးရှိတယ်”

## မြန်မာနိုင်ငံ အလှကုန်အသင်း ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် တွေ့ဆုံခြင်း

သီတာဆွေ

**စံမမီအလှကုန်များ၊ အလှကုန်ပစ္စည်း တရားမဝင်တင်သွင်း ထုတ်လုပ်ရောင်းချနေမှုများ ပပျောက်ကာ မြန်မာနိုင်ငံ အလှကုန်ဥပဒေပေါ်ပေါက်လာရန် ဆောင်ရွက်လျက်ရှိပြီး ပေါ်ပေါက်လာမည့် ဥပဒေနှင့်ပတ်သက်ပြီး ထုတ်လုပ်သူများ၊ တင်သွင်းသူများနှင့် ဖြန့်ချိသူများ ကြိုတင်ပြင်ဆင်ထားနိုင်ရန် မြန်မာနိုင်ငံအလှကုန်အသင်း ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် The Voice က တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ။ မြန်မာနိုင်ငံ အလှကုန်ဥပဒေနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

**UKM** ။ အလှကုန်ဥပဒေ ပေါ်ထွက်လာတဲ့အခါမှာ မြန်မာနိုင်ငံမှာ အလှကုန်တင်သွင်းရောင်းချသူတွေ အနေနဲ့ ပေါ်ပေါက်လာမယ့် အလှကုန်ဥပဒေမှာရှိတဲ့ မဖြစ်မနေပါမယ့် အခြေခံအချက်အလက်တွေနဲ့ဆိုရင် လိုအပ်ချက်တွေရှိနေတာကို တွေ့ရတယ်။ အဲဒီအခါကျတော့ ဦးတို့အနေနဲ့အခုကတည်းက ကြိုတင်ပြီးတော့ ဥပဒေပေါ်ပေါက်လာခဲ့ရင် ဥပဒေတွေနဲ့ပတ်သက်ပြီးတော့ ထုတ်လုပ်ဖြန့်ချိ ရောင်းချတဲ့သူတွေ ကြိုတင်ပြင်ဆင်နိုင်အောင် ကြိုပြီးပညာပေးတာပါ။

**Voice ။ အလှကုန်ဥပဒေ ပေါ်လာမယ်ဆိုရင် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်မလဲ။**

**UKM** ။ အလှကုန်ဥပဒေထဲမှာ ဦးတို့ကိုယ်တိုင် ဘယ်လိုအချက်အလက်တွေနဲ့ လက်ရှိဥပဒေကြမ်းမှာ ဘယ်လိုရေးဆွဲထားလဲဆိုတာ အသေးစိတ် မသိသေးဘူး။ အလှကုန်ထုတ်လုပ်တဲ့သူမှန်ရင် FDA ကနေ Registeration ယူကိုယူရမယ်။ ကိုယ့်ရဲ့ထုတ်လုပ်တဲ့ဘူးမှာ Registeration No ကို ရိုက်နှိပ်ရမယ်။ နောက်ပြီး သူ့ရဲ့ပါဝင်ပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဖော်ပြရမယ် စသဖြင့် အဲဒီလိုအချက်အလက်တွေက ပါမှာဖြစ်တယ်။ လက်ရှိ မြန်မာနိုင်ငံက အလှကုန်ထုတ်လုပ်တဲ့သူတွေမှာ ကြည့်မယ်ဆိုရင် တော်တော်များများက အဲဒီအချက်ကိုလိုက်နာနိုင်တဲ့ အနေအထားမျိုးတွေ သိပ်မတွေ့ရတဲ့အခါကျတော့ တကယ်လို့များ မြန်မာနိုင်ငံ အလှကုန်ဥပဒေ အတည်ဖြစ်သွားပြီဆိုရင်၊ အသက်ဝင်သွားပြီဆိုရင် အဲဒီလုပ်ငန်းရှင်တွေအနေနဲ့ နစ်နာမှုဖြစ်မယ်။ ဒါပေမဲ့လည်း ဦးတို့ အလှကုန်တင်သွင်းရောင်းချတဲ့သူတွေ အနေနဲ့တကယ်ကြည့်ရမယ့်မျက်နှာက သုံးစွဲတဲ့ပြည်သူတွေရဲ့ မျက်နှာကိုပဲ အဓိကထားပြီး ကြည့်ရမယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံ အလှကုန်ဥပဒေကို လိုက်နာခြင်းအားဖြင့် မြန်မာနိုင်ငံက ထုတ်လုပ်တဲ့အလှကုန်အရည်အသွေးက အများကြီးတက်လာလိမ့်မယ်။


ဓာတ်ပုံ – သီတာဆွေ

အရည်အသွေးတွေ အများကြီးတက်လာရင် Made In Myanmar အနေနဲ့ နိုင်ငံတကာကို ဦးတို့ရဲ့အလှကုန်တွေက ပြန်ပြီးတော့ ထိုးဖောက်နိုင်တဲ့အဆင့်အထိ ပြန်ရောက်နိုင်တယ်။ နောက်ပြီး သုံးစွဲတဲ့ပြည်သူတွေအတွက်လည်း လုံခြုံစိတ်ချဘေးကင်းတဲ့၊ ကျန်းမာရေးအလှကိုဖြစ်စေတဲ့ အလှကုန်တွေအများကြီး ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကတော့ ထုတ်လုပ်တဲ့အပိုင်းပေါ့။

**Voice ။ အလှကုန်ဥပဒေ ပေါ်ပေါက်လာမယ်ဆိုရင် တရားမဝင် ရောင်းချနေတာတွေ၊ စံမမီတဲ့ ပစ္စည်းတွေကို ထိန်းချုပ်သွားနိုင်မယ်လို့ ထင်ပါသလား။**

**UKM** ။ တင်သွင်းတဲ့အပိုင်းမှာ အလှကုန်ဥပဒေ ပေါ်ထွက်လာပြီဆိုရင် မဖြစ်မနေ မြန်မာနိုင်ငံ FDA မှာ Notification လုပ်ရမယ်။ လုပ်ပြီးရင် အဲဒီ Notification နံပါတ်တို့၊ တင်သွင်းတဲ့ကုမ္ပဏီ၊ ထုတ်လုပ်တဲ့ကုမ္ပဏီ၊ နောက် ဒီအလှကုန်သုံးရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရမလဲ၊ ဘယ်လိုအသုံးပြုရမလဲ၊ ပါဝင်တဲ့ပစ္စည်း စတာတွေကို တင်သွင်းလာတဲ့ပစ္စည်းတိုင်းမှာ မဖြစ်မနေကပ်ရမယ်။ ဦးတို့နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ ဥပဒေမှာ တင်သွင်းလာတဲ့သူက Notification လုပ်ဖို့ တာဝန်ရှိတယ်။ ရှင် ခုနက ပြောသွားတဲ့ အချက်အလက်တွေလို သူတင်သွင်းလာတဲ့ အလှကုန်ပစ္စည်းမှာ မဖြစ်မနေကပ်ရတယ်။ အဲဒီပစ္စည်းက မကပ်ထားရင်သော်လည်းကောင်း၊ ကပ်ထားပေမယ့်အချက်အလက်တွေ လွဲချော်နေရင်သော်လည်းကောင်း အဲဒီပစ္စည်းကို အတုလို့ သတ်မှတ်တယ်။ Notification မလုပ်ထားရင် အဲဒါနဲ့သက်ဆိုင်တဲ့ ဥပဒေနဲ့ အရေးယူလို့ရသလို အတုဥပဒေနဲ့လည်း အရေးယူလို့ရတဲ့အတွက် သုံးစွဲတဲ့သူတွေအတွက် ပိုပြီးတော့ လုံခြုံစိတ်ချရတဲ့ အခြေအနေတစ်ခုကို ဖန်တီးပေးမှာဖြစ်ပါတယ်။

တင်သွင်းတဲ့သူတွေမှာကလည်း အရင်တုန်းက စနစ်တွေအရပြောရရင် တချို့ဆို အရည်အသွေးစံချိန်မမီတဲ့ပစ္စည်းတွေ၊ နိုင်ငံတကာတံဆိပ်တွေကို တုပထားတဲ့ပစ္စည်းတွေကို ရောင်းတဲ့အခါမှာ ဒါသည် တရားဥပဒေအရ အရေးယူလို့ရတယ်ဆိုတာကို မသိတဲ့သူအများကြီးရှိတယ်။ ဒါသည် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘောမျိုးတောင် ဖြစ်ချင်နေတယ်။ ဒါကြောင့် အခုကတည်းက ကြိုတင်ပြောထားခြင်းအားဖြင့် ဥပမာ လက်လီရောင်းတဲ့သူဆိုရင်လည်း သူတို့ဝယ်တဲ့သူကို ဒီလို Notification မပါလို့ မရဘူး။ တံဆိပ်တွေမကပ်လို့ မရဘူးဆိုပြီး တရားဥပဒေနဲ့အညီ နောင်ပေါ်ပေါက်လာမယ့် အလှကုန်ဥပဒေရဲ့ အခြေခံအချက်နဲ့အညီ အခုကတည်းက စပြီးပြင်ဆင်ထားမှသာလျှင် ဥပဒေပေါ်ပေါက်လာတဲ့အချိန်မှာ အရောင်းအဝယ်မပြတ်ဘဲနဲ့ ဆက်လက်လုပ်ဆောင်လို့ရမှာ ဖြစ်ပါတယ်။

**Voice ။ အလှကုန်ပစ္စည်း သုံးစွဲတဲ့သူတွေအနေနဲ့ရော ဘယ်လိုအချက်အလက်တွေကို ကြည့်ပြီးသုံးစွဲသင့်သလဲ။**

**UKM** ။ အလှကုန်ပစ္စည်းကို သုံးတဲ့အခါ အမျိုးမျိုးရှိတယ်။ အလှကုန်တစ်ခုတည်းနဲ့ သိန်းကျော်တာလည်း ရှိတယ်။ သောင်းဂဏန်းလည်း ရှိတယ်။ ထောင်ဂဏန်းတွေရှိမယ် စသဖြင့်ပေါ့။ လူဆိုတာကတော့ တတ်နိုင်ရင် အမြင့်ကြီးကို သုံးချင်တာပေါ့။ ဒါပေမဲ့လည်း ကိုယ့်ရဲ့ရှိတဲ့အင်အားနဲ့ ချိန်ပြီးတော့ ကိုယ်တတ်နိုင်တဲ့ အနေအထားကိုပဲ သုံးကြတာပေါ့။ သုံးတဲ့အခါမှာ အဓိကအချက်ကတော့ ပစ္စည်းရဲ့(Packaging) အလှအပပေါ့။ ဒါကိုအဓိကမထားဘဲနဲ့ အထဲကပစ္စည်းရဲ့အရည်အသွေးကို စစ်ဆေးကြည့်ရှုပြီးတော့ ဝယ်ယူစေချင်တယ်။ FDA က ခွင့်ပြုချက်ရထားတဲ့ ပစ္စည်းကိုပဲ သုံးစေချင်တယ်။ ဈေးပေါတဲ့ပစ္စည်းတွေထဲမှာလည်း FDA က ခွင့်ပြုချက်ရထားတဲ့ပစ္စည်းတွေ အများကြီးရှိပါတယ်။ အတုအပပစ္စည်းအများစုက Packaging ကို အဓိကထားတယ်။ Packaging ကို ထုတ်လုပ်မှုစရိတ်ရဲ့ ၉၀ ရာခိုင်နှုန်းလောက်အထိ အသုံးပြုထားတဲ့အခါကျတော့ အရမ်းကိုအဆင့်မြင့်တယ်။ အတွင်းမှာကျတော့ ဖြစ်သလိုလုပ်ထားတဲ့ အခါကျတော့ သုံးစွဲတဲ့သူကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်တာပေါ့။

**Voice ။ မြန်မာနိုင်ငံ အလှကုန်အသင်းအနေနဲ့ ဒီလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေအတွက် ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်လုပ်ဆောင်ပေးတာတွေရှိပါသလဲ။**

**UKM** ။ မြန်မာနိုင်ငံ အလှကုန်အသင်းအနေနဲ့ကတော့ ထုတ်လုပ်တဲ့သူတွေ၊ နောက် တင်သွင်းရောင်းချတဲ့သူတွေကို အခုလိုမျိုး ပညာပေး ဆွေးနွေးပွဲတွေ လုပ်ပေးမယ်။ နောက်ပြီး ဦးတို့ဆီကိုလည်း နိုင်ငံခြားမှာရှိတဲ့ အလှကုန်ကုမ္ပဏီ အသီးသီးကနေပြီးတော့ လာရောက်ဆက်သွယ်တာတွေ ရှိတယ်။ သူတို့ဆက်သွယ်လာရင် အချိန်နဲ့တစ်ပြေးညီ အသင်းဝင်တွေအားလုံးကို သူတို့ကိုဖြန့်ပေးတယ်။ အခါအားလျော်စွာ ထုတ်လုပ်မှုပိုင်းဆိုင်ရာ သင်တန်းမျိုးတွေလည်း လုပ်ပေးတယ်ဆိုတော့ မြန်မာနိုင်ငံ အလှကုန်တင်သွင်းရောင်းချတဲ့ အလှကုန် Industry ကြီးတစ်ခုလုံးကို တိုးတက်အောင် အတတ်နိုင်ဆုံးကြိုးစားနေပါတယ်။

**Voice ။ အလှကုန်သုံးစွဲတဲ့ ပြည်သူတွေကိုရော ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။**

**UKM** ။ အဓိကပြောချင်တာကတော့ အလှကုန်ကို သုံးစွဲတဲ့အခါမှာ အတတ်နိုင်ဆုံး မြန်မာနိုင်ငံ FDA ရဲ့ ခွင့်ပြုချက်ရထားတဲ့ အလှကုန် ဟုတ် မဟုတ်ကိုတော့ မေးမြန်းစေချင်ပါတယ်။ ယေဘုယျအားဖြင့် FDA ရထားတဲ့ပစ္စည်းက သုံးစွဲသူအတွက် စိတ်ချရမယ်လို့ ပြောချင်ပါတယ်။

**Voice ။ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

■ သီတာဆွေ

## ပုညှက်ခြင်း

လူတို့တွင် ရှိသင့်ရှိထိုက်သည့် အရပ်အမောင်းထက် ပုနေခြင်းကိုဆိုလိုပြီး ကလေးတစ်ယောက် သန္ဓေသားဘဝမှစ၍ ၂နှစ်မြောက်မွေးနေ့အထိရက်ပေါင်းတစ်ထောင်ကာလအတွင်း အာဟာရလုံလောက်စွာ မရရှိခြင်းနှင့် မကြာခဏ နာမကျန်းဖြစ်ခြင်းတို့ကြောင့် ပုညှက်ခြင်းကို ဖြစ်စေပါသည်။

### ပုညှက်ခြင်းကြောင့် ယခုကဲ့သို့ဖြစ်ပွားနိုင်

ပုညှက်ခြင်းသည် ကလေးနှင့် လူကြီးများတွင် ရေရှည်သက်ရောက်မှုများရှိပြီး ကာယဉာဏ စွမ်းဆောင်ရည်များ နိမ့်ပါးနိုင်ခြင်းအပါအဝင် အလုပ်လုပ်နိုင်စွမ်း လျော့ကျခြင်းနှင့် ကျန်းမာရေး မကောင်းခြင်းတို့ကို ဖြစ်စေပါသည်။

ဘဝအစ ရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရကောင်းစွာရရှိသည့် ကလေးများသည် ဖော်ပြပါ အခက်အခဲများကို ကျော်လွှားနိုင်သည်။

- ကလေးဘဝတွင်အဖြစ်များသည့် အသက်အန္တရာယ်ဖြစ်စေသော ရောဂါများကို ၁၀ ဆ ပိုမိုကျော်လွှားနိုင်သည်။
- ကျောင်းပညာရေးတွင် ပုံမှန်ထက်ငါးဆ ပိုမိုလုပ်ဆောင်နိုင်သည်။
- အရွယ်ရောက်လာသည့်အခါတွင်လည်း ပုံမှန်ထက် လုပ်ခလစာ ၂၁ ရာခိုင်နှုန်း ပိုမိုမြင့်မားစွာ ရရှိနိုင်သည်။
- ကြီးပြင်းလာသည့်အခါတွင် ပိုမိုကျန်းမာပျော်ရွှင်သော မိသားစုဘဝ များကို တည်ဆောက်နိုင်သည်။

အာဟာရပြည့်ဝခြင်းသည် လူသားအရင်းအမြစ်အတွက် အခြေခံအုတ်မြစ် တစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သိသိသာသာ အထောက်အကူပြုနိုင်သည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပျမ်းမျှအားဖြင့် အသက် ငါးနှစ်အောက် ကလေးငယ်များ၏ ၃၆ ရာခိုင်နှုန်းသည် ပုညှက်နေကြောင်း လေ့လာတွေ့ရှိရပြီး ယင်းမှာနိုင်ငံ၏ အချို့နေရာများတွင် ၅၀ ရာခိုင်နှုန်းအထိ ရှိသည်။

■ Source: UNOPS



**The Queens Entertainment ကနေပြီး နာမည်ကျော်အမျိုးသမီးတေးသံရှင်တွေဖြစ်တဲ့ မေခလာ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်းတို့ ပါဝင်သီဆိုဖျော်ဖြေမယ့် The Queens Music Orchestra Concert ကို နိုဝင်ဘာလ ၄ ရက်နေ့မှာ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်သွားမှာပါ။ ဒီပွဲမှာ ပါဝင်သီဆိုဖျော်ဖြေမယ့် တေးသံရှင်တွေရဲ့ပွဲနဲ့ပတ်သက်တဲ့ ခံစားမှုတွေ၊ သီဆိုဖျော်ဖြေမယ့် သီချင်းတွေအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

သန့်ဇင်ဦး

## မေခလာ

ချစ်ငယ်တို့ ညီအစ်မလေးယောက်ကို ပွဲစီစဉ်သူတွေက Queens တွေလို့သတ်မှတ်ပေးထားတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မခံယူဝံ့ပါဘူး။ ဒီပွဲလေးမှာ ချစ်ငယ်တို့ ဘယ်လိုသီဆိုကြမလဲ၊ ဘယ်လိုတွေဝတ်ပြီး ဖျော်ဖြေကြမလဲဆိုတာ ပရိသတ်တွေကို လာရောက်ကြည့်ရှုအားပေးစေချင်ပါတယ်။ ပြောရရင် ဒီလိုပွဲမျိုးက ပရိသတ်တွေအတွက်လည်း အသစ်အဆန်းဖြစ်မယ်ထင်ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းကတော့ မိန်းကလေးအဆိုတော်တွေချည်းပဲပါတဲ့ Musical Show လုပ်ခဲ့ဖူးတယ်။ ဒီပွဲကတော့ သံစုံတီးဝိုင်းနဲ့ဆိုရမှာဆိုတော့ ခံစားမှု အသစ်တစ်မျိုးရကြမှာပါ။ သီချင်းတွေကိုလည်း ခံ့ခံ့ညားညားပုံစံမျိုးနဲ့ ပရိသတ်တွေကြားရမယ်။ ချစ်ငယ်တို့ကိုယ်တိုင်လည်း ဆိုရတာ ပိုအားရတယ်။ ဒီပွဲက လူကြီး၊ လူလတ်၊ လူငယ်မရွေး လာကြည့်သင့်တဲ့ပွဲပါ။ သံစုံတီးဝိုင်းနဲ့ ဆိုကြမှာဖြစ်တဲ့အတွက် ပျင်းစရာကောင်းတယ်လို့တော့ မထင်စေချင်ဘူး။ သီချင်းတွေကို အသံစုံစုံနဲ့ ကြားရမှာဆိုတော့ ပိုတောင်မှ မြူးကြွပြီး နားထောင်လို့ ကောင်းပါသေးတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ကိုသူရကျော်

ဒီပွဲလုပ်ဖို့ ကိုခိရာမိုရ် နဲ့ မဖြူဖြူကျော်သိန်းတို့နဲ့ အရင်တိုင်ပင်ပါတယ်။ အဆိုတော်တွေ ရွေးတဲ့အခါမှာ ဘယ်လိုရွေးကြမလဲလို့ စဉ်းစားကြပါတယ်။ အဆိုတော်မရွေးခင်မှာ ဒီပွဲကို Theme လေးတစ်ခုနဲ့ သွားချင်တယ်ဆိုပြီး စဉ်းစားကြတယ်။ အမျိုးသမီးအဆိုတော်တွေချည်းပဲပါတဲ့ ပွဲလေးကို သံစုံတီးဝိုင်းရဲ့ တီးခတ်မှုနဲ့ လုပ်ကြမယ်ဆိုပြီး ဆုံးဖြတ်ခဲ့တယ်။ ခေတ်တစ်ခေတ်မှာ အောင်မြင်ခဲ့တဲ့ အဆိုတော်တွေကို ရွေးကြတယ်။ သူတို့လေးယောက်လုံးက သူ့ခေတ်သူ့အခါမှာလည်း အောင်မြင်ခဲ့တယ်။ ဒီနေ့အချိန်အထိလည်း အောင်မြင်နေဆဲ အဆိုတော်တွေလည်း ဖြစ်တယ်။ ပွဲမှာတော့ သူတို့ရဲ့ သီချင်းတွေကို Orchestra နဲ့ ပုံစံမတူအောင် ပြန်တီး၊ ပြန်ဆိုကြမယ်။ ဒီပွဲနဲ့ပတ်သက်ပြီး စတိတ်ဒီဇိုင်းကအစ အစစအရာရာ သေချာပြင်ဆင်ထားပါတယ်။ လာကြည့်တဲ့ပရိသတ်တွေအတွက် အမြင်ရော၊ ခံစားမှုပါအားလုံး ပြောင်းလဲသွားအောင် ကျွန်တော်တို့ ကြိုးစားထားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ဖြူဖြူကျော်သိန်း


ဓာတ်ပုံ- သန့်ဇင်ဦး

ဒီပွဲလေးကို လာပြောတဲ့အချိန်က ပရိသတ်တွေကလည်း ဖြူဖြူ့ကို Orchestra Concert လုပ်ဖို့ တောင်းဆိုနေတဲ့အချိန်လည်းဖြစ်နေတယ်။ ဇူလိုင်လတုန်းက Channel 7 မှာ လွှင့်ခဲ့တဲ့ On Air Program မှာ ဖြူဖြူ က ဂီတကဗျာ သံစုံတီးဝိုင်းနဲ့ လက်တွဲပြီး သီချင်းလေးပုဒ် ဖျော်ဖြေခဲ့တယ်။ အဲ့ဒါလေးကို ပရိသတ်က တော်တော်သဘောကျကြတယ်။ အဲ့ဒီလို အချိန်မှာ ဒီပွဲစီစဉ်သူတွေက Orchestra Concert လေးလုပ်ဖို့ လာကမ်းလှမ်းတော့ ရေငတ်တုန်း ရေတွင်းထဲကျသလိုပေါ့နော်။ ဝမ်းသာအားရ လက်ခံဖြစ်တယ်။ ရှေ့မီ၊ နောက်မီ ဂီတချစ်ပရိသတ်တွေရဲ့ပြောပုံအရဆိုရင် ခေတ်ပေါ်စတိတ်ရှိုးဈေးကွက်ယဉ်ကျေးမှုထဲမှာ တစ်ပွဲလုံးကို Orchestra တစ်ဝိုင်းတည်းကပဲ တီးပြီးတော့ ဖျော်ဖြေတာကို လက်မှတ်ရောင်းပြီး လုပ်တဲ့ပွဲမျိုးက ဒါပထမဆုံးလို့ ပြောကြတယ်။ ကိုယ့်အနေနဲ့ ဒီလိုမျိုးထူးခြားဆန်းသစ်တဲ့ ဖျော်ဖြေတင်ဆက်မှုနဲ့ ပရိသတ်တွေကို ဂီတရသအသစ် ပေးမယ့်ပွဲမျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီပွဲမှာ တစ်ယောက်တည်းတို့၊ နှစ်ယောက်တွဲလို့၊ လေးယောက်တွဲတို့ဆိုရမယ့် သီချင်းတွေလည်း ပါပါတယ်။ တစ်ပွဲလုံးမှာ စုစုပေါင်း သီချင်းအပုဒ် ၃၀ လောက်ဆိုကြပါမယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ထွန်းအိန္ဒြာဗို

ဒီလိုပွဲမျိုးက လက်ခံပြီး သီဆိုသင့်တဲ့ပွဲမျိုးပါ။ ကျွန်မအတွက်လည်း ရှိုးမှာ သံစုံတီးဝိုင်းနဲ့ သီဆိုဖျော်ဖြေရတာ ဒါပထမဆုံးပွဲပါပဲ။ သီချင်းတွေတိုက်တော့မှပဲ ဆိုရတာ ဘယ်လိုခံစားမှုမျိုးရမလဲဆိုတာ ပိုသိရမယ် ထင်တယ်။ တကယ်တီးကြည့်၊ ဆိုကြည့်တဲ့အချိန်ကျတော့မှ တိကျတဲ့အဖြေက ပိုထွက်မယ်ထင်တယ်။ အခုတော့ မှန်းပြီးပြောရသလို ဖြစ်နေတာပေါ့နော်။ အပြောင်းအလဲတစ်ခု ဖြစ်တဲ့အတွက် ဒီပွဲဆိုရမှာကို ကျွန်မ အရမ်းဝမ်းသာနေပါတယ်။ ကျွန်မသီချင်းလေးတွေကို ဘယ်လိုပုံစံမျိုးနဲ့ ကြားရမလဲဆိုတာ ကျွန်မကိုယ်တိုင်လည်း စိတ်ဝင်တစား ရှိပါတယ်။ ဒီပွဲမှာတော့ တစ်ယောက်တည်းဆိုမယ့် သီချင်းတွေပါသလို စုံတွဲသီချင်းလေးတွေလည်း လုပ်ထားတယ်။ စုံတွဲသီချင်းလေးတွေမှာ တချို့ဟာတွေက ကျွန်မသီချင်း မဟုတ်ဘူး။ သူတို့သီချင်းတွေကို ဆိုရမှာရှိတယ်။ ကျွန်မတို့လေးယောက်လုံးရဲ့သီချင်းမဟုတ်ဘဲ၊ သူများသီချင်းတွေလည်း ဆိုရမှာရှိပါတယ်။ ဒီပွဲမှာ တစ်ကိုယ်တော်အနေနဲ့က ခြောက်ပုဒ်စီဆိုရမယ်။ စုံတွဲသီချင်းလေးတွေလည်း ဆိုကြရမယ်။

## ချမ်းချမ်း

ဆရာခိရာမိုရ်က ရှေ့မှာ Orchestra Night ဆိုပြီး ရှိုးလုပ်တုန်းက အစ်မတို့ပါခဲ့ဖူးတယ်။ အခု တစ်ခေါက် ဆရာနဲ့ခင်တဲ့ ပွဲစီစဉ်သူတွေက အစ်မကို လာကမ်းလှမ်းတော့ အဆိုတော် အတွဲအဖက်လေးကလည်း လှတာနဲ့ အစ်မ လက်ခံဖြစ်တာပါ။ အဓိက ကတော့ ဒီပွဲမှာ သံစုံတီးဝိုင်းနဲ့ ဆိုမှာဖြစ်တဲ့အတွက် အရင်ကြားဖူးနေကျ သီချင်းရိုးရိုးလေးတွေကိုလည်း ခံ့ခံ့ညားညားဖြစ်အောင် ပြန်ဆို၊ ပြန်တီးကြမယ်။ ပရိသတ်တွေ ကြားတော့ ကြားဖူးပေမယ့် ရှိုးမှာ ဆိုလေ့ ဆိုထသိပ်မရှိတဲ့ သီချင်းတွေကို အစ်မတို့ ပြန်ဆိုမယ်။ တခြားအဆိုတော်တွေရဲ့ သီချင်းတွေကိုလည်း အစ်မတို့ ပြန်ဆိုမယ်။ ဒီပွဲကကျတော့ ဂီတကိုကြိုက်ပြီး၊ နားထောင်ချင်တဲ့ ပရိသတ်တွေအတွက် ပိုကောင်းတယ်။ ပျော်ချင်ပါးချင်တဲ့ လူငယ်ပရိသတ်တွေအတွက်ကျတော့ တခြားရှိုးတွေက ပိုကိုက်တာပေါ့နော်။ အစ်မတို့ပွဲကျတော့ Classic ပိုင်းကို ရောက်သွားပြီ။ တကယ် သီချင်းကိုချစ်ပြီး စိမ်ပြေနပြေနဲ့ အေးအေး ဆေးဆေးနားထောင်ချင်တဲ့ပရိသတ်တွေအတွက် ပိုအဆင်ပြေပါတယ်။ လာကြည့်ရတဲ့ ပရိသတ်တွေအတွက် အချိန်ပေးရကျိုးနပ်မယ့် ပွဲတစ်ပွဲ ဖြစ်မှာပါ။



ဓာတ်ပုံ- သန့်ဇင်ဦး

# "ရန်ကုန်မြို့မှာ ခိုးကူးအကြီးစား ခုနစ်ယောက်ရှိတယ်။ သူတို့ကိုယ်တိုင်ကပဲ အွန်လိုင်းမှာ မြန်မာကားမကြိုက်သူများ တွေ့ဆုံပွဲတွေ ဘာတွေ လုပ်လိုက်တာပါ"

**စွယ်စုံရအနုပညာရှင်တစ်ဦးဖြစ်တဲ့ ဦးဇာဂနာနဲ့ တွေ့ဆုံပြီး၊ တရားမဝင်ခိုးကူးခွေတွေကို ဖမ်းဆီးဖို့ လွှတ်တော်မှာ ကော်မတီတစ်ရပ် ဖွဲ့လိုက်တဲ့အကြောင်း၊ ခိုးကူးခွေတွေကို ရက်တစ်ရာစီမံကိန်းနဲ့ ဖမ်းဆီးနေတယ်လို့ သတင်းထွက်ပေါ်ခဲ့မှုအပေါ် ပြန်လည်ဖြေရှင်းမှုနဲ့ မြန်မာကား မကြိုက်သူများတွေ့ဆုံပွဲ ပြုလုပ်မယ့်အကြောင်းနဲ့ ပတ်သက်ပြီး သူ့အမြင်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

## ဇာဂနာနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

**Voice : ခိုးကူးခွေတွေ ဖမ်းဆီးဖို့အတွက် လွှတ်တော်ရဲ့အတည်ပြုချက်နဲ့ ကော်မတီ တစ်ရပ်ဖွဲ့စည်းခဲ့တဲ့အကြောင်းနဲ့ပတ်သက်ပြီး အရင်စပြောပြပေးပါဦး။**

**ZGN :** အဲ့ဒါကတော့ Anti- Piracy & Content Protection Committee ဆိုပြီးတော့ လွှတ်တော်က ဖွဲ့တာပါ။ လွှတ်တော်ကဖွဲ့တာဖြစ်တဲ့အတွက် လွှတ်တော်ရယ်၊ ရဲရယ်၊ တရားရေးရယ်၊ အစိုးရဘက်က သုံးဖွဲ့ပါတယ်။ ပြီးတော့ သဘင်က ကိုယ်စားလှယ် နှစ်ယောက်၊ ရုပ်ရှင်က ကိုယ်စားလှယ်နှစ်ယောက်၊ ဂီတက ကိုယ်စားလှယ်နှစ်ယောက် စုစုပေါင်း ဆယ့်နှစ်ယောက်နဲ့ ကော်မတီဖွဲ့လိုက်ပြီပေ့ါ။ လွှတ်တော်ဘက် ကရော၊ ရဲဘက်ကရော နာမည်စာရင်းတင်သွင်းဖို့လိုတယ်။ ဂီတ၊ ရုပ်ရှင်၊ သဘင်ကလည်း နာမည်စာရင်းပေးရမယ်။ ဒီကိစ္စကို ဒါရိုက်တာကြည့်ဖြူသျှင်က တာဝန်ယူထားတာဖြစ်တဲ့အတွက် သူ့ကို နာမည်စာရင်းတင်သွင်းဖို့ ပြောတယ်။ ကျွန်တော်နဲ့ ဦးသိန်းထွန်းအောင် နှစ်ယောက်ကို ထည့်မယ်လို့ပြောတဲ့အတွက် မပါပါရစေနဲ့လို့ ငြင်းထားတယ်။ ဒီကိစ္စတွေနဲ့ ကျွန်တော်တို့ခပ်လှမ်းလှမ်းပဲ နေချင်တယ်။ လိုရင်တော့အကူအညီတောင်း လုပ်ပေးမယ်လို့ပြောထားတယ်။ ကော်မတီကတော့ ဖွဲ့ပြီးသွားပြီ။ ပါဝင်မယ့်လူတွေရဲ့အမည်စာရင်း တင်သွင်းဖို့ပဲ ကျန်တော့တယ်။

**Voice : ဒီကော်မတီဖွဲ့ပြီးသွားရင်ရော ခိုးကူးခွေတွေကို ဘယ်လိုပုံစံမျိုးနဲ့ ဖမ်းဆီးအရေးယူသွားမှာလဲ။**

**ZGN :** အဲ့ဒါက ရုပ်ရှင်ကတော့ သိပ်မပါပါဘူး။ ဂီတနဲ့သဘင်ကို ပိုလုပ်ရမှာပါ။ ဂီတကအရေးကြီးတယ်။ ဂီတမှာက တော်တော်ကို အထိနာနေပြီလေ။ သိန်းတစ်ရာလောက်ရင်းထားတဲ့လူတွေမှာ တစ်ပြားမှ ပြန်မရဘဲနဲ့ ကြော်ငြာခတောင် ရှုံးရတဲ့ ဘဝမျိုးဖြစ်နေတယ်။ သဘင်ကျတော့ နယ်တွေမှာ ကတဲ့ဟာတွေ အကုန်လုံးကို ရိုက်ပြီးတော့ အခွေထုတ်ကြတာ။ သဘင်ကလည်း တော်တော်ထိတယ်။ ပြဿနာတစ်စုံတစ်ရာ ဖြစ်လာရင် အစိုးရကဖမ်းရင် ဒီမင်းသား၊ ဒီပြက်လုံးပြက်လို့ဆိုပြီး ဖမ်းမှာ။ တကယ်ကျတော့ အဲ့ဒါက တရားဝင်ရိုက်တာမဟုတ်ဘဲ ခိုး ကူးခွေအနေနဲ့ ထွက်တာ။ အများဆုံးထိတာက ဂီတအများဆုံးထိတယ်။ တချို့ကလည်း နည်းပညာတိုးတက်လာလို့လို့ပြောကြတယ်။ နည်းပညာတိုးတက်လာတာနဲ့ ခိုးတာနဲ့တော့ မဆိုင်ဘူး။ နည်းပညာတိုးတက်တာကို ကျွန်တော်တို့က လက်ခံတယ်။ ခိုးတာကတော့ ခိုးတာလို့ ပြောရမှာပဲ။ ဂီတက အရမ်းနစ်နာနေတယ်။ နောက်တစ်ခုက မြန်မာကားတွေကို ကျိတ်ပြီးခိုးနေတာကိုမသိကြဘူး။ ခွေငှားဆိုင်တွေက တစ်ခွေဝယ်ပြီး ငါးခွေ ပြန်ကူးတယ်။ ဆယ်ခွေပြန်ကူးတယ် ဘယ်သူမှ မသိဘူး။ အဲ့ဒါကခိုးတာပဲလေ။ အဓိကနစ်နာတာက ဂီတဖြစ်တယ်။ ဒုတိယက သဘင်၊ ရုပ်ရှင်ကတော့ တတိယပေ့ါ။ ဒီလူတွေအတွက်ကို ခိုးကူးဖမ်းတာပါ။

**Voice : ခိုးကူးခွေတွေကို ရက်တစ်ရာစီမံကိန်းနဲ့ ဖမ်းနေတယ်လို့ အပြင်မှာသတင်းတွေ ထွက်ပေါ်နေတာကရော အမှန်ပဲလား။**

**ZGN :** အဲ့ဒါကတော့ ကျွန်တော်တို့က ဖမ်းကို မဖမ်းရသေးဘူး။ ကော်မတီမှာ လူစာရင်းတောင် မတင်ရသေးဘဲ နဲ့ ရက်တစ်ရာစီမံကိန်းနဲ့ ဖမ်းပါပြီဆိုပြီး လျှောက်ပြောနေကြတယ်။ ဒါကို တရားဝင် ဘယ်မှာမှ မကြေညာသေးဘဲနဲ့ သူတို့ဟာသူတို့ ခေါင်းစဉ်တပ်လိုက်တယ်။ သူတို့ဟာသူတို့ သတင်းတွေ လွှင့်လိုက်ကြတာ ပလူတွေပျံ့နေတာပဲ။ ကျွန်တော်ပြောချင်တာကတော့ ရက်တစ်ရာစီမံကိန်းဆိုတာလည်း မကြေညာသေးပါဘူး။ ခိုးကူးဖမ်းပါလို့လည်း တစ်ခွန်းမှ မပြောသေးဘူး။ ဖမ်းမယ်ဆိုတာတော့ ပြောတယ်။ ကော်မတီဖွဲ့ပြီးရင်တော့ ဖမ်းမယ်။ ဘယ်တော့ ဖမ်းမလဲ မသိသေးဘူး။ ပညာပေးကာလကျော်ရင်တော့ ထောင်ချမယ်။ ဒါကတော့ နမူနာအားဖြင့် ဥပဒေလည်း ရှိတယ်။ ပညာပေးကာလတော့ လုပ်ပါလို့ပြောထားတာရှိတယ်။ သို့သော် အဲ့ဒါကို တရားဝင်ဘယ်မှာမှ မကြေညာသေးဘဲ သတင်းထွက်သွားတယ်ဆိုတာ လုံခြုံရေးစည်းပေါက်တာပဲ။ အတွင်းလူ သတင်းဖြန့်တာပဲလို့ ပြောလို့ရတယ်။ ရုပ်ရှင်လောကက အနုပညာရှင်တွေနဲ့ ပရိသတ်နဲ့ကို ရန်လုည့်တိုက်ပေးနေတာ။ အဲ့ဒါက ဘယ်သူလုပ်တာလဲလို့ နာမည်တပ်ပြီး ပြောလို့ရတယ်။ ရန်ကုန်မြို့မှာ ခိုးကူးအကြီးစား ခုနစ်ယောက်ရှိတယ်။ သူတို့ကိုယ်တိုင်ကပဲ အွန်လိုင်းမှာ မြန်မာကားမကြိုက်သူများတွေ့ဆုံပွဲတွေ ဘာတွေ လုပ်လိုက်တာပါ။ ဘယ်သူတွေဆိုတာလဲ ကျွန်တော် သိတယ်။ အခုမပြောသေးဘူး။ အဲ့ဒီလူတွေနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာတွေ့ပြီဆိုရင် သူတို့လုပ်တဲ့ဒဏ် သူတို့ခံရမှာပဲ။

**Voice : နိုင်ငံခြားဇာတ်ကားတွေကို ဖမ်းပေးဖို့ အနုပညာရှင်တွေက တောင်းဆိုတာလို့ ပရိသတ်တွေက ထင်နေကြတဲ့အပေါ်လည်း ရှင်းပြပေးပါဦး။**

**ZGN :** သေချာတာတစ်ခုကတော့ ခိုးကူးတာကို ဖမ်းဖို့ ဆွေးနွေးတဲ့အထဲမှာ မပါဘူးမဟုတ်ဘူး။ ပါပါတယ်။ ခိုးကူးတွေကို ဖမ်းဖို့အတွက် ကော်မတီဖွဲ့မယ်ဆိုတာလည်းပါတယ်။ ရက်တစ်ရာ စီမံကိန်းဆိုတာလည်းပါတယ်။ ဒါပေမဲ့ အဲ့ဒါက တရားဝင်မကြေညာရသေးဘဲနဲ့ အပြင်ကို ပေါက်သွားတာပါ။ ဒါနဲ့ပတ်သက်ပြီးတော့ မကြာခင်မှာ ကြည့်ဖြူသျှင်တို့ ခေါင်းဆောင်ပြီး သတင်းစာရှင်းလင်းပွဲ လွှတ်တော်က လုပ်လိမ့်မယ်။ အခုလိုမျိုး သတင်းတွေ ဖြန့်တာသည် ကိုယ့်အချင်းချင်းထဲကပဲ ပြန်လုပ်တာဖြစ်တဲ့အတွက် သူတို့သတင်းစာရှင်းလင်းပွဲ လုပ်ပါလိမ့်မယ်။ အဲ့ဒါဆိုရင်တော့ ပိုရှင်းသွားမှာပါ။ ဘယ်သူလုပ်တယ်ဆိုတာလည်း အဲ့ဒီပွဲမှာ ပေါ်ချင်ပေါ်သွားနိုင်ပါတယ်။ တကယ်ကတော့ ရက်တစ်ရာစီမံကိန်းလုပ်ဖို့ အစည်းအဝေးတုန်းက ဆွေးနွေးထားတယ်။ အဲ့ဒီကာလအတွင်းမှာ မဖမ်းဘူး။ ပညာပေးမယ်။ ရက်တစ်ရာပြည့်ရင်တော့ ဖမ်းမယ်လို့ တိုင်ပင်ထားတာ။ ဒါပေမဲ့ အဲ့ဒါတံခါးပိတ် အစည်းအဝေးဗျ။ အပြင်ကို ပေါက်ကြားတာ တော်တော် မကောင်းတဲ့ကိစ္စပါ။

**Voice : မြန်မာကားမကြိုက်သူများတွေ့ဆုံပွဲဆိုပြီး Facebook မှာ Page တစ်ခု ပေါ်လာတာနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုမြင်မိလဲ။**

**ZGN :** အဲ့ဒီ Page လုပ်တဲ့သူကိုပါ ကျွန်တော်တို့ သိတယ်။ ကြည့်မြင်တိုင်ကနေ လုပ်တာပါ။ လုပ်တဲ့သူ ဘယ်သူဆိုတာလည်းသိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မပြောပါဘူး။ သူအပင်ပန်းခံပြီး လုပ်ရတာပဲ အဖတ်တင်မှာပေ့ါ။ အဲ့ဒီ Page မှာဝင်ရေးနေတဲ့သူတွေကို ကြည့်ပြီး သနားမိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က မြန်မာကားမကြိုက်ဘူးပြောပြီး သူတို့ပြောတာက မြန်မာကားတော်တော်စုံနေပြီ။ ကျွန်တော်တောင် သူတို့လောက် မသိဘူး ဖြစ်နေတယ်။ သူတို့ကိုတောင် ကျေးဇူးတောင်တင်မိတယ်။ ကျွန်တော်က သူတို့လောက်ကို မသိဘူး ဖြစ်နေတယ်။

**Voice : ပရိသတ်တွေထောက်ပြတဲ့ တချို့အချက်တွေက အနုပညာလောကအတွက် တကယ်လိုအပ်တဲ့ အချက်တွေဖြစ်နေရင်ရော ဘယ်လိုပြုပြင်သွားသင့်လဲ။**

**ZGN :** အမှန်ကောင်းတာကတော့ ရုပ်ရှင်အစည်းအရုံးကနေပြီး Facebook Page တစ်ခုလုပ်ပေးသင့်တယ်။ ပရိသတ်ဘက်က ပြောချင်တာ ပြောလို့ရတဲ့ Forum သဘောမျိုးပေ့ါ။ အဲ့ဒါမျိုး ဖွင့်ပေးလိုက်ရင် ပိုကောင်းမယ်။ ကိုလူမင်းတို့ကိုလည်း ကျွန်တော် ပြောထားပါတယ်။ ဖွင့်ပေးလိုက်ပါ။ ပြောပါစေ။ ဝေဖန်တာလေ၊ ဘာဖြစ်လဲ။ ပရိသတ်အသံကို နားထောင်ရမှာပေ့ါ။ ကိုယ်က အရင်ဖွင့်ပေးလိုက်တာ ပိုကောင်းတာပေ့ါ။ မြန်မာ့ရုပ်ရှင်နဲ့ပတ်သက်လို့ ပြောချင်တာပြောပေ့ါ။ ကောင်းတာပြောတဲ့သူပါသလို၊ မကောင်းတာပြောတဲ့သူလည်း ပါမှာပဲ။ ကိုလူမင်းကိုလည်း အဲ့ဒီလိုလုပ်ပေးဖို့ အကြံပေးထားတယ်။

# အသရေဖျက်မှုအတွက် အမျိုးသားတစ်ဦးကို တရားစွဲခဲ့တဲ့ ဆောင်းဟေကို

ဆိုးလ်၊ အောက်တိုဘာ ၁၁


soompi.com

နာမည်ကျော်ကိုရီးယားသရုပ်ဆောင် ဆောင်းဟေကိုက သူ့ကို အသရေဖျက်တဲ့စာတွေကို အွန်လိုင်းမှာရေးသားခဲ့တဲ့ အမျိုးသားတစ်ဦးကို တရားစွဲဆိုခဲ့ကြောင်း Kpop Herald.Com မှာ ဖော်ပြထားပါတယ်။

ဆောင်းဟေကိုက နာမည်ကျော်ကြားတဲ့ နိုင်ငံရေးသမားတစ်ယောက်ရဲ့ ငွေကြေးထောက်ပံ့မှုကို လက်ခံရရှိနေပြီး အပြန်အလှန်အနေနဲ့ လိင်မှုကိစ္စအတွက် အသုံးတော်ခံရကြောင်း Mr. Seo ဆိုတဲ့ အမျိုးသားတစ်ဦးက အွန်လိုင်းမှာရေးသားခဲ့တာဖြစ်ပါတယ်။

"ဆောင်းဟေကိုရဲ့နောက်မှာ သူ့ကိုထောက်ပံ့ပေးနေတဲ့ စပွန်ဆာတစ်ဦးရှိပါတယ်။ သူ့ရဲ့အနုပညာအောင်မြင်မှုကလည်း Saenue ပါတီကို ထောက်ခံအားပေးနေတာပါ" လို့ Mr. Seo ဆိုတဲ့ အမျိုးသားက အွန်လိုင်းမှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဆောင်းဟေကိုကို အသရေဖျက်ခဲ့တဲ့အမှုအတွက် Mr.Seo ကို ဆိုးလ်မြို့ခရိုင်တရားရုံးက နေပြီး ဒဏ်ကြေး ကိုရီးယားဝမ်ငွေ သုံးသန်းပေးဆောင်ဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ အလားတူပဲ ဆောင်းဟေကိုက ၂၀၁၂ ခုနှစ် တုန်းက သူ့ကို အသရေဖျက်ခဲ့တဲ့လူ ၄၁ ယောက်ကို တရားစွဲဆိုခဲ့ဖူးပါတယ်။

# "ကျွန်မအချစ်ဇာတ်လမ်းတွေ အဆုံးသတ်သွားတာ ကျွန်မအပြစ်ကြောင့် မဟုတ်ဘူးရှင့်"

ရီဟားနား

အဆုံးသတ်မကောင်းခဲ့တဲ့ အချစ်ရေးကိစ္စတွေအားလုံးမှာ သူမက ပြဿနာမဟုတ်ခဲ့ပါဘူးလို့ ရီဟားနားက ပြောကြားခဲ့ပါတယ်။ သူမရဲ့ ရည်းစားဟောင်းတွေ အားလုံးဟာလည်း ခုဆိုရင် တစ်ကိုယ်တော်တွေ ဖြစ်နေကြဆဲပါပဲ။ အသက် ၂၈ နှစ်အရွယ် အပျိုကြီး ရီဟားနားရဲ့အချစ်ဇာတ်လမ်းဟာ လမ်းခွဲဇာတ်လမ်းတွေက များနေတာမို့ သတင်းတွေ မကြာခဏဖြစ်လေ့ရှိပါတယ်။

ရပ်ပ်တေးသံရှင် ဒရိတ်ခ်နဲ့ ချစ်ကြိုက်ခဲ့လို့ ရည်းစားဟောင်း ခရစ်စ်ဘရောင်းက ၂၀၀၉ မှာ ရိုက်နှက်ခဲ့တဲ့ သတင်းထွက်လာပြီး ခုလိုမျိုး အချစ်ဇာတ်လမ်းက ဂဏန်းမငြိမ်တာတွေ ဖြစ်နေတာပါ။

အော်စကာဆုရ မင်းသားကြီး လီယိုနာဒို ဒီကာပရီယိုနဲ့လည်း သတင်းတွေ ထွက်ခဲ့ပြီးတော့ ခုတော့ တစ်ကိုယ်တည်း အပျိုကြီး လုပ်နေတယ်လို့ ယူဆရပါတယ်။


contactmusic. com

လက်ရှိခုလိုမျိုး တစ်ကိုယ်တည်းဖြစ်နေရတာ သူမ က မကောင်းလို့ မဟုတ်ရပါဘူးလို့ ရီဟားနား က instagram စာမျက်နှာတစ်ရပ်မှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

"ကျွန်မရဲ့ ရည်းစားဟောင်းတွေထဲက တစ်ယောက်ယောက်ဟာ အိမ်ထောင်ကျတာ ဒါမှမဟုတ် ပျော်စရာကောင်းတဲ့ ချစ်သူ ရည်းစား ဆက်ဆံရေးရနေသူ တစ်ယောက်မှ မရှိပါဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် သူတို့နဲ့ လမ်းခွဲရတာဟာ ကျွန်မအပြစ်တော့ မဟုတ်လောက်ပါဘူး" လို့ ရီဟားနားက ပြောကြားလိုက်ခြင်း ဖြစ်ပါတယ်။

# လူသားဦးနှောက်ကို ပြင်ပဓာတ်ခွဲခန်းအတွင်း မွေးမြူ

**လန်ဒန်၊ အောက်တိုဘာ ၁၁**


Cultura RF

လူသားတို့ ဦးနှောက်ကတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် ဝေဒနာများနှင့် ဦးနှောက်၏ လျှို့ဝှက်ချက်များကို လေ့လာ သုံးသပ်နိုင်ရန်အတွက် ကင်းဘရစ်ချ်တက္ကသိုလ် MRC သုတေသနဌာနသည် ဓာတ်ခွဲခန်းအတွင်း လူသား ဦးနှောက် ကို သီးခြားမွေးမြူထားမှုအား အောင်မြင်စွာ ထုတ်ဖော်ပြသ နိုင်ခဲ့ကြောင်း AP သတင်းတွင် ဖော်ပြထားသည်။

မဖြစ်နိုင်ဟု ထင်ထားသည့် ဦးနှောက်မွေးမြူခြင်းတွင် လူသားဦးနှောက် သာမက အခြားကြွက်ကဲ့သို့သော ဦးနှောက် များကိုပါ ပြင်ပတွင် မွေးမြူခြင်းများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဓာတ်ခွဲခန်းအတွင်း ဦးနှောက်အပိုင်းအစလေးများကို စတင်မွေးမြူခြင်းသည် စိတ်ဝေဒနာရှင်များနှင့် စိတ်ကစဥ့် ကလျားဝေဒနာသည်များ ကုသရန်အတွက် ရှေးဦးခြေလှမ်းဖြစ်ကြောင်း ပညာရှင်များက ပြောကြားသည်။

ကမ္ဘာပေါ်တွင် သိပ္ပံပညာရှင်များသည် အသေးစားဦးနှောက်များကို မွေးမြူကာ လေ့လာသုတေသန ပြုနေကြသည်မှာ နှစ်ပေါင်းများစွာကြာနေပြီဖြစ်သော်လည်း အောင်မြင်မှုများကို မဖော်ထုတ်နိုင်သေးကြောင်း၊ ကင်းဘရစ်ချ်ရှိ Molecular ဆေးသိပ္ပံဌာန ဓာတ်ခွဲခန်းမှ ဆေးသုတေသနအဖွဲ့ တာဝန်ထမ်းဆောင်နေကြသော ပညာရှင်များသည် ဦးနှောက်မွေးမြူခြင်းကို အောင်မြင်စွာ ဖော်ထုတ်ပြနိုင်ခဲ့ကြောင်း Mirror သတင်းတွင်လည်း ရေးသားထားသည်။

ဦးနှောက်ကို ဆဲလ်များဖြင့် ဖန်တီးခြင်းဖြစ်ပြီး ပထမပိုင်းတွင်း လူသားကိုယ်ခန္ဓာအတွင်း မည်သည့်ဆဲလ်ကိုမဆို မွေးမြူနိုင်ခဲ့ပြီးမှ ဦးနှောက်ကို ဆဲလ်များကတစ်ဆင့် မွေးမြူနိုင်ခဲ့ခြင်းဖြစ်သည်။

ဦးနှောက်၏ ကြီးထွားဖွံ့ဖြိုးမှုသည် လူသားတစ်ဦး သန္ဓေသား ဖွံ့ဖြိုးသည့်အတိုင်း အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာကြောင်း ယင်းအဖွဲ့ကို ဦးဆောင်နေသူ ဒေါက်တာ လန်ကက်စတာကလည်း ပြောကြားသည်။

ဆဲလ်များသည် ပရိုတိန်းများကိုစားပြီး ကြီးထွားဖွံ့ဖြိုးလာရကြောင်း၊ ဦးနှောက်ဆဲလ်များသည် ဖွံ့ဖြိုးအား အလွန်ကောင်းသည့် ဆဲဖြစ်ပြီး အကြမ်းလည်းခံကြောင်း ယင်းကဆိုသည်။

လူသားတို့၏ ဆဲလ်များကို အထူးပြုလုပ်ထားသည် ဂျယ်လီတစ်မျိုးအတွင်းစိမ်ပြီး အနွေးဓာတ်ပေးထားရသော အခန်းထဲတွင် သီးသန့်မွေးရသည်ဟု လန်ကက်စတာကဆိုသည်။

လူသားဦးနှောက်ကို ပုလင်းအတွင်း မွေးမြူခြင်းကို ၂၀၁၃ ခုနှစ်တွင် ပညာရှင်များက စတင်လုပ်ဆောင်ခဲ့ကြပြီး စိတ်ရောဂါရှင်ဝေဒနာသည်များကို အစားထိုးကုသနိုင်ရန် ရည်ရွယ်ပြီး စမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။

Plymouth တက္ကသိုလ်မှ ဒေါက်တာ မာတင်ကိုသ်ကမူ လူသားဦးနှောက်တစ်ခု၏ ခံစားချက်၊ မျှော်လင့်ချက်၊ အိပ်မက်များအတိုင်း ပြင်ပတွင် ဦးနှောက်တစ်ခုဖြစ်လာစေရန် ဖန်တီး၍ မလွယ်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။ ■

# ဆူညံသည့်အသံများကို ဖယ်ရှားပေးနိုင်သော ဗလုံစီ စပီကာတီထွင်

**ဝါရှင်တန်၊ အောက်တိုဘာ ၁၁**


Cambridge Sound Management

အိပ်ခန်းအတွင်း ရေဗလုံစီထွက်နေသော အသံလေးများကို ဖန်တီးပေးထားခြင်းဖြင့် ပတ်ဝန်းကျင်မှာ ဆူညံသည့်အသံများကို ဖျောက်ပေးရုံမကကောင်းစွာ အိပ်စက် စေနိုင်သော စပီကာလေးများကို Cambridge Sound Management အဖွဲ့က တီထွင်ထုတ်လုပ်ခဲ့ကြောင်း Daiy Mail သတင်းတွင် ဖော်ပြထားသည်။

Nightingale ဟုအမည်ပေးထားသည့် ယင်းစက် လေးများသည် ဒေါ်လာ ၂၄၉ တန်ဖိုးဖြင့် ထုတ်လုပ်ရန် ပြင်ဆင်နေပြီး အသံပေါင်း ၁၅ သံကို ထုတ်လုပ်နိုင်ရန် စီစဥ်ကာ ယင်းကထုတ်ပေးသည့် အသံလေးများကို ကြားရမည် မဟုတ်ဘဲ ပတ်ဝန်းကျင်မှ အသံများကိုပါ ထိန်းချုပ်ပေးနိုင်စွမ်းရှိကြောင်း ယင်းသတင်းကဆိုသည်။

အသံများကို ထူးခြားစွာ ထိန်းချုပ်နိုင်စွမ်းရှိသည့် ယင်းစပီကာလေးများဖြင့် ကောင်းစွာ အိပ်စက်နိုင်ပြီး ကျန်းမာရေးကိုပါ အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ တီထွင်ခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ ခရစ်တိုဖာ ကလီစီကပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် လူလေးဦးလျှင် တစ်ဦးသည်ကောင်းစွာအိပ်စက်ခြင်း မပြုနိုင်သူများဖြစ်ကြောင်း၊ အိပ်ရေးမဝခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပျက်သည့် ဝေဒနာများဖြစ်သော သွေးတိုး၊ နှလုံး၊ အဝလွန်၊ စိတ်ကျဝေဒနာများကို ခံစားနေကြရသူများ လာကြောင်း၊ ပျော်ရွှင် စိတ်ချမ်းမြေ့စွာဖြင့် အိပ်စက်နိုင်သူများဖြစ်စေရန် ရည်ရွယ်ကြောင်း ကလီစီကဆိုသည်။

Nightingale စက်ကလေးများ၏ အခြားစက်များနှင့် မတူသည့်အချက်မှာ သစ်သားကြမ်းခင်း၊ ကော်ဇောများ ခင်းထားသည့် အခန်းနှင့် စောင်ခြုံထားလျှင် အသံဖျောက်လှိုင်းများသည် တစ်ခန်းလုံးတွင် လွှမ်းခြုံကာ ဝန်းကျင်မှ ဆူညံသံများကို ထိန်းချုပ်ပေးထားနိုင်မည်ဖြစ်သည်။

အိပ်စက်ခြင်းတွင် ဆူညံသံများမထွက်ဘဲ တိတ်ဆိတ်ခြင်းက ၇၂ ရာခိုင်နှုန်းခန့်အရေးပါကြောင်း၊ ကောင်းစွာ အိပ်စက်နိုင်ရန် အသံများကို ထိန်းချုပ်သည့် စနစ်အား Apple ကုမ္ပဏီကလည်း iOS ဆော့ဖ်ဝဲကတစ်ဆင့် တီထွင်ပေးသေးကြောင်း၊ Nightingale စက်လေးများက တစ်ကိုယ်လုံးကို လွှမ်းခြုံထားသကဲ့သို့ အသံကို အုပ်ပေးထားသဖြင့် အိပ်စက်ရသည်မှာ ပိုပြီးကောင်းမွန်ကြောင်း Daily Mail တွင်ရေးသားထားသည်။ ■

## NEWS IN BRIEF

### အင်္ဂါဂြိုဟ်ခရီးတွင် လူသားတို့ဦးနှောက်ပျက်စီးသွားနိုင်ဟုဆို

အင်္ဂါဂြိုဟ်ပေါ်သို့ အပြိုင်အဆိုင်ရောက်ရေး ကြိုးပမ်းနေကြချိန်တွင် ကာလီဖိုးနီးယားပြည်နယ် Irvine တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အာကာသခရီးသွားများ၏ ဦးနှောက်ပျက်စီးသွားနိုင်ကြောင်း အထောက်အထားများကို ထုတ်ဖော်တင်ပြလိုက်ကြောင်း Cnet သတင်းတွင် ဖော်ပြထားသည်။

အင်္ဂါဂြိုဟ်ပေါ်သို့ သွားမည့် အာကာသခရီးစဥ်သည် အနည်းဆုံး ၉ လတိုင်အောင်ကြာမြင့်နိုင်ကာ ထိုကာလအတွင်း အာကာသထဲမှ ကောစမစ်ရောင်ခြည်များ၏သက်ရောက်မှုကို ခံရပြီး လူသားတို့ ဦးနှောက်ပျက်စီးသွားနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

အာကာသအတွင်းရှိ ဒြပ်မှုန်လေးများသည်လည်း လူသား၏ အာရုံခံစနစ်များကို ပျက်စီးစေနိုင်သဖြင့် အာကာသ အတွင်း လူသား၏ကြာမြင့်စွာ နေထိုင်ခြင်းမှာ ရလဒ်မကောင်းနိုင်ကြောင်း ပါမောက္ခ ချားလ်စ်လီမိုလီက ပြောကြားသည်။ ■

### ကင်းကောင်ရုပ်ရှင်ကို မျောက်ဝံများအား ကြည့်ရှုစေပြီး စိတ်အနေအထားစမ်းသပ်

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ စိတ်ပညာရှင်များသည် ကမ္ဘာကျော် King Kong ဆိုသည့် ရုပ်ရှင်ဇာတ်ကားကို မျောက်ဝံများအား ကြည့်ရှုစေပြီး စမ်းသပ်ခဲ့ရာတွင် မျောက်ဝံများ၌ စိတ်ရှုပ်ထွေးပြီး လူသားတို့ကဲ့သို့ ခံစားမှုများ ဖြစ်ပေါ်သည်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

လူသားတို့နှင့် အနီးစပ်ဆုံးတူညီသည့် မျောက်ဝံမျိုးများဖြစ်သော ချင်ပန်ဇီ၊ ဘိုနိုဘိုနှင့် အိုရန်ဂူတန် မျောက်တို့ကို ယင်းရုပ်ရှင်ဇာတ်ကား ဗီဒီယိုအား ပြသပြီး မျောက်များ၏ မျက်လုံးနှင့် စိတ်လှုပ်ရှားမှုများကို ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ပညာရှင်များ၏ စမ်းသပ်ချက်အရ စိတ်ခံစားမှုကို လူသားတို့သာ ပြုလုပ်နိုင်ကြောင်းဆိုသည့် အချက်မှာ မမှန် ကြောင်း၊ မျောက်ဝံများသည်လည်း စိတ်လှုပ်ရှားမှုနှင့် ခံစားမှုမှာ လူသားတို့နှင့် ကွာခြားမှုမရှိလှကြောင်း ပညာရှင်များ၏ ပြောကြားချက်ကို Reuters တွင် ရေးသားထားသည်။ ■

### Galaxy Note 7 ဖုန်းများ လက်ဝယ်ရှိသူ ဖုန်းများကို ပါဝါပိတ်ထားရန်ညွှန်ကြား

ကမ္ဘာအနှံ့ ဖြန့်ချိပြီးသည့် Samsung ကုမ္ပဏီထုတ် Galaxy Note 7 ဖုန်းများကို ပေါက်ကွဲမီးလောင်မှုများကြောင့် ပြန်သိမ်းဆည်းနေသည်ဆိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အရောင်းဆိုင်များသို့ ပြန်ပို့ပေးနိုင်ခြင်း မရှိသေးသူများအနေနှင့် ဖုန်းပါဝါများကို ပိတ်ထားပေးပါရန် ကုမ္ပဏီက ထပ်မံညွှန်ကြားလိုက်ကြောင်း CNN သတင်းတွင်ဖော်ပြထားသည်။

ယခုလို မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပွားရခြင်းမှာ Lithium-ion ဘက်ထရီများ၏ အပူလွန်ကဲမှုဒဏ်ကို မခံနိုင် ခြင်းကြောင့်ဖြစ်ကြောင်း Samsung ကုမ္ပဏီက ထုတ်ပြန်ထားသည်ဟု ယင်းသတင်းကဆိုသည်။

တစ်ကမ္ဘာလုံးတွင် Galaxy Note 7 ဖုန်းအလုံးပေါင်း ၂ ဒသမ ၅ သန်းကို ဖြန့်ချိထားပြီး၊ ပြန်သိမ်းကာ လဲပေးနေသည့် ဖုန်းများတွင်လည်း ထပ်မံမီးလောင်ပေါက်ကွဲမှုများဖြစ်နေကြောင်း CNN တွင် ရေးသားထားသည်။ ■

### အနာကျက်မြန်သည့် လျှပ်စီးပတ်တီး NASA အဖွဲ့တီထွင်

အမေရိကန်အာကာသသိပ္ပံ NASA အဖွဲ့သည် လျှပ်စစ်ဓာတ်အားကို စီးဆင်းစေပြီး ဒဏ်ရာရထားသော အနာများကို အမြန်ဆုံးကျက်သွားစေမည့် နည်းလမ်းကို တီထွင်အောင်မြင်ခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြ ထားသည်။

ယင်းပတ်တီးက ဒဏ်ရာရသည့်အပေါ်ယံ၌ အုပ်ထားပေးပြီး ကိုယ်ခန္ဓာ၏ အပူရှိန်နှင့် ပတ်တီး၏ ဖိအားကြောင့် ထွက်ပေါ်လာသည့် လျှပ်စီးဓာတ်က ဒဏ်ရာကို အမြန်ဆုံး ကျက်သွားစေရန် ဖန်တီးပေးနိုင်ကြောင်း ယင်း သတင်းကဆိုသည်။

ပတ်တီးတွင်ထည့်သွင်းထားမည့် ဂွမ်းစများဖြစ်သည့် Polyvinylidene Flouride တို့သည် လျှပ်စစ်ဓာတ်အားကို သွင်းစရာမလိုဘဲ လူ၏အပူရှိန်နှင့်ပင် ထုတ်ပေးနိုင်မည့်စနစ်ဖြစ်သည်၏ NASA ကထုတ်ပြန်ထားသည်။ ■

### ပိုးချည်ထုတ်သည့်ပိုးများကို ဂရပ်ဖင်းများကျွေးပြီး ခိုင်မာသည့်ပိုးချည်များထုတ်

ဂရပ်ဖင်းပါသည့် ကာဗွန်ဓာတ်များကို ပိုးချည်ထုတ်သည့် ပိုးများအားကျွေးပြီး ယခင်ထုတ်လုပ်နေသော ပိုးချည်မျှင်များထက် ပိုမိုခိုင်မာအောင် ထုတ်လုပ်နိုင်ကြောင်း တရုတ်နိုင်ငံ၊ ဘေဂျင်းရှိ ဆင်ဟွာ တက္ကသိုလ်မှ ပညာရှင်များ၏ ထုတ်ဖော်မှုကို AFP သတင်းတွင်ဖော်ပြထားသည်။

ယင်းတက္ကသိုလ်မှ ပညာရှင်များသည် Graphene ပါသည့် ကာဗွန်ဓာတ်များကို ပိုးကောင်များစားသည့် ပိုးစာရွက်များတွင် သုတ်လိမ်းပြီးနောက် ကျွေးသည့်အခါတွင် ခိုင်မာသည့်ချည်များထုတ်ပေးနိုင်သည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း ယင်းသတင်း ကဆိုသည်။

ဂရပ်ဖင်းကို ပညာရှင်များသည် ၂၀၀၄ ခုနှစ်ကတည်းက တီထွင်ဖော်ထုတ်ခဲ့ပြီး ဂရပ်ဖင်းပေါင်းစပ်သော သံများသည် မူလသာမန်သံများထက် အဆ ၂၀၀ ပိုပြီးခိုင်မာကြောင်း AFP တွင် ရေးသားထားသည်။ ■

# "နယ်ကျောင်းတချို့ထဲမှာ တောင်ငူက ပထမဦးဆုံးလို့ ပြောလို့ရပါတယ်"

## တောင်ငူကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ် (တာဝန်ခံ) ဒေါက်တာ အိအိလှိုင်နှင့် တွေ့ဆုံခြင်း

ဇေယျာကို

**တောင်ငူမြို့ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တောင်ငူကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ နည်းပညာထုတ်ကုန်ပြပွဲ Product Show-2016 ကိုအောက်တိုဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့ရာ ယင်းပွဲကို ဦးဆောင်ကျင်းပခဲ့သည့် တောင်ငူကွန်ပျူတာတက္ကသိုလ် (တာဝန်ခံ ကျောင်းအုပ်) ဒုတိယပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**



**Voice : အခုလိုနည်းပညာ ထုတ်ကုန်ပြပွဲကို ကျင်းပနိုင်ခဲ့တာ ဘယ်နှကြိမ်လောက်ရှိပါပြီလဲ။**

**Dr.EEH :** အများသိကြတာက တောင်ငူကွန်ပျူတာတက္ကသိုလ်မှာ နည်းပညာထုတ်ကုန်ပြပွဲကျင်းပခဲ့တာ နှစ်ကြိမ်ပါ။ အမှန်တကယ် ပြောရရင်တော့ ၂၀၁၃ ခုနှစ်နဲ့၁၄ ခုနှစ်မှာ ပြည်သူကို ထုတ်မပြဘဲနဲ့ ဌာနဆိုင်ရာတွေကို ခင်းကျင်းပြသပြီး လိုအပ်တဲ့ နည်းပညာရပ်တွေကို စတင်ကူညီခဲ့တာ ဖြစ်ပါတယ်။ အများပြည်သူကို ချပြတာကတော့ ၂၀၁၅ ခုနှစ်က ပထမအကြိမ်ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် အခုပွဲက လေးကြိမ်မြောက်လို့ပြောလို့ရပါတယ်။

**Voice : မြန်မာတစ်နိုင်ငံလုံးက ကွန်ပျူတာတက္ကသိုလ်တွေထဲမှာ ခုလိုနည်းပညာထုတ်ကုန်ပြပွဲမျိုး စီစဉ်ပြသနိုင်တဲ့ကျောင်း ဘယ်နှကျောင်းရှိပါသလဲ။ နောက်တစ်ခုက ဘယ်ကျောင်းတွေလဲဆိုတာပြောပြပေးစေချင်ပါတယ်။**

**Dr.EEH :** အခုလိုထုတ်ကုန်ပြပွဲမျိုးကို အရင်က သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန အခုတော့ပညာရေးဝန်ကြီးဌာန လက်အောက် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်လို ကျောင်းကြီးတချို့နဲ့ ရတနာပုံတယ်လီပို့စ်ကျောင်းလိုမျိုး ကျောင်းကြီးတွေကပဲလုပ်နိုင်ပါသေးတယ်။ နယ်ကျောင်းတချို့ထဲမှာ တောင်ငူက ပထမဦးဆုံးလို့ ပြောလို့ရပါတယ်။ နောက်ပိုင်းမှာ နယ်ကျောင်းတွေက တချို့လည်းလုပ်ဆောင်ဖို့ ကြိုးပမ်းနေကြပါတယ်။

**Voice : အခုလို နည်းပညာထုတ်ကုန်ပြပွဲကို ဦးဆောင်စီစဉ်ကျင်းပရတဲ့ ရည်ရွယ်ချက်လေးကို သိပါရစေ။**

**Dr.EEH :** နည်းပညာ ထုတ်ကုန်ပြပွဲကို ဦးဆောင်စီစဉ်ကျင်းပရတဲ့ ရည်ရွယ်ချက်က ကျောင်းသူ၊ ကျောင်းသားတွေရဲ့ တီထွင်ဖန်တီးနိုင်တဲ့ စွမ်းရည်မြင့်မားလာစေဖို့နဲ့ပြင်ပနယ်ပယ်က အတွေ့အကြုံတွေရရှိစေရေးအတွက်အပြင် နောင်တစ်ချိန်မှာ IT နည်းပညာရပ်နယ်ပယ်ကို ဦးဆောင်နိုင်တဲ့ ပညာရှင်ကောင်းတစ်ယောက် ဖြစ်စေဖို့အတွက်ပါ။ နောက်တစ်ခုကဒေသတွင်း ဌာနဆိုင်ရာတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် တစ်ဖက်တစ်လမ်းက နည်းပညာရပ်တွေနဲ့ပတ်သက်ပြီး ကူညီပံ့ပိုး ပေးစေချင်လို့ ဖြစ်ပါတယ်။

**Voice : နည်းပညာထုတ်ကုန်ပြပွဲကျင်းပတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနက အားပေးတာမျိုး ရှိပါသလား။ နောက်တစ်ခုက ပြင်ပက နည်းပညာရှင်တွေရဲ့ အကူအညီယူရတာမျိုးကော ရှိပါသလား။**

**Dr.EEH :** နည်းပညာထုတ်ကုန်ပြပွဲတွေ လုပ်နေတာနဲ့ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနကလည်း အားပေးပါတယ်။ ဒီပြပွဲပြုလုပ်ဖို့ စီမံချက်ရေးပြီး တင်ရတာမျိုးတော့ရှိပါတယ်။ ထုတ်ကုန်ပြပွဲနဲ့ပတ်သက်လို့ပြင်ပက ပညာရှင်တွေ မပါဝင်ပါဘူး။ ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေ ကျောင်းသူကျောင်းသားတွေရဲ့အစွမ်းရှိသမျှ အားထုတ်ကြိုးပမ်းမှုတွေဖြစ်ပါတယ်။ စီးပွားရေး နယ်ပယ်နဲ့ သက်ဆိုင်တဲ့လုပ်ငန်းဆိုင်ရာ သဘောသဘာဝတွေကိုတော့ကုမ္ပဏီတစ်ခုက လာရောက်ရှင်းလင်းဆွေးနွေးပေးတာမျိုးတော့ ရှိပါတယ်။

**Voice : နည်းပညာထုတ်ကုန်ပြပွဲကျင်းပတဲ့အခါမှာ ဒီပွဲကို လာရောက်ကြည့်ရှုကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဌာနဆိုင်ရာတွေ IT သင်တန်းတွေက သူတို့လုပ်ငန်းနဲ့ပတ်သက်တဲ့နည်းပညာဆော့ဖ်ဝဲမျိုး အလုပ်အပ်နှံတာမျိုးကော ရှိပါသလား။**

**Dr.EEH :** ဒီနေ့ကျင်းပတဲ့ပွဲမှာပြသထားတဲ့ ဆော့ဝဲလ်တွေအားလုံးကတော့ လိုအပ်သူတိုင်းကို အခမဲ့ပေးအပ်သွားမှာဖြစ်ပေမယ့် နေ့လယ်ပိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံသွားဖို့ရှိသလို သူတို့လိုအပ်လို့အပ်နှံနဲ့ဆော့ဖ်ဝဲမျိုးကိုတော့ကျောင်းက Team တစ်ခုနဲ့ လက်ခံပြုလုပ်ပေးသွားဖို့ရှိပါတယ်။ လုပ်ငန်းအပ်နှံတဲ့အရာတွေကိုတော့ ကျောင်းကကြားခံ အနေနဲ့ပဲ လတ်တလောမှာလုပ်ဆောင်သွားဖို့ရှိပြီး လုပ်ငန်းနဲ့ပတ်သက်တဲ့ငွေကြေးပိုင်းဆိုင်ရာကို ပါဝင်သွားဖို့မရှိပါဘူး။ နောက်ပိုင်းမှာ ကျောင်းရန်ပုံငွေရရှိဖို့သတ်သတ်လုပ်ငန်းလက်ခံမှုမျိုးတွေ ပြုလုပ်သွားဖို့ရှိနေပါတယ်။

**Voice : တစ်နိုင်ငံလုံးမှာ ကွန်ပျူတာတက္ကသိုလ်ပေါင်းဘယ်လောက်ရှိပါသလဲဆိုတာရယ် တောင်ငူကွန်ပျူတာတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့တဲ့ နှစ်အပိုင်းအခြားနဲ့ လက်ရှိဆရာဆရာမအင်အား၊ ကျောင်းသားအရေအတွက်ကိုလည်း ပြောပြပေးစေချင်ပါတယ်။**

**Dr.EEH :** တစ်နိုင်ငံလုံးမှာ ကွန်ပျူတာ တက္ကသိုလ်နဲ့ကောလိပ်ပေါင်း ၂၅ ကျောင်းရှိနေပြီး တောင်ငူကွန်ပျူတာတက္ကသိုလ်ကို ကောလိပ်အဆင့်နဲ့၁၉၉၇ ခုနှစ်လောက်က ရေတာရှည်မြို့နယ် နန်ခွန်ကျေးရွာအနီးမှာ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၀ ခုနှစ်မှာတော့ တက္ကသိုလ်အဆင့် ပြောင်းလဲနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ကွန်ပျူတာတက္ကသိုလ်ကို တောင်ငူမြို့ကံရိုးကျေးရွာအနီးက အရင်နည်းပညာကောလိပ်နေရာကိုပြောင်းရွှေ့ဖွင့်လှစ်ထားပါတယ်။ လက်ရှိမှာ ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀၀ လောက်ရှိနေပါတယ်။

**Voice : အခုပြပွဲမှာ ကျောင်းသား၊ ကျောင်းသူအရေအတွက် ဘယ်လောက်က ပါဝင်ပြသခဲ့သလဲဆိုတာရယ်၊ ဘာတွေကို ပြသခဲ့တယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။**

**Dr.EEH :** ပြပွဲမှာ ကျောင်းသားအုပ်စု ၃၃ စု ကနေပြီးတော့ ပရောဂျက်ပေါင်း ၃၃ ခုကို တီထွင်ရေးသားပြသခဲ့ပါတယ်။ အုပ်စုတစ်စုကို တစ်ယောက်ကနေ အများဆုံး ခုနစ်ယောက်အထိရေးဆွဲထားတဲ့ Kid Dictionary တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်၊ ကွန်ပျူတာ၊ လျှပ်စစ်နဲ့ အင်္ဂလိပ်ဘာသာနဲ့ ပတ်သက်တဲ့ Dictionary တွေ တောင်ငူခရီးသွားလမ်းညွှန်စာအုပ်၊ Game ပြိုင်ပွဲတွေသာမက ဗုဒ္ဓဝင်အကျဉ်းတွေအပြင် ဌာနဆိုင်ရာ လုပ်ငန်းတွေနဲ့ဆက်စပ်တဲ့ နည်းပညာဆော့ဖ်ဝဲတွေကို ပြသပေးခဲ့ပါတယ်။

**Voice : အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ■

**ဇေယျာကို**



# ဆော်ဒီလေကြောင်းတိုက်ခိုက်မှုများကို ယီမင် ဟော်တီသူပုန် ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်

**ဆာနာ၊ အောက်တိုဘာ ၁၀**

ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏လေကြောင်းတိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေနှင့် ဆော်ဒီနိုင်ငံအတွင်းပိုင်းဒေသအထိ ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်း၊ အမေရိကန်စစ်သင်္ဘော တစ်စင်းကို ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်း စသည့် တိုက်ခိုက်မှုများဖြင့် ယီမင်အခြေစိုက် ဟော်တီသူပုန်များက လက်တုံ့ပြန်လျက်ရှိကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ယီမင်ထိပ်တန်းနိုင်ငံရေးနှင့် လုံခြုံရေး ခေါင်းဆောင်များ တက်ရောက်သည့် အသုဘတစ်ခုကို ဆော်ဒီညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းက တိုက်ခိုက်လိုက်ခြင်းကြောင့် ယီမင် လူ့အဖွဲ့အစည်းတစ်ခုလုံး ဒေါသထွက်လျက်ရှိပြီး ဩဇာကြီးမားသည့် ယီမင်လူမျိုးစုများ ဟော်တီသူပုန်အုပ်စုနှင့် ပူးပေါင်းရန် အလားအလာကောင်းလျက်ရှိသည်။

ယင်းကဲ့သို့တိုက်ခိုက်မှု ပေါ်ပေါက်လာပြီးနောက်တွင် ဆော်ဒီအလယ်ပိုင်း တာအစ် စစ်အခြေစိုက်စခန်း ပစ်မှတ်ထားတိုက်ခိုက်သည့် ဟော်တီဒုံးကျည်တစ်စင်းကို ဆော်ဒီက ကြားဖြတ်ပစ်ချလိုက်ရသည်။

ဆော်ဒီနိုင်ငံတွင်းသို့ ဟော်တီသူပုန်များ ဒုံးကျည်ဖြင့် ပစ်ခတ်လေ့ရှိသော်လည်း လက်ရှိပစ်ခတ်မှုသည် ယခင်ပစ်ခတ်မှုထက် ပိုမိုအတွင်းပိုင်းကျသည့် နေရာကို ပစ်ခတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်။

ထို့ပြင် ယီမင်အလယ်ပိုင်းရှိ အစိုးရလိုလားသော ပြည်သူ့စစ်များ၏အခြေစိုက်စခန်းတစ်ခုကိုလည်း ဟော်တီသူပုန်များက ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သေးသည်။

ယင်းအပြင် ယီမင်ကမ်းလွန်ပင်လယ်တွင် ခုတ်မောင်းနေသည့် အမေရိကန်စစ်သင်္ဘော USS Mason ကိုလည်း ဟော်တီထိန်းချုပ်နယ်မြေထဲမှနေ၍ ဒုံးကျည်နှစ်စင်းဖြင့် ချိန်ရွယ်ပစ်ခတ်ခဲ့သေးသည်။

လွန်ခဲ့သည့် နှစ်နှစ်ခန့်မှစတင်ပြီး ယီမင်မြို့တော် ဆာနာကို ဟော်တီသူပုန်များက သိမ်းပိုက်ခဲ့ပြီး ပြည်ပသို့ထွက်ပြေးခဲ့ရသည့် ယီမင်သမ္မတ မန်ဆာအယ်ဟာဒီကို အာဏာပြန်လည်ပေးအပ်နိုင်ရန် ဆော်ဒီ ဦးဆောင် အာရပ်နိုင်ငံများက ဝင်ရောက် ကူညီတိုက်ခိုက်လျက်ရှိသည်။

ဟော်တီသူပုန်များသည် ရှီးယိုက်ဘာသာဝင်များဖြစ်ပြီး ယီမင်မြောက်ပိုင်းဒေသရှိ သက်တမ်းထောင်ချီရှိသည့် မင်းနိုင်ငံတစ်ခုကို အုပ်စိုးခဲ့သည့် မျိုးနွယ်စုများဖြစ်ကာ စစ်တပ်ယူနစ်များစွာ၏ ထောက်ခံမှုကို ရရှိထားသည်။

အဆိုပါဟော်တီသူပုန်များသည် အီရန်၏လက်ဝေခံများဖြစ်သည်ဟု ဆော်ဒီက စွပ်စွဲထားသော်လည်း မိမိတို့သည် အကျင့်ပျက်သည့် အစိုးရကို ဆန့်ကျင်သည့် အမျိုးသားတော်လှန်မှုကို ဦးဆောင်နေသူများဖြစ်သည်ဟု ပြောကြားထားသည်။■



Reuters

ဟော်တီသူပုန်များကို အီရန်က ထောက်ပံ့ထားသည်ဟု ဆော်ဒီက စွပ်စွဲထားသည်



Reuters

စင်ကာပူကျန်းမာရေးအာဏာပိုင်များ ခြင်နှိမ်နင်းနေစဉ်

# အာရှတွင် ဇီကာဗိုင်းရပ်စ်ကူးစက်မှု မြင့်မားနိုင်ဟု WHO သတိပေး

**ကုလာလမ်ပူ၊ အောက်တိုဘာ ၁၁**

အာရှဒေသတွင် ဇီကာဗိုင်းရပ်စ်ကူးစက်မှု အထူးပင်မြင့်မားနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိပေးလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

စင်ကာပူတွင် ဗိုင်းရပ်စ်ကူးစက်မှု အရေအတွက် ရာဂဏန်းရှိသည်ဟု အစီရင်ခံစာရရှိထားပြီး ထိုင်းနိုင်ငံတွင်လည်း ဇီကာနှင့် ဆက်စပ်သော ဦးခေါင်းသေးကလေးငယ် (Microcephaly) မွေးဖွားမှု နှစ်ခုကို အတည်ပြုချက် ရရှိထားသည်။

ခြင်မှတစ်ဆင့် ကူးစက်သောဗိုင်းရပ်စ်ကို ကမ္ဘာတစ်လွှား နိုင်ငံပေါင်း ၇၀ တွင် တွေ့ရှိထားပြီး အာရှပစ္စဖိတ်ဒေသမှ အနည်းဆုံး ၁၉ နိုင်ငံ ပါဝင်သည်။

၎င်းဗိုင်းရပ်စ်ကို ကိုင်တွယ်ရန် နည်းလမ်းများကို ပညာရှင်များက ရှာဖွေလေ့လာနေဆဲဖြစ်သည်ဟု WHO ဒါရိုက်တာ မာဂရက်ချမ်းက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာတွင် ပြုလုပ်သည့် WHO ဒေသတွင်း အစည်းအဝေးတွင် "စိတ်မကောင်းပါဘူး။ အရေးကြီးတဲ့ မေးခွန်းတွေအတွက် သိပ္ပံပညာရှင်တွေမှာ အဖြေမရှိသေးပါဘူး" ဟု ၎င်းက ပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်သည် ယေဘုယျအားဖြင့် သက်ရောက်မှုမပြင်းထန်သော်လည်း Microcephaly အပါအဝင် ကြီးမားသော မွေးရာပါချို့ယွင်းမှုများနှင့် ဆက်စပ်နေသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် များစွာအန္တရာယ်ရှိသည်။

ဇီကာဗိုင်းရပ်စ်သည် အာရှတွင် နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သော်လည်း ယခုကဲ့သို့အကြီးစားကူးစက်ပြန့်ပွားမှုသည် မကြာသေးမီနှစ်ပိုင်းအတွင်း ဘရာဇီးနိုင်ငံမှ အစပြုခဲ့ခြင်းဖြစ်သည်။ ■

# ကိုလံဘီယာသမ္မတက နိုဘယ်လ်ဆုငွေများကို စစ်ဘေးသင့်သူများထံ လှူဒါန်း

**ဘိုဂိုတာ၊ အောက်တိုဘာ ၁၁**

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရာယ်ဆန်တိုစ်က ၎င်းရရှိသော နိုဘယ်လ်ဆုငွေကို ကိုလံဘီယာအစိုးရနှင့် FARC သူပုန် များအကြား နှစ်ပေါင်း ၅၀ စစ်ပွဲတွင် ဘေးဒဏ်သင့်သူများအား လှူဒါန်းမည်ဟု ပြောကြားလိုက်ကြောင်း VOA သတင်းတွင် ဖော်ပြထားသည်။

သမ္မတဆန်းတော့စ်သည် ယခုနှစ်အစောပိုင်းတွင် သူပုန်များနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိခဲ့သောကြောင့် ဒေါ်လာ ၉၀,၀၀၀ ကျော်ချီးမြှင့်မည့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို သောကြာနေ့က ရရှိခဲ့သည်။

ဆုငွေများကို ဘေးဒဏ်သင့်ပြည်သူများအရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို ကိုင်တွယ်မည့် စီမံကိန်းများ၊ ဖောင်ဒေးရှင်းများ၊ အစီအစဉ်များသို့ လှူဒါန်းမည်ဟု ဆန်တိုစ်က တနင်္ဂနွေနေ့တွင် ပြောကြားသွားသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်နှင့် ပတ်သက်၍ ယခင်အပတ်က ဆန္ဒခံယူပွဲပြုလုပ်ရာတွင် ကိုလံဘီယာပြည်သူများက ပွတ်ကာသီကာ ပယ်ချခဲ့လျှင်လည်း သူပုန်များနှင့် ငြိမ်းချမ်းရေးရရန် ဆက်လက်ကြိုးစားသွားရန် ဆုံးဖြတ်ထားသည်ဟု ၎င်းက ဆိုသည်။

"ကျွန်တော်တို့မဆုတ်မနစ် ကြိုးစားသွားမယ်။ လက်မှတ်ထိုးထားတဲ့ သဘောတူညီချက်ကို အကောင်အထည် ဖော်နိုင်တဲ့အထိ ကြိုးစားသွားမယ်။ သဘောတူထားပြီးသားကို ညှိနှိုင်းဖို့ လိုအပ်ရင်လည်း ညှိနှိုင်းသွားမယ်"ဟု ဆန်တိုစ်က ပြောကြားသည်။

၂၀၀၂ ခုနှစ်တွင် သူပုန်များက ဘုရားကျောင်းတစ်ခုကို ဗုံးဆန်ဖြင့် ပစ်ခတ်မှုကြောင့် အရပ်သား ၁၀၀ ကျော် သေဆုံးမှုဖြစ်ပွားခဲ့သော ဘိုဂျာယာတွင် သမ္မတဆန်တိုစ်က မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်းငါးဆယ် ပြည်တွင်းစစ်တစ်လျှောက် စုစုပေါင်း ပြည်သူ နှစ်သိန်းခွဲခန့် သေဆုံးခဲ့ရသည်။

ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးခဲ့ကြသော ကိုလံဘီယာပြည်သူများက ၎င်းသဘောတူညီချက်တွင် FARC သူပုန်များအနေနှင့် ယခင်က ကျူးလွန်ခဲ့သော အစုအပြုံလိုက် သတ်ဖြတ်မှုနှင့် အကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်နှင့် ထောင်ဒဏ်ကို မခံယူဘဲ ရှောင်ရှားနိုင်မည့်အချက်ကို အမျက်ထွက်ခဲ့ကြခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုထားကြသည်။ ■



Reuters

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူ ရာယ်ဆန်တိုစ်

# အီသီယိုးပီးယား မငြိမ်သက်မှုများအတွက် နိုင်ငံခြားသားများကို အပြစ်ဖို့

**အဒစ်အဘာဘာ၊ အောက်တိုဘာ ၁၀**

မြေသိမ်းမှုနှင့် လူ့အခွင့်အရေးကိစ္စများအပေါ် အကြမ်းဖက်ကန့်ကွက်မှုဖြစ်စဉ်များ နောက်ကွယ်တွင် အီရီထရီးယား၊ အီဂျစ်နှင့် အခြားနိုင်ငံများမှ အင်အားစုများ ပါဝင်ပတ်သက်နေသည်ဟု အီသီယိုးပီးယား အစိုးရက စွပ်စွဲခဲ့သည်ဟု Reuters သတင်းက ဖော်ပြသည်။

အာဖရိက အင်နိုင်ငံအဖြစ် ထင်ရှားသည့် အီသီယိုးပီးယားတွင် မငြိမ်မသက်မှုများကြောင့် အရေးပေါ်အခြေအနေ ကြေညာထားပြီးဖြစ်သည်။

အစိုးရဦးဆောင်သည့် စက်မှုပြုပြင်ပြောင်းလဲရေးကြောင့် အီသီယိုးပီးယားသည် အာဖရိကတွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့သော်လည်း ဖွံ့ဖြိုးရေးဆောင်ရွက်မှုတွင် အာဏာရှင်ဆန်ဆန် ချဉ်းကပ်ပုံကြောင့် ပြည်တွင်းပြည်ပမှ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

မြို့တော် အဒစ်အဘာဘာ အနီးရှိ အိုရိုမီယာနှင့် အမ်ဟာရာဒေသများတွင် မငြိမ်မသက်မှုများ တစ်နှစ်ကျော်ကြာ ဖြစ်ပွားခဲ့ပြီးနောက် အော်ကတိုဘာလ ၉ ရက်နေ့တွင် အစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ဒေသခံများက အစိုးရသည် ၎င်းတို့မြေယာများနှင့် နိုင်ငံရေးအခွင့်အရေးများကို ချိုးဖောက်လုယူနေသည်ဟု ကန့်ကွက်နေကြသည်။

“ဒီအင်အားစုတွေကို လက်နက်တပ်ပေးတာ၊ ဘဏ္ဍာရေးထောက်ပံ့ပေးတာ၊ လေ့ကျင့်သင်ကြားပေးတဲ့ နေရာမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတဲ့ နိုင်ငံတွေရှိနေပါတယ်”ဟု အစိုးရပြောခွင့်ရပုဂ္ဂိုလ် ဂီတာချူးရီဒါက ဝေဖန်ခဲ့သည်။

ထိုသို့ဝင်စွက်နေသူများသည် သက်ဆိုင်ရာနိုင်ငံများ၏အစိုးရများခွင့်ပြုချက်ဖြင့်လုပ်ဆောင်နေသည်ဟုတော့ မပြောနိုင်ကြောင်း ဂီတာချူးက ဖြည့်စွက်ပြောကြားခဲ့သည်။

အရပ်သားများ၊ အခြေခံအဆောက်အအုံများ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ပစ်မှတ်ထားသည့် အင်အားစုများကို လုံခြုံရေးတပ်ဖွဲ့များက ထိရောက်စွာနှိမ်နင်းနိုင်ရန်အတွက် ခြောက်လတာ အရေးပေါ်အခြေအနေ ကြေညာရခြင်းဖြစ်သည်ဟု ဂီတာချူးက ဆိုသည်။

အီသီယိုးပီးယားတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး နိုင်ငံတကာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ကုလသမဂ္ဂမှ လူ့အခွင့်အရေးပညာရှင် ခုနစ်ဦးအဖွဲ့က တောင်းဆိုခဲ့သည်။

မငြိမ်သက်မှုများတွင် လူ ၅၀၀ ခန့် သေဆုံးသည်ဟု လူ့အခွင့်အရေးအဖွဲ့များက စွပ်စွဲခဲ့သော်လည်း ချဲ့ကားမှုသာဖြစ်သည်ဟု အစိုးရက တုံ့ပြန်ထားသည်။

“ဒီအကြမ်းဖက်မှုတွေဖြစ်တဲ့ အတိုင်းအတာနဲ့ တုန်လှုပ်စရာ လူသေဆုံးတဲ့ အရေအတွက်ကို ကြည့်ရင်ပဲဒါဟာ အတိုက်အခံလှုပ်ရှားမှုတွေကို အမြစ်ဖြုတ်ဖို့ မကျေနပ်တဲ့အသံတွေကို တိတ်ဆိတ်စေဖို့ တွက်ချက်လှုပ်ရှားမှုတစ်ခုဆိုတာ ရှင်းလာပါတယ်”ဟု ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ် မိုင်နာကီအိုင်က သုံးသပ်သည်။

ပြီးခဲ့သည့်အပတ်က ပြည်ပကုမ္ပဏီများနှင့်ပတ်သက်နေသည့် စက်ရုံတစ်ဒါဇင်ခန့်နှင့် စက်ပစ္စည်းများကို ဆန္ဒပြသူများက ဖျက်ဆီးခဲ့ကြသည်။

ဒေသခံများလက်မှ မတရားသိမ်းဆည်းထားသော လယ်မြေယာမြေပေါ်တွင် စက်ရုံလာဆောက်မှုအတွက် အဓိက ကန့်ကွက်ကြခြင်းဖြစ်သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင်လည်း အိုရိုမီယာရှိ ဘီရှော့ဖ်တူမြို့တွင် နှစ်စဉ်ကျင်းပနေကျ ရိုးရာပွဲတော်တွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာ ရဲများက မျက်ရည်ယိုဗုံးများ၊ မိုးပေါ်ထောင်ပစ်ခတ်မှုများဖြင့် လူစုခွဲခဲ့ရာတွင် လူအုပ်ပိပြီး ၅၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဆန္ဒပြသူများက အစိုးရဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ခဲ့ကြပြီး ဖိနှိပ်မှုကိုဖော်ပြသည့် လက်သင်္ကေတများ ပြုလုပ်ခဲ့ကာ အချို့မှာတရားမဝင်သည့် သူပုန်တပ်ဖွဲ့ အိုရိုမိုလွတ်မြောက်ရေးတပ်ဦး၏ အလံများ ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်။

အစိုးရပြောခွင့်ရပုဂ္ဂိုလ် ဂီတာချူးက အီသီးယိုးပီးယားနှင့် ကာလရှည် နယ်စပ်ပြဿနာရှိသည့် အီရီထရီးယား၊ နိုင်းမြစ်ရေခွဲဝေသုံးစွဲမှု အငြင်းပွားနေသည့် အီဂျစ်တို့မှ နိုင်ငံခြားသားများမှာ နိုင်ငံတွင်းရှိ လက်နက်ကိုင်လူဆိုးများကို ထောက်ပံ့ပေးဖွယ်ရှိသည်ဟု စွပ်စွဲခဲ့သည်။

သို့သော်လည်း ပြည်ပအစိုးရများကိုယ်တိုင် ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်နိုင်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်က စွက်ဖက်သည်ဆိုသော စွဲချက်များကို ပယ်ချခဲ့ပြီး အီဂျစ်သည် အီသီယိုးပီးယား၏အချုပ်အခြာ အာဏာကို အကြွင်းမဲ့လေးစားပါကြောင်း ထုတ်ပြန်ခဲ့သည်။

အီရီထရီးယား အစိုးရကလည်း အိမ်နီးချင်းနိုင်ငံအရေးတွင် ဝင်စွက်နေသည်ဆိုသော စွဲချက်များကို ထုံးစံအတိုင်း ပယ်ချခဲ့သည်။

အီသီယိုးပီးယား စက်မှုပြုပြင်ပြောင်းလဲရေး၏ဗဟိုချက်တွင်ရှိသော အိုရိုမီယာမှ ပြည်သူအများစုမှာ ၎င်းတို့လယ်ယာမြေများ အသိမ်းခံရပြီး မဆိုစလောက် လျော်ကြေးသာပေးခြင်း၊ ယင်းနောက်တွင်မှ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် ကုမ္ပဏီများသို့ဈေးတင်ရောင်းချခြင်းများကို မကျေနပ်ကြခြင်းဖြစ်သည်။

တစ်ချိန်က မိသားစုပိုင်ခဲ့သည့် အိမ်၊ ခြံ၊ မြေပေါ်တွင် တည်ထားသည့် စက်ရုံသစ်တွင်ပင် အလုပ်မရသည့်အခါ အခက်ကြုံလာရသည်ဟု ဒေသခံအချို့က ဆိုသည်။

အီသီယိုးပီးယား လူဦးရေ ၉၉ သန်း၏ထက်ဝက်ကျော် နေထိုင်ကြသော အိုရိုမီယာနှင့် အမ်ဟာရာတွင် ဗဟိုအစိုးရကမှုတစွာ မဆက်ဆံဟူသော အမြင်မျိုးအားကောင်းလာလျက်ရှိသည်။

ယမန်နှစ်က လွှတ်တော်ရွေးကောက်ပွဲတွင်လည်း အတိုက်အခံတို့က အမတ်တစ်နေရာမှ မရခဲ့ရာ မဲမသမာမှုလုပ်သည်ဆိုသော စွဲချက်များစွာရှိနေသည်။

သမ္မတ မူလတူတက်ရှ်ဟုမ်း ဝီရ်တုက လွှတ်တော်တွင် မိန့်ခွန်းပြောကြားရာတွင် ဆန္ဒပြသူများနှင့် ပြေလည်စေလိုသောသဘောဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မတူကွဲပြားသောအမြင်များ ဖော်ပြခွင့်ရှိရန် ဒီမိုကရေစီစင်မြင့်ကို တိုးချဲ့သင့်ကြောင်း ပြောကြားခဲ့သည်။

သမ္မတသည် ဂုဏ်ပြုခံသာဖြစ်သော်လည်း အာဏာရပါတီအတွင်း တာဝန်ယူခဲ့ဖူးခြင်းကြောင့် ဩဇာရှိသူဖြစ်သည်။

အိုရိုမိုဖက်ဒရယ်ဝါဒီ ကွန်ဂရက်မှ ခေါင်းဆောင်ဖြစ်သူ မီရီရာ ဂူဒီနာကမူ သမ္မတ၏မှတ်ချက်သည် အားနည်းလွန်း၊ နောက်ကျလွန်းနေပြီဖြစ်ကြောင်း၊ ဆန္ဒပြသူများက ရွေးကောက်ပွဲသစ်ချက်ချင်း ကျင်းပပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အာဏာရည္ဟန့်ပေါင်းဖြစ်သော အီသီယိုးပီးယား ပြည်သူ့တော်လှန်ရေး ဒီမိုကရက်တစ်တပ်ဦးမှာ အဓိကလူမျိုးစုကြီးများကို ကိုယ်စားပြုသော ပါတီလေးခုပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

အနှစ် ၂၀ ကျော် အာဏာရထားသည့် ညွန့်ပေါင်းအစိုးရကို ယင်းသို့ လူမျိုးစုံဖြင့် ပေါင်းဖွဲ့ထားသော်လည်း လူနည်းစုမျိုးနွယ်စုတစ်ခုဖြစ်သော နိုင်ငံမြောက်ပိုင်းမှ တီဂရာယန်းစ်များကသာ ခြယ်လှယ်နေသည်ဟု စွပ်စွဲမှုများရှိနေသည်။ အစိုးရကမူ ငြင်းဆိုထားသည်။

၁၉၈၄ ခုနှစ်တွင် အငတ်ဘေးဆိုက်ခဲ့သည်အထိ ဦးတည်စေခဲ့သော ယခင်မာ့က်စ်ဝါဒီ အုပ်စိုးသူများလက်ထက်မှ ချွတ်ခြုံကျနေသော စီးပွားရေးကို အသွင်ပြောင်းပေးနိုင်ခဲ့မှုအတွက် လက်ရှိအစိုးရကို ချီးကျူးကြသော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အနည်းငယ်သာရှိခြင်းအတွက်မူ ဝေဖန်မှုများရှိနေသည်။ ■




**ဆန္ဒပြမှုတွင်သေဆုံးသွားသူများအတွက် အီသီယိုးပီးယားပြည်သူများ ဆုတောင်းမှုပြုလုပ်စဉ်**

## ဝါဒဖြန့်ချိရေးအကြီးအကဲ သေဆုံးကြောင်း IS အတည်ပြု

**ဒမ္မစကတ်၊ အောက်တိုဘာ ၁၀**

IS အဖွဲ့၏ဝါဒဖြန့်ချိရေးအကြီးအကဲ ဝါအီလ်အဒီလ်ဟာဆန် ဆယ်လ်မန် အယ်လ်ဖာယက် သေဆုံးသွားပြီဖြစ်ကြောင်း ယင်းအဖွဲ့က အောက်တိုဘာလ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ဆီးရီးယားနိုင်ငံတွင်း IS ခြေကုပ်ယူရာ ရက္ကာမြို့ကို ပြီးခဲ့သည့်လ အစောပိုင်းက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် ဖာယက် သေဆုံးခဲ့ကြောင်း ပင်တဂွန်က ထုတ်ပြန်ထားပြီးဖြစ်သော်လည်း တစ်လနီးပါးအကြာတွင်မှ IS ဘက်မှ အတည်ပြုခြင်းဖြစ်သည်။

IS က အွန်လိုင်းတွင် ဖာယက်နှင့်ပတ်သက်သည့် အောက်မေ့ဖွယ် ပို့စ်တစ်ခု တင်ခဲ့ခြင်းဖြစ်သော်လည်း မည်သည့်အချိန်၊ မည်သည့်နေရာတွင် သေဆုံးကြောင်း ဖော်ပြမထားပေ။

ပင်တဂွန်ဘက်မှ ထုတ်ပြန်မှုတွင်မူ စက်တင်ဘာလ ၇ ရက်နေ့ က ရက္ကာမြို့အနီးတွင် ဒေါက်တာဝါလ်အီကို ပစ်မှတ်ထားနှိမ်နင်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖာယက်သည် အိမ်တစ်အိမ်အနီးတွင် ရပ်ထားသော ဆိုင်ကယ်ပေါ်ထိုင်နေချိန် သေဆုံးသွားခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းတိုက်ခိုက်မှု ဗီဒီယိုဖိုင်ကို ကြည့်ရှုခဲ့ရသော ပင်တဂွန်အရာရှိတစ်ဦးက VOA သို့ ပြောကြားခဲ့သည်။

ဒေါက်တာဝါအီလ်ဟု ထင်ရှားသည့် ဖာယက်သည် IS ၏ အမိန့်ပြန်တမ်းများ ထုတ်ပြန်ပြီး စည်းကမ်းလိုက်နာစေရေး ကွပ်ကဲရသည့် ရှူရာကောင်စီမှ ထင်ရှားသည့်အဖွဲ့အဝင်တစ်ဦးဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုများ၊ သတ်ဖြတ်မှုများကို ပြသသည့် ဝါဒဖြန့်ချိရေး ဗီဒီယိုများ ထုတ်လုပ်မှုကို ကြီးကြပ်ရသူဟုလည်း ယူဆရသည်။

ဖာယက်သည် IS ၏ မဟာဗျူဟာမှူး အဘူမှုဟာမက်အယ်လ် အက်ဒ်နာနီနှင့်လည်း ရင်းနှီးသူဖြစ်သည်ဟု ပင်တဂွန်က ဆိုသည်။

အက်ဒ်နာနီသည်လည်း ဩဂုတ်လနှောင်းပိုင်းက အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီးဖြစ်သည်။

IS သည် အီရတ်နှင့် ဆီးရီးယားနယ်အများအပြားကို ထိန်းချုပ်ထားသော်လည်း ယခုနှစ်အတွင်း နယ်မြေအများအပြား ဆုံးရှုံးလာလျက်ရှိသည်။

အီရတ်တွင် အစိုးရတပ်များနှင့် ပြည်သူ့စစ်များက IS ခြေကုပ်ယူရာနေရာများကို ပြန်သိမ်းပိုက်နေသလို ဆီးရီးယားတွင်လည်း သူပုန်များနှင့် ကာ့ဒ်တိုက်ခိုက်ရေးသမားများက အမေရိကန်၏ လေကြောင်းပစ်ကူဖြင့် IS ကိုတိုက်ခိုက်လျက်ရှိသည်။ ■

# REGIONAL



ဓာတ်ပုံ – ငြိမ်းသူမင်း

တရားမဝင် ရွှေတူးဖော်မှုကြောင့် ဖမ်းဆီးထားသည့် မြေတူးဆက်များကို တွေ့ရစဉ်

## တရားမဝင်ရွှေတူးရာမှ ဖမ်းဆီးထားသည့် မြေတူးစက်များ လေလံတင်ရောင်းချမည်ဟုဆို

**ကလေး၊ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်း တရားမဝင်ရွှေတူးဖော်မှုကြောင့် ဖမ်းဆီးထားသည့် မြေတူးစက်များကို အောက်တိုဘာလအတွင်း လေလံတင်ပြန်လည်ရောင်းချမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း ကပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ စစ်ကိုင်းတိုင်းစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးစိုးဦး ပါဝင်သည့်အဖွဲ့မှာ အောက်တိုဘာ ၁၁ ရက်နေ့က ဗန်းမောက်မြို့သို့သွားရောက်စစ်ဆေးပြီးနောက် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗန်းမောက်မြို့နယ်အတွင်းမှ လေလံပေးမည့် မြေတူးစက်များသည် ၂၀၁၄ ခုနှစ်ကစတင် သိမ်းဆည်းရမိထားသည့် ယန္တရားများဖြစ်ပြီး ဗန်းမောက်မြို့နယ် တရားရုံးတွင် ၂၁ စီးနှင့် ရဲတပ်ဖွဲ့မှသိမ်းဆည်းရမိထားသည့် မော်တော်ယာဉ်များ၊ တပ်မတော် ကသိမ်းဆည်းရမိထားသည့် မော်တော်ယာဉ်များ၊ သစ်တောဌာနက သိမ်းဆည်းထားသည့် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ အသီးသီးမှ သိမ်းဆည်းရမိထားသည့်ယာဉ်များ ပါဝင်ကြောင်း ၎င်းက ပြောဆိုသည်။

“ဗန်းမောက်တစ်မြို့နယ်တည်းက ကားတွေကိုပဲ ဒေသအတွင်းမှာ ပြန်ပြီး အသုံးပြုလို့ရအောင် လေလံပေးတာပါ။ လေလံပေးတဲ့အခါမှာလည်း လေလံဆွဲသူတွေ အဆင်ပြေအောင် ကြမ်းခင်းဈေးတွေကို ပြန်လျှော့ပြီး လေလံတင်ရောင်းချသွားမှာပါ” ဟု ဦးသန်း က ဆိုသည်။

ယင်းသို့ လေလံကြမ်းခင်းဈေး လျှော့ချရောင်းချရခြင်းသည် ရွှေတူးဖော်သည့် ကုမ္ပဏီများမှာ လေလံကြမ်းခင်းဈေးမြင့်ပါက အသစ်ကိုသာ ဝယ်ယူပြီး လေလံပေးသည့်ကားများကို စိတ်ဝင်တစားဝယ်ယူမှု နည်းပါးသည့်အတွက် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ■

## မောင်တောမှ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ နေရပ်ပြန်ရန်ပြင်

**မောင်တော၊ အောက်တိုဘာ ၁၁**

မောင်တောမြို့နယ်ရှိကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို မြို့ပေါ်သို့ ပြန်ခေါ်ထားပြီး တချို့မှာ ၎င်းတို့နေရပ် မြို့များသို့ပြန်ရန် ပြင်ဆင်နေကြကြောင်း မောင်တောမြို့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသားဖွားဆရာမတစ်ဦးက ပြောဆိုသည်။

“ရွာတွေမှာ တာဝန်ကျနေတဲ့ ဆရာမတွေကို မြို့ကိုခေါ်ထားပါတယ်။ ဆရာမ အများစုကတော့ သင်တန်းရှိလို့ မြို့မှာရောက်နေကြတယ်။ အားလုံးကတော့ စိတ်ပူနေကြတယ်” ဟု မောင်တောမြို့တွင် တာဝန်ကျနေသည့် ကျောက်ဖြူမြို့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်စမ်းစမ်းထွေးက ဆိုသည်။

လတ်တလော အခြေအနေများကြောင့် မောင်တော- ဘူးသီးတောင် လိုင်းကားများမှာလည်း ရပ်နားထားရာ စီးလုံးအငှားယာဉ်များဖြင့် ဘူးသီးတောင်မြို့သို့သွားရောက်နေကြကြောင်း မောင်တော အလယ်သံကျော်ကျေးရွာမှ အငှားမော်တော်ယာဉ်မောင်း ကိုသိန်းဆွေထွန်း က ပြောဆိုသည်။

မောင်တော၊ အလယ်သံကျော် အစရှိသည့် ကျေးရွာများမှ အမျိုးသမီးအများစုမှာ မြို့ပေါ်သို့ ပြောင်းရွှေ့သွားကြပြီး ကျန်းမာရေးနှင့် ပညာရေး ဝန်ထမ်းများမှာ အငှားယာဉ်များဖြင့် ဘူးသီးတောင်သို့ သွားရောက်ကာ စစ်တွေသို့ပြန်ရန် ပြင်ဆင်နေကြကြောင်း အလယ်သံကျော်ကျေးရွာမှ ကျန်းမာရေးဝန်ထမ်းဒေါ်ဝါဝါ က ပြောကြားသည်။ ■

## ဟသ်ာတမြို့ရှိတည်းခိုခန်းတစ်ခုတွင် မူးယစ်ဆေးဝါးဖမ်းမိ

**ဟသ်ာတ၊ အောက်တိုဘာ ၁၁**

ဟသ်ာတမြို့ ဘုရားကြီးရပ်ကွက် ဘုရားကြီး ၁ လမ်းရှိ တည်းခိုခန်းတစ်ခုတွင် လာရောက်တည်းခိုသူတစ်ဦးထံမှ WY အမှတ်တံဆိပ်ပါ စိတ်ကြွ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း ဟသ်ာတခရိုင် မူခင်းနှိမ်နင်းရေးဌာနစိတ်ထံမှ သိရသည်။

အဆိုပါ တည်းခိုခန်း၌လာရောက်တည်းခိုနေသူ အသက် ၃၀ နှစ် တင်ဇော်ကို (ခ)မြွေပွေးမှာ အမှတ် ၆ ရပ်ကွက် ဘုရားလမ်း မြန်အောင်မြို့တွင် နေထိုင်သူဖြစ်ပြီး ၎င်းထံမှ WY အမှတ်တံဆိပ် စိတ်ကြွမူးယစ်ဆေးဝါးအပြား ၁၀၀၊ တန်ဖိုးအားဖြင့် ကျပ်လေးသိန်းခန့်ကို ဖမ်းဆီးရမိခဲ့ကာ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အတူတွေ့ရှိခဲ့ကြောင်း ဖမ်းဆီးရာတွင် ပါဝင်သည့် ရဲအရာရှိ တစ်ဦးက ရှင်းပြပြောဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ တင်ဇော်ကို (ခ)မြွေပွေး၏ ဝန်ခံထွက်ဆိုချက်အရ ကွင်းဆက် တရားခံတစ်ဦးကိုပါ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးကို ဟသ်ာတမြို့မ အမှတ် ၁ ရဲတပ်ဖွဲ့စခန်း၏ မူးယစ်(ပ) ၉/၂၀၁၆ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ / ၁၆(က) / ၁၉(က) / ၂၀ / ၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း အဆိုပါ စခန်းထံမှ သိရသည်။ ■

## ကျောက်တော်ကြီးဘုရားအနီး မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်တိုက်မိရာ တစ်ဦးသေဆုံး

**ဟသ်ာတ၊ အောက်တိုဘာ ၁၁**

ဟသ်ာတမြို့ ကျောက်တော်ကြီး ဘုရား အဝင်ပေါက်အနီး၌ အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁၀ နာရီခွဲက ဆိုင်ကယ်ကို သုံးဘီးဆိုင်ကယ်က ကျော်တက်စဉ် လမ်းလယ်ကျွန်းတုံးနှင့် ညှပ်ကာ အသက် ၁၉ နှစ်အရွယ် မော်တော်ဆိုင်ကယ် ယာဉ်မောင်းသေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပန်းဘဲတန်း ရပ်ကွက်ဘက်မှ ဟသ်ာတမြို့တွင်းဘက်သို့ အသက် ၁၉ နှစ်ခန့် လူငယ်တစ်ဦးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သုံးဘီးဆိုင်ကယ်က ကျော်တက်စဉ် လမ်းလယ်ကျွန်းတုံးဖြင့် ညှပ်၍ ဆိုင်ကယ်မောင်းနှင်သူ လူငယ် သေဆုံးသွားရခြင်းဖြစ်ကြောင်း ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကနဦးသတင်း ထုတ်ပြန်သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဟသ်ာတမြို့မ အမှတ် ၁ ရဲတပ်ဖွဲ့စခန်းက ယာဉ် (ပ)၅၅/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က / ၂၇၉ အရ သုံးဘီးဆိုင်ကယ် ယာဉ်မောင်း ကိုသိန်းဇော်ဝင်းကို အရေးယူထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■

## မြင်းမူမြို့နယ် အစိန္တေယျကန် ကျိုးပေါက်မှု ပြုပြင်ရန် ရန်ပုံငွေတောင်းခံမည်

**မုံရွာ၊ အောက်တိုဘာ ၁၁**

စိုက်ပျိုးရေးအတွက် အားထားနေရသော မြင်းမူမြို့နယ်၊ ပဲကူးရွာရှိ အစိန္တေယျရေကန်ကျိုးပေါက်နေသည့်အတွက် ပြန်လည်ပြုပြင်ရန် ရန်ပုံငွေတောင်းခံမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။

အဆိုပါ ရေကန်သည် စိုက်ပျိုးရေးအတွက်အဓိကထားအသုံးပြုနေသည့် ကန်ဖြစ်ပြီး ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာခြင်းကြောင့် ၃၅ ပေခန့်ကန်ဘောင်ကျိုးပေါက်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်ရန် အစီအစဉ်ရှိ မရှိကို မြင်းမူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့် ကမေးမြန်းရာတွင် ၎င်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အဆိုပါကန်ဘောင်၏ မြေသားကြံ့ခိုင်မှုသည် နွေရာသီတွင် ပပ်ကြားအက်များဖြစ်ပေါ်ပြီး မိုးများ၍ရေစီးဝင်ပါက လက်ရှိတာဘောင်အနေအထားအရ အလွယ်တကူကျိုးပေါက်နိုင်ရာ အဆင့်မြှင့်ပြုပြင်ရန် လိုအပ်ကြောင်း၊ ယင်းကြောင့် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၂၅၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ရေပိုရေလျှံထုတ်ရန် ရေပိုလွှဲကိုပါတည်ဆောက်ရမည်ဖြစ်ကြောင်း ဦးကမ်ဇာမုံက ပြောကြားသည်။

ယင်းသို့ ရေကန်ပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအတွက် စုစုပေါင်းကျပ်သိန်း ၃၅၀ ခန့်ကုန်ကျမည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေ တင်ပြတောင်းခံကာ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ ■

# အောင်သံလွင်ကွင်းကို ဇွဲကပင်ယူနိုက်တက်က ထပ်ငှားမည်ကို ဒေသခံများကန့်ကွက်ဟုဆို

**ဘားအံ၊ အောက်တိုဘာ ၁၁**

ကရင်ပြည်နယ်၏ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများကျင်းပရာ အောင်သံလွင်ဘောလုံးကွင်းကို ၂၀၁၁ ခုနှစ်မှစ၍ ဇွဲကပင်ယူနိုက်တက် FC ဘောလုံးအသင်းကို အငှားချထားခဲ့ပြီး ထပ်မံငှားရမ်းထားမည်ကို ဒေသခံများက လက်မခံကြောင်း ယင်းဒေသခံများက ပြောကြားသည်။

ဇွဲကပင်ယူနိုက်တက်ကို ယင်းဘောလုံးကွင်းအား ၂၀၁၁ ခုနှစ်မှစ၍ နှစ် ၃၀ ဂရန်ဖြင့် စတင်ငှားရမ်းခဲ့ပြီး စာချုပ်အရ သုံးနှစ်အခမဲ့ အသုံးပြုခွင့်ရရှိထားပြီး ကျန်နှစ်များတွင်တစ်နှစ်လျှင် ကျပ်သိန်း ၃၀ ပေးရမည်ဖြစ်ကြောင်း၊ ဘောလုံးကွင်းပတ်လည်ရှိ ဆိုင်ခန်း ၃၀ ဝန်းကျင်ကို လစဉ်ကြေးကောက်ခံကာ တစ်လလျှင် ကျပ် ၁၀၀၀၀ နှုန်း ပေးသွင်းရမည်ဖြစ်ကာ ဘောလုံးကွင်းဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးရမည် ဟုပါရှိကြောင်း အားကစားနှင့် ကာယပညာ ဦးစီးဌာနထံမှ သိရသည်။

"ဒါက ရုံးချုပ်ကချုပ်ဆိုတဲ့ စာချုပ်ဖြစ်တယ်။ စာချုပ်မှာ ထည့်သွင်းချုပ်ဆိုထားလို့ စာရင်းစစ်ရုံးကတော့ ကန့်ကွက်လွှာ တင်ထားတယ်ပေါ့နော်။ ဘောလုံးအဖွဲ့ချုပ်ကိုရော၊ ဇွဲကပင် FC ကိုရော အကြောင်းကြားထားတယ်။ ခုထက်ထိတော့ ငွေသွင်းတာမတွေ့ရသေးဘူး။ ကျွန်တော့အနေနဲ့ကတော့ ဒီဘောလုံးကွင်းကို ပြန်လိုချင်တယ်။ ကရင်ပြည်နယ်က အားကစားသမားလေးတွေအတွက်ပဲ ဖြစ်စေချင်တယ်"ဟု ကရင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်က ပြောကြားသည်။

ယင်းဘောလုံးအသင်းမှာ ဆိုင်ခန်းလခများကို ၂ နှစ်ကျော်စာသာ ပေးသွင်းခဲ့ပြီး တစ်နှစ်ကျပ်သိန်း ၃၀ ငှားရမ်းခမှာလည်း တစ်ကြိမ်မျှ ပေးသွင်းနိုင်ခြင်းမရှိသည့်အပြင် ဘောလုံးကွင်းပြုပြင်မှုအားနည်းသည်ဟု ၎င်းကဆိုသည်။

"ကြွေးကျန်တွေလည်း အများကြီးကျန်တယ်လို့ကြားတယ်။ ဒါကြောင့် ဒီအသင်းကိုတော့ ကျွန်တော်တို့ဘောလုံးကွင်းကို ဆက်မငှားသင့်ဘူးလို့ ကျွန်တော်မြင်တယ်" ဟု ကရင်ပြည်နယ် လွှတ်တော် သစ်ပါတီမှ ဦးဇော်မင်းဦးက ပြောဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဇွဲကပင်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော်လည်း ပြန်လည်ဖြေကြားခြင်း မရှိသေးပေ။ ■

# မိတ္ထီလာကန်ရေတွင် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်စေသည့်ပိုးတွေ့ရှိ

**မိတ္ထီလာ၊ အောက်တိုဘာ ၁၁**

မိတ္ထီလာမြို့ခံလူထု၏ သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် အဓိကရေအရင်းအမြစ်တစ်ခုဖြစ်သည့် မိတ္ထီလာကန်ရေတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် Escherichia Coli ရောဂါပိုးကိုတွေ့ရှိရကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် Think Tank အဖွဲ့မှ ဦးဇော်မင်းထွန်းက ပြောကြားသည်။

ကန်ရေမှာညစ်ညမ်းနေသည့်အတွက် စက်တင်ဘာလ ၂၀ ရက်နေ့က ဓာတ်ခွဲကျွမ်းကျင်သူများနှင့် အတူ မိတ္ထီလာကန်အတွင်းရှိ နေရာငါးနေရာမှ စနစ်တကျ ရေနမူနာယူ၍ ရန်ကုန်မြို့ရှိ National Health Laboratory (NHL)တွင်ဓာတ်ခွဲစမ်းသပ်ခဲ့ရာ၌ ယင်းသို့တွေ့ရှိရခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ယင်းသို့စမ်းသပ်ရာတွင် လွတ်လပ်ရေး ပန်းခြံအနီးရှိ ရေသန့်စင်စက်ရုံအနီး မှနမူနာယူခဲ့သောရေ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေသော Escherichia Coli ပိုးတွေ့ရှိမှုမှာ ရေ 100ml တွင် 16 ရှိပြီး၊ ထိုရေကိုသွယ်ယူ၍ မြို့ပေါ်ရပ်ကွက်ငါးခုကို သောက်သုံးရေ ဖြန့်ဝေပေးနေသည့် မီးသတ်ရေစင်တွင် ပိုးတွေ့ရှိမှုမှာ ရေ 100ml တွင် 9 .2 ရှိကာ မြို့တွင်းရပ်ကွက်များသို့ ရေသယ်ကားများဖြင့် ဖြန့်ဝေပေးနေသည့် အ.ထ.က(၁)ကျောင်းအနီးရှိ ရေပြင်နှင့် ဓမ္မသုခကန်ဦး စေတီအနီးရှိ ကန်ရေပြင်တို့တွင် ရေ 100ml တွင် 5.1 ရှိကြောင်း ဓာတ်ခွဲစမ်းသပ်ချက်များအရ သိရသည်။

ယင်းနေရာများအနက် ရောဂါပိုးတွေ့ရှိမှု အနည်းဆုံးမှာ မိတ္ထီလာကန်အရှေ့ထိပ် ရပ်တော်မူဘုရားအနီးရှိ ရေစက်အမှတ်(၁) အနီးရှိ ရေပြင်တွင် ဖြစ်ပြီး ပိုးတွေ့ရှိမှုမှာ ရေ 100ml တွင် 2.2 ခန့်သာ ရှိကြောင်း၊ ယခုထုတ်ပြန်ချက်မှာ ဗက်တီးရီးယားပိုး တွေ့ရှိမှုများသာဖြစ်ပြီး ဓာတုပစ္စည်းပါဝင်မှု အဖြေများမှာလာမည့် သီတင်းပတ်တွင်ရရှိမည်ဖြစ်ကြောင်း ဦးဇော်မင်းထွန်းက ရှင်းပြပြောဆိုသည်။

"ကန်စပ်နဲ့ကန်ထဲကို အမှိုက်ဆယ်ယူတဲ့အခါ ဖိနပ်တွေအများဆုံးတွေ့ရတယ်။ ရေကန်ထဲမှာရေသန့်ဘူးခွံတွေ၊ အစားအစာထည့်တဲ့ ဖော့ဘူးတွေ ပလတ်စတစ်တွေ တွေ့ရတယ်" ဟု မိတ္ထီလာကန်၏ သန့်ရှင်းရေးကို စေတနာ့ဝန်ထမ်းများဖြင့် အပတ်စဉ် လုပ်ကိုင်လျက်ရှိသည့် မိတ္ထီလာကန်ချစ်သူများအဖွဲ့မှ ဦးခင်မောင်လတ်က ဆိုသည်။

မိတ္ထီလာကန်ရေ ညစ်ညမ်းစေသည့် အကြောင်းအရာများစွာရှိသည့်အနက် မိတ္ထီလာကန်ဘောင်တွင်လာရောက်ရောင်းချသည့် ကျူးကျော်ဈေးဆိုင်များမှ ကန်ပတ်ဝန်းကျင်သို့ အမှိုက်များတိုက်ရိုက်စွန့်ပစ်မှုများစွာ ရှိနေသဖြင့် ထိုဆိုင်များကိုဖယ်ရှားစေ လိုသော်လည်း အုပ်ချုပ်ရေးပိုင်းမှ ခိုင်မာသည့် ဆုံးဖြတ်ချက်မချပေးနိုင်ရာ အခက်အခဲရှိနေကြောင်း မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နီလာဝင်း က ပြောဆိုသည်။

မိတ္ထီလာမြို့ပေါ် ရပ်ကွက်များတွင် လူဦးရေ ၉၆,၀၀၀ ကျော်နေထိုင်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက် ၁၄ ခု ရှိသည့်အနက် ရပ်ကွက် ၁၂ ခုမှ မိတ္ထီလာကန်ရေကို သောက်သုံးရေအဖြစ် မှီခိုလျက်ရှိရာကန်မှာ ရေထုညစ်ညမ်းလျက်ရှိသောကြောင့် ၂၀၁၄ ခုနှစ် ဇွန်လမှ စတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျပ်ငွေ ၉၂၃ သန်း အကုန်အကျခံကာ ရေသန့်စင်စက်ရုံနှစ်ခု တည်ဆောက်ပြီး မြို့ပေါ်ရပ်ကွက်များကို သောက်သုံးရေဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရေပေးဝေရေးဌာနထံမှ စုံစမ်းသိရှိရသည်။ ■




# တိုက်ကြီးတွင် သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ သင်တန်းဖွင့်

**တိုက်ကြီး၊ အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်) တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် အောက်တိုဘာလ ၁၁ ရက်နေ့က လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီက သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင် က ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြေစာရင်းဦးစီးဌာနမှ နယ်ပိုင်စာရေး၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူး စာရေး၊ ရပ်မိရပ်ဖတစ်ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ်နှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးတို့က သိမ်းဆည်းခံလယ်ယာမြေများကို သင်တန်း၏မူဖြင့် စိစစ်ဆောင်ရွက်ရန်ဖြစ်ပြီး ယင်းစိစစ်ရေးအဖွဲ့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထံသို့တင်ပြရမည်ဖြစ်ကြောင်းတိုက်ကြီးမြို့နယ် ၎င်းက ပြောဆိုသည်။

ယင်းသင်တန်းတွင် သင်တန်းသား ၀ကျော်တက်ရောက်ခဲ့ကြောင်း မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်း က ပြောဆိုသည်။ ■

# တောင်ကြီးတွင် စိတ်ကြွမူးယစ်ဆေးပြားတစ်သိန်း ဖမ်းဆီးရမိ

**တောင်ကြီး၊ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် မင်္ဂလာဦးရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီး မြင်းစီးရုပ်အနီး လမ်းမပေါ်တွင် အောက်တိုဘာလ ၉ ရက်နေ့က မော်တော်ယာဉ်တစ်စီးမှ စိတ်ကြွမူးယစ်ဆေးပြားတစ်သိန်းကို ဖမ်းဆီးရမိခဲ့ကြောင်း ရှမ်းပြည်နယ် ပြည်နယ်ရဲရုံးမှ ဒုရဲမှူးကြီး စန်းလွင် ကပြောကြားသည်။

ယင်းသို့ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဆက်စပ်တရားခံနောက်ကွယ်ကွင်းဆက်များကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါမူးယစ်ဆေးဝါးများသယ်ဆောင်လာသူ တရားခံစိုင်းဆိုင်ဝမ်းကို မယ(ပ)/၄၄/၁၆မူး/စိတ် ၁၅/၁၉(က) ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း အဆိုပါရုံးထံမှ သိရသည်။ ■

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# တောင်ငူ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ ဖန်တီးထားသည့် ဆော့ဖ်ဝဲများ ပြသ

**တောင်ငူ၊ အောက်တိုဘာ ၁၁**

ပညာရေးဝန်ကြီး ဌာနလက်အောက်ရှိ တောင်ငူ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသားများဖန်တီးထားသည့် ဆော့ဝဲလ်များကို အောက်တိုဘာလ ၁၁ ရက်နေ့က ယင်းတက္ကသိုလ်၌ ကျင်းပသည့် နည်းပညာထုတ်ကုန်ပြပွဲ Product Show -2016 တွင် ပြသခဲ့ကြသည်။

နည်းပညာထုတ်ကုန်ပြပွဲ Product Show -2016 ကို အောက်တိုဘာလ ၁၁ ရက်နေ့နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ ကျင်းပခဲ့ကြောင်း တောင်ငူကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အိအိလှိုင်က ပြောကြားသည်။

အဆိုပါ နည်းပညာထုတ်ကုန် ပြပွဲတွင် တောင်ငူကွန်ပျူတာတက္ကသိုလ်တွင် ပညာသင်ကြားနေသည့် ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ ဖန်တီးထားသည့် ဆော့ဖ်ဝဲလ်များ ပြသခဲ့ခြင်းဖြစ်ပြီး အခြေခံပညာမူလတန်း(KG) တန်းနှင့်ဆိုင်သည့် ထုတ်ကုန်များ၊ လူ့အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းသည့် နည်းပညာ Electronic Circuit များသာမက ကွန်ပျူတာပညာရပ် လေ့လာလိုသူများနှင့် အင်္ဂလိပ်စာလေ့လာလိုသူများအတွက် မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် လေ့လာနိုင်သည့် Product များ ပြသခဲ့ကြောင်း တောင်ငူကွန်ပျူတာတက္ကသိုလ် တာဝန်ရှိသူများထံမှ သိရသည်။

တောင်ငူတက္ကသိုလ်အနေနှင့် နည်းပညာထုတ်ကုန်ပြပွဲကို ၂၀၁၃ ခုနှစ်ကစ၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက် ဖြစ်ကြောင်း၊ ယခုပြပွဲမှထွက်ပေါ်လာသည့် ရလဒ်အချို့ကို ဒေသတွင်းရှိ လူမှုကူညီရေးအဖွဲ့များနှင့် ဌာနဆိုင်ရာအချို့ကို လှူဒါန်းပေးခဲ့ကြောင်းလည်း အဆိုပါကွန်ပျူတာ တက္ကသိုလ်ထံမှ သိရသည်။

"ပထမနှစ်၊ ဒုတိယနှစ်နဲ့ တတိယနှစ် ကျောင်းသားတွေပါဝင်ရောက်ယှဉ်ပြိုင်တဲ့ Andriod Mobile Application ပြိုင်ပွဲကိုလည်း ဩဂုတ်လ ပထမပတ်က ကျင်းပနိုင်ခဲ့ပါတယ်"ဟု တောင်ငူနည်းပညာတက္ကသိုလ်ဒုကျောင်းအုပ် (တာဝန်ခံ) က ပြောကြားသည်။

ယင်းကဲ့သို့ ပြိုင်ပွဲများသာမက နည်းပညာ ထုတ်ကုန်ပြပွဲမျိုးကို အချိန်ယူကျင်းပခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၏ တီထွင်ဖန်တီးလိုစိတ် ထက်သန်လာနိုင်ရေးနှင့် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရေးအတွက် ဖြစ်သည်ဟု တောင်ငူကွန်ပျူတာ တက္ကသိုလ်တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

"အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ဆိုင်တဲ့ သတင်းအချက်အလက်စနစ်ကို တီထွင်ပြသထားပါတယ်။ အဖွဲ့ဝင် ခုနစ်ဦးနဲ့ ဆယ်ရက်လောက် ရေးခဲ့ရပါတယ်"ဟု ယင်းတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသားကိုစည်သူလင်းထွဋ်က ပြောဆိုသည်။

Andriod Applications ပြိုင်ပွဲမှထွက်ပေါ်လာသည့် Kid Dictionary၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်၊ ကွန်ပျူတာ၊ လျှပ်စစ်၊ အင်္ဂလိပ်ဘာသာနှင့်ပတ်သက်သည့် Dictionary များ၊ တောင်ငူခရီးသွားလမ်းညွှန်စာအုပ်၊ Game ပြိုင်ပွဲများသာမက ဗုဒ္ဓဝင်အကျဉ်းများ ပြသခဲ့ကြသည်။ ■

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၁၂၀၀၀ ခန့် တောင်းခံခြင်းကို တိုင်းလွှတ်တော်အတည်ပြု

**တောင်ငူ၊ အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၁၂၀၀၀ ခန့် တောင်းခံမှုကို စက်တင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် တိုင်းဒေသကြီး လွှတ်တော်အရေးပေါ် အစည်းအဝေးတွင် အတည်ပြုချပေးခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

"ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုနဲ့ ပတ်သက်လို့ အရေးပေါ်အစည်းအဝေး မကျင်းပမီကတည်းက တာဝန်ရှိသူတွေအနေနဲ့ အကြိမ်ကြိမ် ဆွေးနွေးခဲ့တယ်။ အရေးပေါ်အစည်းအဝေး တတိယနေ့မှ အတည်ပြုနိုင်ခဲ့တာပါ။ ဒီအတည်ပြုချက်ကိုလည်း ပြည်ထောင်စု အစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်"ဟု တောင်ငူမြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက ပြောကြားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ကချပေးခဲ့သည့် ရန်ပုံငွေနှင့် မလုံလောက်သောကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ တောင်းခံခဲ့မှုကို စက်တင်ဘာလ ၃၀ ရက်နေ့ကကျင်းပသည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး ၂/၂၀၁၆ တွင် အတည်ပြုချထားပေးခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော် ငွေစာရင်းကော်မတီအနေနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အသုံးစရိတ်များကိုသာ အတည်ပြုဆုံးဖြတ်ပေးရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အသုံးစရိတ်ချထားပေးခြင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က တိုက်ရိုက်ကိုင်တွယ်ချထားပေးရသည်ဟု ပြည်သူ့ငွေစာရင်း ကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက ရှင်းပြသည်။

"လွှတ်တော်ကတော့ တတ်နိုင်သမျှ လျှော့ချပေးခဲ့ပါတယ်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်ရွှာ မီးလင်းရေးအတွက် ကုန်ကျစရိတ် တောင်းခံမှုကိုတောင်ဖြတ်တောက်လျှော့ချခဲ့ပါတယ်"ဟု အမည်မဖော်လိုသည့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့လက်အောက်တွင်ရှိသော ဌာနဆိုင်ရာ အဖွဲ့အစည်းများအနက် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အများဆုံးတောင်းခံခဲ့သည့်ဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖြစ်သည်ဟု ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထံမှ သိရသည်။ ■

# ကျိုင်းတုံတွင် ဂျာမနီအခြေစိုက် Malteser က ကျေးလက်ကျန်းမာရေး ဆေးခန်း သုံးခု လှူဒါန်း

**ကျိုင်းတုံ၊ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ဂျာမနီနိုင်ငံအခြေစိုက် Malteser International က ဝန်ထမ်းအိမ်ရာများပါဝင်သည့် ကျေးလက် ကျန်းမာရေးဌာနဆေးခန်းသုံးခုကို အောက်တိုဘာလ ၁၁ ရက်နေ့က ပေးအပ်လှူဒါန်းခဲ့ကြောင်း ကျိုင်းတုံခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသက်မြင့်က ပြောကြားသည်။

"ကျိုင်းတုံမြို့နယ်ထဲက ကျေးရွာသုံးခုမှာ ကျေးလက်ကျန်းမာရေးဌာနသုံးခုကို ဆောက်လုပ်လှူဒါန်းပေးတဲ့အတွက် ဒီနေ့ပဲ လွှဲပြောင်းလက်ခံပြီး ဖွင့်ပွဲကျင်းပခဲ့တယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်း ကျေးလက်ကျန်းမာရေး ဌာနနှစ်ခု အသစ်ဆောက်လုပ်နေပါတယ်" ဟု ၎င်းက ဆိုသည်။

ဂျာမနီနိုင်ငံ စီးပွားရေးကော်ပိုရေးရှင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ဝန်ထမ်းအိမ်ရာအပါအဝင် ရေ၊ မီးနှင့် ဆေးခန်းအထောက်အကူပြု ပစ္စည်းများပါဝင်သည့် တစ်ထပ်ကွန်ကရစ် ကျေးလက်ကျန်းမာရေးဌာနသုံးခုကို ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနတစ်ခုလျှင် ကျပ်သိန်း၇၀၀ကျော် တန်ဖိုးရှိကြောင်း



ဓာတ်ပုံ - ရန်နိုင်

**ဂျာမနီ အခြေစိုက် အန်ဂျီအို တစ်ခုက ကျိုင်းတုံမြို့နယ် ဝမ်တောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခဲ့သည်**

ကျိုင်းတုံမြို့ Malteser International ရုံးခွဲတာဝန်ခံ ဦးသန်းထွဋ်အောင် က ပြောကြားသည်။

"အခုလို ကျေးလက်ဆေးခန်းတစ်ခုလာဖွင့်တော့ အနီးအနားကျေးရွာတွေက တိုင်းရင်းသားတွေရောဂါဖြစ်ရင် ခရီးဝေးကြီး သွားကုသရတဲ့ဒုက္ခမတွေ့တော့တာပေါ့။ ကျွန်တော်တို့အတွက်ကတော့ဝမ်းသာစရာသတင်းကောင်းပါ" ဟု မိုင်းလပ်ကျေးရွာအုပ်စုပါဆံကျ ကျေးရွာနေ အသက် ၅၀ နှစ်ခန့်အရွယ် အာခါတိုင်းရင်းသားတစ်ဦး က ဆိုသည်။

ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အခြေစိုက်ရာ ကျိုင်းတုံမြို့နယ်တွင် လူဦးရေ နှစ်သိန်းကျော်နေထိုင်ပြီး ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံတစ်ခုနှင့် လက်ရှိဆောက်လုပ်လှူဒါန်းထားသည့်ဝမ်မိုင်၊ ဝမ်ညုပ်နှင့် ကတ်ထိုက် ကျေးလက်ကျန်းမာရေး ဌာနခွဲများ အပါအဝင် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၃၃ခု ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ■

# စပါးဈေးကျ၍ တောင်သူများအခက်တွေ့

**တိုက်ကြီး၊ အောက်တိုဘာ ၁၁**

တိုက်ကြီးမြို့နယ်အတွင်း ယခင်နှစ်ကထက် စပါးဈေးကျဆင်းမှုကြောင့် အခက်ကြုံနေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ကောက်ဦးစပါးဈေးသည် ယခင်နှစ် အောက်တိုဘာလ ပထမပတ်တွင် စပါးတင်းတစ်ရာလျှင် ကျပ် ၄၈၀,၀၀၀ ခန့်ရှိပြီး ယခုနှစ် အောက်တိုဘာ ပထမပတ်တွင် စပါးဈေးမှာ ကျပ် ၃၅၀,၀၀၀ ဝန်းကျင်သာပေါက်ဈေးရှိနေ၍ တောင်သူများမှာ စိုက်ပျိုးစရိတ်၊ ကောက်ရိတ်စရိတ်များနှင့် အထွေထွေကုန်ကျစရိတ်များကြောင့် အရင်းသာ ရရှိကြောင်း တောင်သူများက ရှင်းပြ ပြောဆိုသည်။

"စပါးဈေးက တက်ဖို့မရှိဘူး။ ကျဖို့ပဲရှိတယ်။ ဆန်စက်ပိုင်ရှင်တွေက ယခင်နှစ်စပါးတွေကို တင်းပေါင်းသောင်းနဲ့ချီပြီး လှောင်ထားတော့ သူတို့ပါ ရောင်းရင် ဈေးကကျဖို့ပဲရှိတယ်" ဟု တိုက်ကြီးမြို့ လောက်လေးချောင်းကျေးရွာနေ တောင်သူ ဦးသောင်းမြင့်က ဆိုသည်။

ဈေးကွက်အတွင်း အပြောင်းအလဲဖြစ်နေသည့်အတွက် ယခုနှစ်တွင် စပါးဈေးအားနည်းမည်ဟု ခန့်မှန်းထားကြကြောင်း တိုက်ကြီးမြို့နယ်အတွင်း စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

"စပါးတွေလှောင်ထားတာ ဒီနှစ်ကတော့ အရှုံးများမယ်ထင်တယ်။ စပါးကုန်သည်တွေလည်း မဝယ်ရဲကြသလို ကျွန်တော်တို့ ဆန်စက်လုပ်ငန်းရှင်တွေလဲမဝယ်ရဲဘူး။ စပါးဈေးက အလားအလာမကောင်းဘူး" ဟု ဥက္ကံမြို့ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ပထမပတ်အတွင်းက ရေကြီးမှုကြောင့် စိုက်ပျိုးစပါးများ ရေမြုပ်ပျက်စီးခဲ့ရသော်လည်း စပါးဈေးမှာ ကောင်းကြောင်း၊ ယခုနှစ်တွင်မူ ရေကြီးမှုကြောင့် စပါးစိုက်ခင်းများပျက်စီးရသည့်အပြင် စပါးဈေးပါကျနေသည့်အတွက် အခက်အခဲရှိကြောင်း ဥက္ကံမြို့ တောင်သူ ဦးအောင်မြင့် ကပြောကြားသည်။ ■

## မှုခင်းသတင်းတိုများ

■ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရတနာသိင်္ခလမ်းတွင် အောက်တိုဘာလ ၁၁ ရက် နံနက် ၁ နာရီကအသက် ၂၆ နှစ် အရွယ် အမျိုးသား တစ်ဦးမှာ နေအိမ်ရှေ့ခန်းရှိ ထုပ်တန်းတွင် ကြိုးဆွဲချ သေဆုံးခဲ့သောကြောင့် ရုပ်အလောင်းကို အင်းစိန်ဆေးရုံသို့ ပို့ဆောင်စစ်ဆေးနေသည်။

■ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဂဟလမ်းရှိ ခြောက်လွှာတိုက်ခန်းတစ်ခုတွင် အောက်တိုဘာ လ ၁၁ ရက် နံနက် ၁၀ နာရီကနေ အိမ်အိပ်ခန်းခုတင်ဘေးရှိ စားပွဲတင် လေပန်ကာမှ ဝါယာရှော့ခ်ဖြစ်ပြီး အပူလွန်ကဲကာမီးလောင်မှုစတင်ဖြစ်ပွားရာမှ အိပ်ခန်းအတွင်းရှိ ပရိဘောဂပစ္စည်းများကို မီးကူးစက်လောင်ကျွမ်းခဲ့သောကြောင့် မီးသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

■ မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းရှိမိုင်တိုင်အမှတ် ၃၄/၇ အနီးတွင် အောက်တိုဘာလ ၁၁ ရက် မွန်းတည့် ၁၂ နာရီက တိုက်ကြီးမှ ရန်ကုန်ဘက်သို့ မောင်းလာသည့် ဟိုက်ဂျက်ယာဉ်တစ်စီးမှာ အရှိန်မထိန်းနိုင်ဖြစ်ပြီးတစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ လိုက်ထရပ်ယာဉ်တစ်စီးကို မျက်နှာချင်းဆိုင် ဝင်တိုက်မိခဲ့သောကြောင့် ယာဉ် နှစ်စီးပေါ်ပါ ခရီးသည် ခုနစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

■ လှိုင်သာယာမြို့နယ်၊ မီးခွက်စျေးမှတ်တိုင်အနီးတွင် အောက်တိုဘာလ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲကရေတမာပင်အောက်စောင်ခင်း၍ ဖဲချပ် ၅၂ ချပ်၊ ငွေကျပ် ခုနစ်သောင်းကျော်နှင့်အတူ လောင်းကစားပြုလုပ်နေသည့် အမျိုးသား သုံးဦးကို ဖမ်းမိခဲ့သည်။

■ တောင်ဥက္ကလာပမြို့နယ်၊၁၄ ရပ်ကွက်၊ရတနာလမ်းရှိသုံးလွှာတိုက်ခန်း တစ်ခုတွင် အောက်တိုဘာလ ၁၁ ရက် မွန်းလွဲ ၂ နာရီကအသက် ၃၈ နှစ် အရွယ်ရှိအမျိုးသားတစ်ဦးမှ မြေပြင်ပေါ်ရှိအလူမီနီယမ် သံချောင်းများကိုကြိုးဖြင့်ချီ၍ တိုက်ခန်းပြတင်းပေါက်မှ ဆွဲတင်နေစဉ် လမ်းပေါ် သွယ်တန်းထားသည့် ဓာတ်ကြိုးနှင့် ထိမိရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။

■ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည် ကားလမ်းရှိမိုင်တိုင်အမှတ် ၅၅/၇ အနီးတွင် အောက်တိုဘာလ ၁၁ ရက် ည ၈ နာရီခွဲကတိုက်ကြီးမှ ဥက္ကံဘက် မောင်းလာသည့် စက်ရုံကြိုပို့ယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး ဆိုင်ကယ်တစ်စီးကိုဝင်တိုက်မိခဲ့သောကြောင့် အသက် ၂၃ နှစ်အရွယ် ဆိုင်ကယ်မောင်းသူအမျိုးသားပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

■ ရွှေပြည်သာမြို့နယ်၊ တ/၁၅ ရပ်ကွက်၊ ဝဏ်ဘာလမ်းတွင် အောက်တိုဘာလ ၁၁ ရက်မွန်းလွဲ ၁၂ နာရီခွဲက လောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိထားသည့် အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးကိုတားဆီး စစ်ဆေးခဲ့ရာ ၎င်းထံမှ နှစ်လုံးထီဂဏန်းများရေးထားသည့် ဘောက်ချာစာအုပ်များနှင့်အတူ ငွေကျပ်ငါးသောင်းကျော်ကို သိမ်းဆည်းရမိခဲ့သည်။


ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂


## တရားရုံးအချုပ်မှ ထွက်ပြေးလွတ်မြောက်သွားသည့် လူသတ်တရားခံ ဖမ်းမမိသေး

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

အင်းစိန်မြို့နယ်ရှိမြောက်ပိုင်းခရိုင် တရားရုံးအချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားသောလူသတ်မှုဖြင့် တရားစွဲဆိုစစ်ဆေးနေသည့် အသက် ၂၉ နှစ်အရွယ် အချုပ်သားအမျိုးသားကိုယနေ့အချိန်ထိဖမ်းဆီးရမိခြင်းမရှိသေးကြောင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ လွတ်မြောက်သွားသည့် အချုပ်သားနိုင်လင်းဇော်မှာ ယခုနှစ် ဇွန်လကလှိုင်သာယာမြို့နယ်တွင် ပထွေးဖြစ်သူကိုဓားဖြင့် ခုတ်သတ်မှုဖြင့် ရဲတပ်ဖွဲ့ကဝင်းကိုဖမ်းဆီးခဲ့ပြီး အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းကာ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အောက်တိုဘာလ ၆ ရက်နေ့ကမြောက်ပိုင်းခရိုင် တရားရုံးတွင် ရုံးထုတ်စစ်ဆေးချိန် ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်းမြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကပြောကြားသည်။

"လွတ်သွားတဲ့ အချုပ်သားကို ဖမ်းမိဖို့ နယ်မြေအနှံ့မှာရှိတဲ့ ရဲစခန်းတွေဆီသူ့ရဲ့ ကိုယ်ရေးအကျဉ်းနဲ့ ဓာတ်ပုံတွေ ပေးပို့ထားတယ်၊ အချုပ်သားလွတ်မြောက်မှုနဲ့ ပတ်သက်ပြီး အဲ့ဒီနေ့ကအချုပ်ခန်းတာဝန်ကျ တပ်ဖွဲ့ဝင်တွေကိုအရေးယူဖို့ စုံခုံဖွဲ့ စစ်ဆေးနေပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ထွက်ပြေး လွတ်မြောက်သွားသည့် အချုပ်သားနိုင်လင်းဇော်မှာ ယင်းနေ့က ၎င်း၏ ဇနီးဖြစ်သူမှ လာရောက် ထွေ့တွေ့စဉ် တွေ့ဆုံခွင့်ပေးခဲ့ပြီးနောက် ပျောက်ဆုံးခဲ့ပြီး ညနေပိုင်းရောက်ရှိချိန် ရဲတပ်ဖွဲ့က အချုပ်သားများကို အင်းစိန်ထောင်သို့ ပြန်လည်ပို့ဆောင်ရန် လူစစ်ဆေးချိန်မှ ၎င်းထွက်ပြေးခဲ့သည်ကို သိရှိခဲ့ကြောင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## မရမ်းကုန်းတွင် ပုပ်ပွသေဆုံးနေသည့် အမျိုးသားအလောင်းတွေ့

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မရမ်းကုန်းမြို့နယ်၊ အုတ်ပုံဆိပ်တံတားအနီးရှိရေမြောင်းတွင် အောက်တိုဘာလ ၁၁ ရက် နံနက် ၁၁ နာရီက ပုပ်ပွသေဆုံးနေသည့် အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

"ရေမြောင်းထဲမှာအမှိုက်တွေပိတ်ဆို့နေလို့ သွားကြည့်တော့ အမှိုက်ကြားထဲမှာ လူသေအလောင်းကို တွေ့ခဲ့တာ၊ ရဲတပ်ဖွဲ့ကိုအကြောင်းကြားပြီးအလောင်းကိုအပေါ်ဆွဲတင်တော့မှ ပုပ်ပွပြီးရုပ်ပျက်နေတာတွေ့ခဲ့တာ၊ သေဆုံးသူကဘယ်သူဘယ်ဝါမှန်းခုထိမသိရသေးဘူး" ဟု အုတ်ပုံဆိပ်တံတားအနီး နေထိုင်သူ အမျိုးသားတစ်ဦးက ပြောကြားသည်။

အဆိုပါ ပုပ်ပွနေသော ရုပ်အလောင်းတွင် ပြင်ပဒဏ်ရာရှိမရှိကို ရှာဖွေ၍ မရခဲ့သောကြောင့် ရုပ်အလောင်းကိုမြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်စစ်ဆေးနေပြီး သေဆုံးသူမိသားစုနှင့် အဆက်အသွယ်ရရှိရန် ရဲတပ်ဖွဲ့ကသေမှုသေခင်းဖွင့်လှစ်ကာ စုံစမ်းဆောင်ရွက်နေကြောင်း သိရှိရသည်။

အောက်တိုဘာလ ၈ ရက် မွန်းလွဲ ၂ နာရီက ယင်းမြို့နယ်ရှိပါရမီဆေးရုံအနီး ဦးဘဟန်လမ်းသွယ်တွင် အငှားယာဉ်မောင်းအမျိုးသားတစ်ဦးကို ၎င်းမောင်းနှင်သည့် ယာဉ်ပေါ်တွင် အသတ်ခံရပြီး ယနေ့အချိန်အထိပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

The VOICE Daily

CARTOON



# ရန်ကုန်ယူနိုက်တက်အသင်း၏ အိမ်ကွင်းအဖြစ် အောင်ဆန်းကွင်းကို သတ်မှတ်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ရန်ကုန်ယူနိုက်တက်အသင်း အနေနှင့် အိမ်ကွင်းပြင်ဆင်မှုများ ပြုလုပ်နေချိန်အတွင်း အောင်ဆန်းကွင်းကို ရန်ကုန်ယူနိုက်တက်အသင်း၏အိမ်ကွင်းအဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရှိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၎င်းတို့၏အိမ်ကွင်း မြက်ခင်းပြင်ကို ပြုပြင်မှုများ ပြုလုပ်ရန်ရှိနေသောကြောင့် ၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ်ကို အခြားကွင်းတစ်ကွင်း၌ လက်ခံကစားနိုင်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်အသင်းရဲ့အိမ်ကွင်းအဖြစ် အောင်ဆန်းကွင်းကို အသုံးပြုခွင့်ပေးပါမယ်။ ဒါကလိဂ်ကော်မတီကနေ ဆုံးဖြတ်ထားတာပါ"ဟု မြန်မာနေရှင် နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီ စီအီးအို ဦးစိုးမိုးကျော်က ပြောကြားသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၎င်းတို့၏အိမ်ကွင်းကို မြက်ခင်းအစစ်ဖြင့် အစားထိုးရန် သို့မဟုတ် မြက်ခင်းတုကို ပြန်လည်ခင်းကျင်းရေး ပြင်ဆင်ရန် စီစဉ်ထားသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက် အသင်းအနေနှင့်လည်း ပထမအကျော့ပွဲစဉ်များအတွက် တောင်ငူကွင်းကို အိမ်ကွင်းအဖြစ်အသုံးပြုမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များအတွက် ပဲခူးကွင်းကို အသုံးပြုမည်ဖြစ်သည်။

"ဟံသာဝတီယူနိုက်တက်ကလည်း ပဲခူးကွင်းကို ပြင်နေတာမပြီးသေးဘူး။ ဒါ့ကြောင့်တောင်ငူကွင်းကိုပဲ အိမ်ကွင်းအဖြစ်တင်ထားတယ်။ ပဲခူးကွင်းပြီးတော့မှ ပဲခူးကွင်းကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပမှာပါ"ဟု ဦးစိုးမိုးကျော်က ထပ်မံပြောကြားသည်။

၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဆောက်သမ်းမြန်မာ၊ ရခိုင်ယူနိုက်တက်၊ ဇွဲကပင်ယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့သည် အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်သောကြောင့် အိမ်ကွင်းအသစ်များ ထပ်မံပေါ်ပေါက်လာမည်ဖြစ်သည်။ ■

# မာရာဒိုနာကို အိုင်ကာဒီ ထိုးနှက်တိုက်ခိုက်

**နေပယ်လ်၊ အောက်တိုဘာ ၁၁**


Daily Mail

အင်တာမီလန်အသင်း တိုက်စစ်မှူး အိုင်ကာဒီသည် အာဂျင်တီးနားဂန္တဝင်ကစားသမား မာရာဒိုနာကို ပုဂ္ဂိုလ်ရေးအရ ထိုးနှက်တိုက်ခိုက်လိုက်ပြီး ၎င်းကို မက်ဇီလိုပက်ဇ်၏ ဇနီးသည်နှင့် လက်ထပ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မာရာဒိုနာက လူမှုအသိုင်းအဝိုင်းတွင် အရှက်ရစေမည့် စကားအသုံးအနှုန်းဖြင့် စော်ကားဝေဖန်လိုက်သည့်အတွက် ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်ပါကြောင်း အိုင်ကာဒီက ရှင်းလင်းပြောကြားသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

မာရာဒိုနာသည် အိုင်ကာဒီကို မက်ဇီလိုပက်ဇ်၏ဇနီးသည် ဝန်ဒါနာရာနှင့် လက်ထပ်ခဲ့ခြင်းအတွက် စည်းမစောင့်သည့် ကြာခိုသူဟု ပြစ်တင်ပြောဆိုခဲ့ကာ အိုင်ကာဒီနှင့် ဝန်ဒါနာရာတို့မှာ စီးရီးအေကလပ် ဆမ်ဒိုးရီးယားအသင်းထံတွင် အိုင်ကာဒီနှင့် မက်ဇီလိုပက်ဇ်တို့ အသင်းဖော်များအဖြစ် ဖြတ်သန်းနေကြချိန် ၂၀၁၃ ခုနှစ်တွင် ဆုံဆည်းခဲ့ကြခြင်းဖြစ်သည်။

အိုင်ကာဒီနှင့် ဝန်ဒါနာရာတို့ဆုံတွေ့ချိန်တွင် မက်ဇီလိုပက်ဇ်နှင့် ဝန်ဒါနာရာတို့၏အိမ်ထောင်ရေး၌ အေးစက်မှုများ ရှိနေပြီဖြစ်ပြီး အိုင်ကာဒီနှင့် ဆုံတွေ့ခဲ့ခြင်းမှာ ဝန်ဒါနာရာအတွက် မက်ဇီလိုပက်ဇ်နှင့်အိမ်ထောင်ရေးကို အဆုံးသတ်ရန် တွန်းအားတစ်ရပ်သဖွယ် ဖြစ်သွားခဲ့သည်။

မာရာဒိုနာသည် ဗာတီကန်မြို့သို့ ငြိမ်းချမ်းရေး ဟောပြောပွဲအခမ်းအနားတက်ရောက်ရန် ရောက်ရှိလာခဲ့စဉ်တွင် ၎င်းကို သတင်းထောက်များက အာဂျင်တီးနားလက်ရွေးစင်အသင်း၌ အင်တာမီလန်တွင် ခြေစွမ်းပြကစားနေသည့် အိုင်ကာဒီကို နေရာပေးသင့်၊ မပေးသင့် မေးမြန်းခဲ့ကြပြီး ယင်းမေးခွန်းကို မာရာဒိုနာက "အိုင်ကာဒီကို လက်ရွေးစင်အသင်းမှာ ထည့်သွင်းရွေးချယ်သင့်သလား၊ မသင့်ဘူးလားဆိုတာက ကျွန်တော့်ကိစ္စမဟုတ်ပါဘူး။ ပြောရမယ်ဆိုရင် စည်းမစောင့်တဲ့လူတွေအကြောင်းကို ကျွန်တော်က စကားထဲတောင် ထည့်ပြောချင်စိတ်မရှိပါဘူး။ ကျွန်တော် ဒီနေရာကို ငြိမ်းချမ်းရေးဟောပြောပွဲတက်ဖို့ ရောက်ရှိလာခဲ့တာပါ။ အိုင်ကာဒီအကြောင်း ပြောပြဖို့ ရောက်လာတာ မဟုတ်ပါဘူး"ဟု အဖြေပေးသွားခဲ့သည်။

အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီသည် မာရာဒိုနာ၏မှတ်ချက်စကားများကို အလွန်အမင်း ဒေါသပေါက်ကွဲလျက်ရှိပြီး မာရာဒိုနာမှာ အာဂျင်တီးနားဘောလုံးလောကတွင် ဂန္တဝင်ကစားသမားအဖြစ် သတ်မှတ်ပေးခြင်း ခံထားရသော်လည်း အတုယူလောက်ဖွယ်ရာ စံနူန်းများဖြင့် ကိုက်ညီသောသူ မဟုတ်သည်ကို နားလည်သင့်ကြောင်း အိုင်ကာဒီက တုံ့ပြန်ထိုးနှက်ထားသည်။

အိုင်ကာဒီသည် လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ အင်တာမီလန်နှင့် ၂၀၂၁ ခုနှစ်တိုင်သည်အထိ သက်တမ်းရှိစေမည့် စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည့်အပြင် ၎င်း၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ကိုလည်း ထုတ်ဝေဖြန့်ချိခဲ့သည်။■




# ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် ဘန်တီကီ စံချိန်သစ်စိုက်ထူ

**ဘရပ်ဆဲလ်၊ အောက်တိုဘာ ၁၁**

ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း တိုက်စစ်မှူး ဘန်တီကီသည် ဘယ်လ်ဂျီယံက ဂျီဘရော်လ်တာကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးရှင်အဖြစ် စံချိန်စိုက်ထူသွားနိုင်ခဲ့ကြောင်း BBC က ဖော်ပြထားသည်။

ဘန်တီကီသည် ဘယ်လ်ဂျီယံနှင့် ဂျီဘရော်လ်တာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် အသင်းအတွက် ပွဲအစခုနစ်စက္ကန့်၌ပင် အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့ပြီး ယင်းပွဲစဉ်၌ ဂိုးသုံးဂိုး သွင်းယူရရှိခြင်းနှင့်အတူ ဟက်ထရစ်သွင်းဂိုးရှင်အဖြစ်လည်း ဘန်တီကီက ရပ်တည်နိုင်ခဲ့သည်။

ဂျီဘရော်လ်တာဘက်သို့ ဘန်တီကီ သွင်းယူခဲ့သည့် အဖွင့်ဂိုးသည် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း သမိုင်းကြောင်းတစ်လျှောက်တွင်လည်း အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီး ဘန်တီကီ၏ သွင်းဂိုးမတိုင်မီတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းကြောင်းတစ်လျှောက်၌ အမြန်ဆုံးသွင်းဂိုးအဖြစ် စံချိန်တင်ထားခဲ့သည်မှာ ၁၉၉၃ ခုနှစ်၌ ဆန်မာရီနိုကစားသမား ဂေါ်လ်တိုင်ရီက အင်္ဂလန်ဘက်သို့ ပွဲအစ ၈ ဒသမ ၃ စက္ကန့်တွင် သွင်းယူခဲ့သောဂိုးဖြစ်သည်။

ဘန်တီကီသည် အက်စတွန်ဗီလာထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်၌ ပရီးမီးယားလိဂ်၏ထိပ်တန်းအဆင့် တိုက်စစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရဖူးကာ လီဗာပူးသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့အပြီးတွင်မူ ပွဲထွက်ခွင့်နည်းပါးလွန်း၍ ၎င်း၏ ခြေစွမ်းမှာ ပျောက်ဆုံးသွားခဲ့ရသည်။

ဘန်တီကီသည် လက်ရှိတွင် လီဗာပူးကို ကျောခိုင်းစွန့်ခွာ၍ ခရစ္စတယ်လ်ပဲလေ့စ်ထံသို့ပြောင်းရွှေ့ခဲ့ပြီဖြစ်ကာ ခရစ္စတယ်လ်ပဲလေ့စ်ကို ကိုယ်စားပြု၍ ပရီးမီးယားလိဂ်ပွဲစဉ်ငါးပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ရာ၌ ဘန်တီကီက သွင်းဂိုးသုံးဂိုး ရယူပေးထားပြီလည်းဖြစ်သည်။

ဘယ်လ်ဂျီယံသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က နောက်ဆုံးထုတ်ပြန်ထားသည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်နှစ်နေရာ၌ ရပ်တည်နေပြီး လွန်ခဲ့သည့်မေလသို့ရောက်မှသာ ဖီဖာအဖွဲ့ဝင်အဖြစ် သတ်မှတ်ပေးခြင်းခံခဲ့ရသော ဂျီဘရော်လ်တာအသင်းမှာမူ ကမ္ဘာ့အဆင့် ၂၀၇ တွင် ရပ်တည်လျက်ရှိသည်။

ဘယ်လ်ဂျီယံသည် ၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲအဖြစ် အုပ်စုခွဲရာတွင် ဂရိ၊ ဘော့စနီးယား၊ အက်စ်တိုးနီးယား၊ ဆိုက်ပရပ်စ်၊ ဂျီဘရော်လ်တာတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ဘယ်လ်ဂျီယံက သုံးပွဲကစား၊ သုံးပွဲနိုင်၊ သွင်းဂိုး ၁၃ ဂိုး၊ ပေးဂိုးမရှိ ရလဒ်ဖြင့် ယင်းအုပ်စုကို ထိပ်ဆုံးနေရာမှ ဦးဆောင်လျက်ရှိသည်။■

# ဟာနန်ဒက်ဇ်ကိုခေါ်ယူရန် ဗလင်စီယာ စောင့်ကြည့်

**ဗလင်စီယာ၊ အောက်တိုဘာ ၁၁**

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် လေဗာကူဆင်အသင်းထံတွင် ကစားသမားဘဝဖြတ်သန်းလျက်ရှိသည့် မန်ယူတိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ ပေးချေခေါ်ယူရန် စောင့်ကြည့်အကဲခတ်လျက်ရှိကြောင်း AS က ဖော်ပြထားသည်။

ဗလင်စီယာအသင်းသည် လက်ရှိတွင် လာလီဂါပွဲစဉ် ခုနစ်ပွဲယှဉ်ပြိုင်ပြီးချိန်၌ သွင်းဂိုး ခုနစ်ဂိုးသာ ရရှိထားကာ ယင်းအကျပ်အတည်းကိုဖြေရှင်းရန်အတွက် ဟာနန်ဒက်ဇ်ကိုခေါ်ယူရန် ဗလင်စီယာဥက္ကဋ္ဌ ပီတာလင်းက စဉ်းစားလာခဲ့ခြင်းဖြစ်သည်။

ဗလင်စီယာနည်းပြသစ် ပရန်ဒယ်လီသည် ဘာစီလိုနာထံသို့ ရောင်းချလိုက်သည့် တိုက်စစ်မှူး အယ်လ်ကာဆာ၏ ကွက်လပ်ကို ထိပ်တန်းအဆင့်ကစားသမားတစ်ဦး ခေါ်ယူအားဖြည့်ပေးပါရန် အသင်းဥက္ကဋ္ဌ ပီတာလင်းကို တောင်းဆိုထားပြီး လေဗာကူဆင်နှင့် ဟာနန်ဒက်စ်အကြားတွင် လာမည့် ၂၀၁၈ ခုနှစ်တိုင်သည်အထိ စာချုပ်သက်တမ်းရှိနေဆဲဖြစ်သော်လည်း စာချုပ်ဖျက်သိမ်းခအဖြစ် သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ ကို အပြည့်အဝ ပေးချေလိုက်မည်ဆိုပါက လေဗာကူဆင်က ဟာနန်ဒက်ဇ်ကို လက်လွှတ်ပေးနိုင်ဖွယ်ရှိကြောင်း ပီတာလင်းက ယူဆထားသည်။

လေဗာကူဆင်သည် ၂၀၁၅ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဟာနန်ဒက်ဇ်ကို မန်ယူထံမှနေ၍ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၂ သန်းဖြင့် ဝယ်ယူလိုက်ခြင်းဖြစ်ကာ လက်ရှိတွင် လေဗာကူဆင်ကို ကိုယ်စားပြု၍ ဘွန်ဒက်စ်လီဂါပွဲစဉ်ပေါင်း ၃၃ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ရာ၌ ဟာနန်ဒက်ဇ်က သွင်းဂိုး ၂၂ ဂိုးအထိ ရယူပေးထားပြီလည်းဖြစ်သည်။


AS

လေဗာကူဆင်သည် ဟာနန်ဒက်ဇ်ကို ဝယ်ယူလိုက်အပြီးတွင် အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့ အပါအဝင် မြောက်အမေရိကတိုက်တစ်လွှား၌ အသင်းပုံရိပ် ပိုမိုကြီးမားခြင်းနှင့် ဈေးကွက်ဝေစုပိုမိုရရှိခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ပိုင်ဆိုင်ရရှိလာခဲ့ပြီး ကာယကံရှင်ဖြစ်သူ ဟာနန်ဒက်ဇ်ကလည်း လက်ရှိတွင် ၎င်းအနေနှင့် အခြားသောကိစ္စရပ်များကိုခေါင်းထဲထည့်ထားမည်မဟုတ်ဘဲ လေဗာကူဆင်အတွက် အကောင်းဆုံးကစားပေးနိုင်ရန်ကိုသာ အာရုံစိုက်သွားမည်ဖြစ်ကြောင်း ဖွင့်ဟအသိပေးထားသည်။ ■



# ရူနီမှာ ခရီးသည်တစ်ဦးအဆင့်သို့ ရောက်သွားပြီဟု ဝေဖန်ခံရ တစ်ကျော့ပြန်လည်ခြေစွမ်းပြရန် ကြိုးပမ်းမည်ဟု ရူနီကြုံးဝါး

**လန်ဒန်၊ အောက်တိုဘာ ၁၁**

အင်္ဂလန်လက်ရွေးစင်အသင်း လူစာရင်းမှနေ၍ ၁၃ နှစ်တာ ကာလအတွင်း နည်းစနစ်အကြောင်းပြချက်ဖြင့် ပထမဆုံးအကြိမ် ဖယ်ထုတ်ခြင်းခံလိုက်ရသည့် တိုက်စစ်မှူးရူနီသည် ၎င်း၏စွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ ဝေဖန်ပြစ်တင်ခြင်းများကို ရင်ဆိုင်ကြုံဆုံနေရပြီဖြစ်ကာ ရူနီမှာ အင်္ဂလန်အသင်းကို ဦးဆောင်နိုင်သည့်အဆင့်တစ်ခုတွင် မရှိတော့ဘဲ နောက်လိုက်တစ်ဦးအဆင့်သာရှိတော့ကြောင်း လီဗာပူးနောက်ခံလူဟောင်း ကာရော်ဂါ၊ စပါးနည်းပြဟောင်း ဟယ်ရီရက်နပ်၊ အာဆင်နယ်နောက်ခံလူဟောင်း မာတင်ကီယွန်နှင့် ဘလက်ဘန်းတိုက်စစ်မှူးဟောင်း ခရစ္စဆပ်တန်တို့က သုံးသပ်ထောက်ပြသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ကာရော်ဂါ၊ ရက်နပ်၊ ကီယွန်နှင့် ဆပ်တန်တို့သည် Daily Mail သတင်းစာ၏ဘောလုံးစကားဝိုင်းအစီအစဉ်တွင် ရူနီ၏အင်္ဂလန်လက်ရွေးစင်အသင်းကစားသမားဘဝဖြတ်သန်းမှု အနာဂတ်ကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး ရူနီမှာ ရုရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ လိုက်ပါခွင့်ရခဲ့သည့်တိုင် ခရီးသည်တစ်ဦးအဆင့်သာ ရှိတော့မည်ဟု ဆပ်တန်ကဆိုသည်။

အင်္ဂလန်လက်ရွေးစင်အသင်း ယာယီနည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်နှင့် ဆလိုဗေးနီးယားတို့ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရူနီကို ထည့်သွင်းအသုံးပြုလေ့ရှိသည့် ကွင်းလယ်ဗဟိုနေရာ၌ စပါးကွင်းလယ်လူ အီရစ်ဒိုင်ယာကို နေရာပေးသွားခဲ့ကာ လက်ရှိအခြေအနေများအရ ရူနီ၏လက်ရွေးစင်ကစားသမားဘဝ အဆုံးသတ်ရန်မှာ နီးစပ်မှုများလည်း ရှိလာခဲ့ပြီဖြစ်ကြောင်းလည်း သုံးသပ်ချက်များ ထွက်ပေါ်နေသည်။

ရူနီသည် ၎င်းအနေနှင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပုံမှန်ပွဲထွက်ကစားသမားအဖြစ် ပြန်လည်နေရာရနိုင်ရန် မလျှော့တမ်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုထားပြီး အင်္ဂလန်လက်ရွေးစင်အသင်း အမြဲတမ်းနည်းပြအဖြစ် အက်ဖ်အေတာဝန်ရှိသူများက ဆောက်ဂိတ်ကို အပြီးသတ်ရွေးချယ်လိုက်မည်ဆိုပါက ရူနီ၏ပွဲထွက်ခွင့်မှာ လုံးဝနီးပါးပင် အာမခံချက်ကင်းမဲ့သွားဖွယ် ရှိနေပြီဖြစ်သည်။

နည်းပြဆောက်ဂိတ်သည် ဆလိုဗေးနီးယားနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဟန်ဒါဆန်ကို အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ် နေရာပေးသွားခဲ့ကာ ရူနီမှာ လက်ရှိတွင် မိခင်ကလပ် မန်ယူထံ၌လည်း နည်းပြမော်ရင်ညိုလက်အောက်၌ အရန်အဖြစ် ဖြတ်သန်းရမှုများ ရှိနေပြီဖြစ်သည်။ ■

# ဖီဖာကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အလုပ်သမားတစ်ဦး တရားစွဲဆို

**ဇူးရစ်ချ်၊ အောက်တိုဘာ ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကို အလုပ်သမားများအခွင့်အရေးအား ကာကွယ်ပေးရန် ပျက်ကွက်ခဲ့သည့်အတွက် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း DPA က ဖော်ပြထားသည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား နာဒင်းမ် ရှာရီဖူးလ် အလမ်သည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကာတာနိုင်ငံ၏ပြိုင်ပွဲနှင့်သက်ဆိုင်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် ရွှေ့ပြောင်းအလုပ်သမားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ကို ဖီဖာက တာဝန်ယူကာကွယ်ပေးရန် ပျက်ကွက်ခဲ့သည့်အတွက် တရားလိုပြုတိုင်ကြားလိုက်ခြင်းဖြစ်ပြီး အမှုစွဲဆိုခြင်းကို တရားရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ဇူးရစ်ချ်တရားရုံးက လက်ခံထားပြီလည်းဖြစ်သည်။

ရွှေ့ပြောင်းလုပ်သား အလမ်သည် ကာတာကမ္ဘာ့ဖလား ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ အလုပ်သမားများ၏ လုပ်ခလစာကို ညှိနှိုင်းသဘောတူထားသည့်အတိုင်း မပေးချေဘဲ ကျင့်ဝတ်ချိုးဖောက်မှုများရှိနေသည်ဟု အလမ်က ဆိုသည်။

အလမ်သည် နယ်သာလန်နိုင်ငံအခြေစိုက် အလုပ်သမားယူနီယံကို အကူအညီတောင်း၍ ယခုတရားစွဲဆိုမှုကို ဆောင်ရွက်လိုက်ခြင်းဖြစ်ပြီး ကာတာနိုင်ငံမှာ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စတင်ချိန်ကတည်းကပင် ရွှေ့ပြောင်းလုပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် နာမည်ဆိုးထွက်နေခဲ့ခြင်းဖြစ်သည်။ ■



Daily Mail





# ဂိုးသမားကျော်ဇင်ထက်၏ အပြောင်းအရွှေ့ယခုရက်ပိုင်းအတွင်း ဇွဲကပင်ယူနိုက်တက်အသင်း ဆုံးဖြတ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ဇွဲကပင်ယူနိုက်တက် အသင်း၏ အဓိကဂိုးသမား ကျော်ဇင်ထက်၏စာချုပ်သက်တမ်းနှင့် အပြောင်းအရွှေ့ကိစ္စကို ယခုရက်ပိုင်းအတွင်း ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု ယင်းအသင်းထံမှ သိရသည်။

ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ကျော်ဇင်ထက်တို့အကြား ချုပ်ဆိုထားသောစာချုပ်သည် ယခုနှစ် ဒီဇင်ဘာလအကုန်အထိ စာချုပ်ရှိနေသေးရာ ကျော်ဇင်ထက်နှင့်ပတ်သက်သော အသင်းအပြောင်းအရွှေ့ကိစ္စကို ညှိနှိုင်းရခြင်းမရှိသေးကြောင်း ဇွဲကပင်အသင်း ပြန်ကြားရေးတာဝန်ခံ ဦးကျော်ကိုကိုဆင့်က ပြောကြားသည်။

“ကျော်ဇင်ထက်နဲ့ပတ်သက်ပြီး အခုအချိန်အထိ သူနဲ့အသင်းနဲ့ကြားမှာဆွေးနွေးမှုတွေ မလုပ်ရသေးပါဘူး။ အသင်းပိုင်ရှင် ခရီးသွားနေတာကြောင့်လည်း ပါပါတယ်။ စာချုပ်ကျန်သေးတဲ့အတွက် အခုအချိန်အထိတော့ အသင်းက သူ့ကို လစာပေးနေတုန်းပဲ။ အသင်းပိုင်ရှင်က အခုရက်ပိုင်းအတွင်း ပြန်လာမှာပါ။ အဲဒီအချိန်မှ ကျော်ဇင်ထက် အပါအဝင် လာမယ့်ဘောလုံးရာသီအတွက် ဘယ်သူတွေကို စာရင်းတင်သွင်းမယ်ဆိုတာ ဆုံးဖြတ်ပါမယ်” ဟု၎င်းက ဆိုသည်။

လက်ရွေးစင်အသင်း ဂိုးသမားဟောင်း ကျော်ဇင်ထက်အနေနှင့် အသင်းပြောင်းရွှေ့လိုသည်ဟု ဖွင့်ဟထားသောကြောင့် လက်ရှိအချိန်တွင် ဇွဲကပင်အသင်း၏လေ့ကျင့်ခန်းအစီအစဉ်များသို့ လာရောက်ပူးပေါင်းခြင်းမရှိသေးကြောင်း ယင်းအသင်း ကစားသမားအချို့ထံမှ သိရသည်။

ဇွဲကပင်ယူနိုက်တက်အသင်းအနေနှင့် အသင်း၏လေ့ကျင့်ရေးအစီအစဉ်များတွင် အသင်းဖျက်သိမ်းခဲ့သော ဇေယျာရွှေမြေအသင်းနှင့် မနောမြေအသင်းတို့မှ ကစားသမားဟောင်းများကို ခေါ်ယူလေ့ကျင့်နေသည်။ ■

# ဝစ်ဂျ်နယ်လ်ဒမ်နှင့် ဆီလက်စ်ဆန်တို့ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်ရ



© Getty Images

**အမ်စတာဒမ်၊ အောက်တိုဘာ ၁၁**

လီဗာပူးကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်လ်ဒမ်နှင့် ဘာစီလိုနာဂိုးသမား ဆီလက်စ်ဆန်တို့သည် နယ်သာလန်လက်ရွေးစင်အသင်းကိုကိုယ်စားပြု၍ ကမ္ဘာ့ဖလားခြေစစ်ပွဲများ ပါဝင်ကစားပေးရာတွင် ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်ကြုံဆုံလိုက်ရသည့်အတွက် ယခုသီတင်းပတ်အတွင်းယှဉ်ပြိုင်ကစားရမည့် အမှတ်ပေးပြိုင်ပွဲများတွင် သက်ဆိုင်ရာကလပ်အသင်းများကို ကိုယ်စားပြုနိုင်ရန် မသေချာတော့ကြောင်း Marca က ဖော်ပြထားသည်။

ဝစ်ဂျ်နယ်လ်ဒမ်သည် ပြင်သစ်က နယ်သာလန်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တံကောက်ကြောဒဏ်ရာ ရရှိသွားခဲ့ကာ ဒဏ်ရာအခြေအနေ စိုးရိမ်ရသည့်အတွက် ၎င်းကို ပွဲကစားချိန် ၆၁ မိနစ်၌ နည်းပြဒန်နီဘလိုင်းက တိုက်စစ်မှူး ဘတ်စ်ဒေါ့စ်နှင့် လူစားလဲလှယ်လိုက်ရသည်။

လီဗာပူးသည် လာမည့်တနင်္လာနေ့တွင် မန်ယူနှင့် ပရီးမီးယားလိဂ်ပွဲစဉ်ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်ကာ အဆိုပါပွဲစဉ်၌ ဝစ်ဂျ်နယ်လ်ဒမ် ကစားနိုင်မည်၊ မကစားနိုင်မည်ဆိုခြင်းကို ၎င်း၏ဒဏ်ရာအခြေအနေအား အသေးစိတ်စစ်ဆေးပြီးမှသာ သိရှိနိုင်လိမ့်မည်ဟု လီဗာပူးအသင်းက ထုတ်ပြန်ကြေညာထားသည်။

ဂိုးသမား ဆီလက်စ်ဆန်သည် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ လေ့ကျင့်ရေးဆင်းရာတွင် ခြေမျက်စိ ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအခြေအနေအရ ဆီလက်စ်ဆန်ကို သီတင်းသုံးပတ်ခန့် အနားပေးရဖွယ်ရှိနိုင်ကြောင်း နယ်သာလန်လက်ရွေးစင်အသင်းဆေးအဖွဲ့က အသိပေးထားသည်။

ဆီလက်စ်ဆန်သည် အေဂျက်စ်တွင် အမာခံပွဲထွက်ကစားသမားအဖြစ် နေရာရရှိခဲ့သော်လည်း ဘာစီလိုနာထံသို့ ပြောင်းရွှေ့ခဲ့အပြီးတွင်မူ ဂိုးသမား တာစတီဂန်၏နောက်၌ အရန်အဖြစ် ကစားနေရလျက်ရှိကာ ဆီလက်စ်ဆန်ကို ဒီပို့တီဗို၊ အလာဗက်စ်၊ ဂရန်နာဒါတို့နှင့်ယှဉ်ပြိုင်ကစားရမည့် လာလီဂါပွဲစဉ်များအပါအဝင် မန်စီးတီးနှင့် အိမ်ကွင်း အဝေးကွင်း ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ် အုပ်စုအဆင့် ပွဲစဉ်နှစ်ပွဲ၌ ထည့်သွင်းအသုံးပြုနိုင်တော့မည်မဟုတ်ဟု ဘာစီလိုနာကလည်း အတည်ပြုထားပြီဖြစ်သည်။ ■

## ၃၁ကြိမ်မြောက် ထိုင်းဘုရင်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ မျိုးဆက်သစ်ကစားသမားများ ပါဝင်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

ကမ္ဘာ့အဆင့်နိုင်ငံပေါင်း ၅၀ ကျော်မှ ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် 31st King's Cup Sepaktakraw World Championship ပြိုင်ပွဲတွင် မျိုးဆက်သစ်ကစားသမားများကို ထည့်သွင်းယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ထံမှသိရသည်။

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် အောက်တိုဘာလ ၁၇ ရက်မှ ၂၃ရက်နေ့အထိ လက်ခံကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ မျိုးဆက်သစ်လူငယ်ကစားသမားများကို ခေါ်ယူ၍ လက်ရွေးစင်ကစားသမားများနှင့်အတူ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနထံမှ သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကို မြန်မာနိုင်ငံမှ အားကစားသမား ၂၄ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။■

## မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ လေးနိုင်ငံ ယှဉ်ပြိုင်မည်

**ရန်ကုန်၊ အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ဦးဆောင်၍ မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် လက်ခံကျင်းပမည့် ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲကို လေးနိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့တော်ရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အားကစားရုံ၌ အောက်တိုဘာလ ၂၉ ရက်နှင့် ၃၀ ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်ပြီး ထိုင်း၊ တရုတ်၊ မလေးရှားနှင့် အိမ်ရှင်မြန်မာတို့ ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ် နည်းပြချုပ် ဦးအောင်ဝင်းက ပြောကြားသည်။

"ပြိုင်ပွဲကျင်းပဖို့အတွက်က သေချာသွားပါပြီ။ သုံးနိုင်ငံက လာပြိုင်မယ်လို့ အကြောင်းပြန်ခဲ့တာ။ မြန်မာနဲ့ဆိုရင် လေးနိုင်ငံ ယှဉ်ပြိုင်ကြမှာပါ။ မြန်မာနိုင်ငံက ကစားသမားတွေ ပြိုင်ပွဲအတွေ့အကြုံတွေ ရစေဖို့ ရည်ရွယ်ကျင်းပတာ" ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံအနေနှင့် လက်ရှိရွေးချယ်ထားသော လူငယ်လက်ရွေးစင် ကစားသမားများအပြင်၊ ယခင် လက်ရွေးစင်ကစားသမားဟောင်းများဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ထိုင်း၊ တရုတ်၊ မလေးရှားနိုင်ငံတို့အနေနှင့် ကလပ်အသင်းများဖြင့်သာ ယှဉ်ပြိုင်မည်ဟု မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

အဆိုပါပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လေးသင်းနှင့် ကျန် နိုင်ငံတို့မှ တစ်သင်းစီဖြင့် စုစုပေါင်း ခုနစ်သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁ ရက်နေ့တွင် တရုတ်နိုင်ငံမှ နည်းပြများက စားပွဲတင်တင်းနစ်အားကစားနည်းနှင့်ပတ်သက်၍ မြန်မာကစားမားများကို သင်ကြားပေးမည်ဟု ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့မှ အမျိုးသား ဆယ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့သည် ရန်ကုန်မြို့ရှိ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ ■

## TODAY UPDATE NEWS

- မန်စီးတီးအသင်းနောက်ခံကစားသမား ဆက်ဂ်နာသည် ပြင်သစ်က ဘူဂေးရီးယားကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိသွားခဲ့သည့်အတွက် သီတင်းသုံးပတ်အနားယူရတော့မည်ဖြစ်ပြီး ဆက်ဂ်နာ ဒဏ်ရာရသွားခြင်းမှာ အသင်းခံစစ်အတွက် ကြီးစွာသော ထိုးနှက်ချက်ပင်ဖြစ်ကြောင်း မန်စီးတီးက ထုတ်ပြန်ကြေညာထားသည်ဟု The Mirror က ဖော်ပြထားသည်။ ဆက်ဂ်နာသည် ဒဏ်ရာအခြေအနေအရ အစောဆုံးအဖြစ် လာမည့်နိုဝင်ဘာလ ပထမသီတင်းပတ်သို့ရောက်မှသာ ဘောလုံးပြန်ကစားနိုင်ဖွယ်ရှိနေပြီး အဲဗာတန်၊ ဆောက်သမ်တန်၊ ဝက်စ်ဘရွန်းတို့နှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်များအပါအဝင် ဘာစီလိုနာနှင့်ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်၊ မန်ယူနှင့်ယှဉ်ပြိုင်ရမည့် လိဂ်ဖလားစတုတ္ထအဆင့်ပွဲစဉ်များကို ဆက်ဂ်နာက လွဲချော်ဖွယ်ရှိနေသည်။
- မန်ယူအသင်းသည် ဗလင်စီယာအသင်း၏အသက် ၁၈ နှစ်အရွယ် လူငယ်ကွင်းလယ်ကစားသမား ဖရန်ဇီလယ်လ်ဘာကိုခေါ်ယူရန် ဘာစီလိုနာနှင့်အပြိုင် စောင့်ကြည့်လေ့လာနေကြောင်း Daily Mail က ဖော်ပြထားသည်။ ဗလင်စီယာနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော မန်ယူအသင်းခေါင်းဆောင်ဟောင်း ဂယ်ရီနဗီးလ်သည် ဇီလယ်လ်ဗာကို ဒေးဗစ်ဆေးလ်ဗားလက်သစ်ဟုပင် တင်စားခဲ့ဖူးပြီး ဗလင်စီယာနှင့် ဇီလယ်လ်ဗာအကြားတွင် ၂၀၂၁ ခုနှစ်တိုင်သည်အထိ စာချုပ်သက်တမ်းရှိနေဆဲဖြစ်သော်လည်း ယင်းစာချုပ်ဖျက်သိမ်းခတန်ကြေးကို ဗလင်စီယာက ပေါင် ၃ ဒသမ ၆ သန်းသာ သတ်မှတ်ထားသည်။
- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)တာဝန်ရှိသူများသည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရက်ဂ်ျကလပ်ခ်ကို နည်းပြဆမ်အလာဒိုက်စ်အား အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြတာဝန်ထမ်းဆောင်မှု ၆၇ ရက်အတွက် ပေါင်တစ်သန်း အကျိုးခံစားခွင့်ပေးအပ်လိုက်ခြင်းအတွက် ကျိုးကြောင်းခိုင်လုံသည့် ဖြေရှင်းချက်ပေးအပ်ရန် တောင်းခံလိုက်ပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။ အက်ဖ်အေသည် နည်းပြဆမ်အလာဒိုက်စ်ကို တရားမဝင်အင်တာ ဗျူးတစ်ခုတွင် အဖွဲ့ချုပ်၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် မှတ်ချက်စကားများပြောကြားခဲ့ခြင်းအတွက် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရယူကာ လမ်းခွဲပစ်လိုက်ခြင်းဖြစ်သည်။



Daily Mail

## ဖာဂူဆန်နေရာကို ဆက်ခံရန် မော်ရင်ညိုကို ပထမဦးစားပေးအဖြစ် မန်ယူ ရွေးချယ်ခဲ့ခြင်းဖြစ်

**မန်ချက်စတာ၊ အောက်တိုဘာ ၁၁**

မန်ယူအသင်းအမှုဆောင် ဒုဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝါးဒ်သည် နည်းပြဖာဂူဆန် အနားယူရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် ၂၀၁၃ ခုနှစ်တွင် ယင်းရာထူးကို ဆက်ခံရန်အတွက် ပထမဆုံးကမ်းလှမ်းဆက်သွယ်ခဲ့သူမှာ လက်ရှိနည်းပြ မော်ရင်ညိုဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

အက်ဒ်ဝုဒ်ဝါးဒ်သည် ဖာဂူဆန်၏နေရာတွင် မော်ရင်ညိုကို အစားထိုးနိုင်ရန်အတွက် မက်ဒရစ်မြို့သို့ သွားရောက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်တွင် မော်ရင်ညိုက ချယ်လ်ဆီးနည်းပြရာထူးကို လက်ခံနှင့်ပြီးဖြစ်၍ မန်ယူ၏ကမ်းလှမ်းမှုကို ငြင်းဆန်ပယ်ချလိုက်ခြင်းဖြစ်သည်။

နည်းပြဖာဂူဆန်သည် ၎င်းအနားယူတော့မည်ကို တရားဝင် သတင်းမထုတ်ပြန်မီတွင် အသင်းတာဝန်ရှိသူများကို ခေါ်ယူ၍ ဦးစွာပထမ အသိပေးခဲ့ကာ ဖာဂူဆန်၏ဆုံးဖြတ်ချက်ကို ကြားသိလိုက်ရအပြီးတွင် အက်ဒ်ဝုဒ်ဝါးဒ်က ဖာဂူဆန်နေရာကို ဆက်ခံနိုင်မည့် နည်းပြသစ်ကို ချက်ချင်းရှာဖွေခဲ့ခြင်းဖြစ်သည်။

အက်ဒ်ဝုဒ်ဝါးဒ်သည် အက်သလက်တီကို အသင်းပိုင် ဗင်းဆင့်ဗယ်လ်ဒါရွန် ဘောလုံးကွင်းရှေ့၌ ၎င်းစီးနင်းလာသည့် ကားကိုရပ်နား၍ ကားမှန်များကို အလုံပိတ်ကာ မော်ရင်ညိုနှင့်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး မော်ရင်ညိုက ချယ်လ်ဆီး၏ကမ်းလှမ်းမှုကို ၎င်းအနေနှင့် လက်ခံထားပြီးဖြစ်ကြောင်း အသိပေးလိုက်အပြီးတွင် ဖာဂူဆန်၏လမ်းညွှန်မှုဖြင့် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်ဘက်သို့ မန်ယူအသင်းတာဝန်ရှိသူများက ဦးလှည့်လိုက်ကြခြင်းဖြစ်သည်။

အက်ဒ်ဝုဒ်ဝါးဒ်သည် မန်ယူကို မော်ရင်ညိုက ထိပ်တန်းအဆင့်သို့ပြန်လည်ဆွဲတင်ပေးနိုင်လိမ့်မည်ဟု အခိုင်အမာယူဆထားပြီး မန်ယူပရိသတ်များက မော်ရင်ညိုကို ယုံကြည်ကြသည့်အချက်မှာလည်း အသင်းအောင်မြင်မှုရရှိရေးတွင် လွန်စွာအရေးပါလာလိမ့်မည်ဖြစ်ကြောင်း အက်ဒ်ဝုဒ်ဝါးဒ်က ပြောကြားထားသည်။

နည်းပြမော်ရင်ညိုသည် ၎င်းအနေနှင့် လက်ရှိအချိန်၌ နည်းပြဗန်ဟားလ်ချန်ထားရစ်ခဲ့သည့် ဆိုးမွေအချို့ကို ရှင်းလင်းနေရဆဲဖြစ်သည်ဟု အသိပေးထားပြီး မန်ယူကဲ့သို့သောအသင်းမျိုးကို ပြန်လည်တည်ဆောက်ပုံဖော်ရသည်မှာ လအနည်းငယ်မျှဖြင့် ပြီးပြတ်သွားနိုင်သည့်အလုပ်မျိုးမဟုတ်ဟုလည်း မော်ရင်ညိုက ရှင်းပြထားသေးသည်။ ■

## ရာထူးဆက်ခံသူက အာဆင်နယ်ကို ယခုထက်ပို၍မြင့်သည့်အဆင့်တစ်ခုသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိရမည်ဟု အာစင်ဝင်းဂါး အသိပေး

**လန်ဒန်၊ အောက်တိုဘာ ၁၁**

အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးသည် ၎င်း၏ရာထူးကို ဆက်ခံမည့် အသင်းနည်းပြသစ်က အာဆင်နယ်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်၍ အသင်းကို ယခုထက်ပို၍ မြင့်မားသည့်အဆင့်တစ်ခုသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိရမည်ဟု ဖွင့်ဟပြောကြားလိုက်ကြောင်း Sportmail က ဖော်ပြထားသည်။

အာစင်ဝင်းဂါးသည် ၎င်း၏ရာထူးကို ဆက်ခံမည့် နည်းပြသစ်အကြောင်းကို လက်ရှိဘောလုံးရာသီအတွင်း ဒုတိယအကြိမ်မြောက် မှတ်ချက်စကားပြောကြားလိုက်ခြင်းဖြစ်ပြီး ယခုမတိုင်မီ ၎င်းပြောကြားခဲ့သည့်မှတ်ချက်စကားမှာ ရာထူးဆက်ခံမည့်သူကို မန်ယူနည်းပြဖာဂူဆန်ကဲ့သို့ ၎င်းက တာဝန်ယူရွေးချယ်ပေးခဲ့မည်မဟုတ်ဘဲ အသင်းအတွက် နည်းပြရွေးချယ်ခြင်းမှာ ဒါရိုက်တာဘုတ်အဖွဲ့၏ တာဝန်သာဖြစ်သည်ဟူ၍ ဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် အာဆင်နယ်အသင်း နည်းပြအဖြစ် စတင်ခန့်အပ်ခြင်းခံခဲ့ရသည့် အာစင်ဝင်းဂါးသည် များမကြာမီကပင် အာဆင်နယ်အသင်းထံတွင် နည်းပြဘဝဖြတ်သန်းမှု နှစ် ၂၀ ပြည့်သွားခဲ့ပြီဖြစ်ကာ နည်းပြအာစင်ဝင်းဂါး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အာဆင်နယ်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သုံးကြိမ်၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် ခြောက်ကြိမ် ချန်ပီယံဖြစ်ခဲ့ပြီးဖြစ်သည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် အာစင်ဝင်းဂါးက "နည်းပြတစ်ယောက်ဟာ အသင်းတစ်သင်းကို တာဝန်ယူပြီဆိုရင် အဆင့်သုံးဆင့်ကို ကျွမ်းကျင်ပိုင်နိုင်ဖို့ လိုပါတယ်။ ပထမအဆင့်က ကစားသမားတစ်ဦးချင်းစီရဲ့ပင်ကိုယ်အရည်အသွေးကို အကဲဖြတ်တတ်ဖို့ပါပဲ။ ဒီအဆင့်မှာ အမြဲတမ်းမှန်ကန်တယ်ဆိုတာမျိုးကတော့ သိပ်မရှိပါဘူး။ ဒုတိယအဆင့်က အသင်းနဲ့ သင့်တော်မယ့်ကစားဟန်တစ်ခု ဖော်ဆောင်ပေးနိုင်ဖို့နဲ့ ရလဒ်ကောင်းတွေ ရယူပေးနိုင်ဖို့ဖြစ်ပါတယ်။ တတိယအဆင့်ကတော့ အသင်းကို ခိုင်ခိုင်မာမာနဲ့ ရေရှည်အတွက် တည်ဆောက်ပေးနိုင်ရမှာပါ"ဟု အသိပေးပြောကြားသွားခဲ့သည်။

အာစင်ဝင်းဂါးနှင့် အာဆင်နယ်အသင်းအကြားတွင် ချုပ်ဆိုထားသည့် စာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ အသင်းတာဝန်ရှိသူများက ၎င်းကို စာချုပ်သစ်ကမ်းလှမ်းရန် စီစဉ်နေကြသော်လည်း အာစင်ဝင်းဂါးကမူ ဘောလုံးရာသီပြီးဆုံးချိန်သို့ရောက်မှသာ စဉ်းစားမည်ဟု ဆုံးဖြတ်ချက်ချမှတ်ထားသည်။ ■





# Galaxy Note 7 ဟန်းဆက်ထုတ်လုပ်မှု အပြီးအပိုင်ရပ်ဆိုင်းပြီဖြစ်ကြောင်း Samsung ကြေညာ



EPA

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် Note 7 စတင် ဖြန့်ချိခဲ့စဉ်

**ဆိုးလ်၊ အောက်တိုဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံ၏ရောမ နည်းပညာကုမ္ပဏီကြီးဖြစ်သော Samsung (ဆမ်ဆောင်း) က ထုတ်လုပ်သည့် Galaxy Note 7 အမျိုးအစား စမတ်ဖုန်းများ အပူရှိန်မြင့်ကာ မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အဆိုပါ Note 7 ဟန်းဆက်ထုတ်လုပ်မှုကို အပြီးတိုင် ရပ်ဆိုင်းလိုက်ပြီဖြစ်သည်ဟု ယင်းကုမ္ပဏီက တရားဝင်သတင်းထုတ်ပြန်လိုက်ကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

'Note 7 ထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းချုပ်မှု လုပ်ငန်းစဉ်များကို ကျွန်ုပ်တို့အနေနှင့် လတ်တလော အသေအချာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သို့သော် သုံးစွဲသူများ၏လုံခြုံရေးသည် ထိပ်တန်းဦးစားပေးကိစ္စဖြစ်ရာ ကျွန်ုပ်တို့အနေနှင့် Galaxy Note 7 ဟန်းဆက်များထုတ်လုပ်မှုကို ရပ်ဆိုင်းရန် နောက်ဆုံးပိတ် ဆုံးဖြတ်ချက်ချမှတ်လိုက်ပါသည်'ဟု Samsung ကုမ္ပဏီက အင်္ဂါနေ့တွင် ထုတ်ပြန်သော ကြေညာချက်က ဆိုသည်။

Samsung သည် Galaxy Note 7 ဟန်းဆက်အချို့ မီးလောင်ကျွမ်းမှုဖြစ်သည်ဟူသော သတင်းများထွက်ပေါ်လာပြီး ကတည်းက ယင်းဟန်းဆက်ထုတ်လုပ်မှုကို လျှော့ချခဲ့ပြီးဖြစ်သည်။

ထိုသို့ Note 7 ဟန်းဆက်များ ထုတ်လုပ်မှု အပြီးအပိုင် ရပ်ဆိုင်းမည်ဟု မကြေညာမီကတည်းက Note 7 ကိုင်ဆောင်သူများအနေနှင့် ယင်းဟန်းဆက်များကို ပိတ်ထားရန် Samsung က တိုက်တွန်းခဲ့သည်။

အဆိုပါဖြစ်ရပ်များကြောင့် ကမ္ဘာ့ထိပ်တန်း Smartphone (စမတ်ဖုန်း) ထုတ်လုပ်သည့် Samsung အနေနှင့် ဒေါ်လာ ၁၇ ဘီလီယံခန့် ထိခိုက်နစ်နာလိမ့်မည်ဟု နည်းပညာဈေးကွက်လေ့လာဆန်းစစ်သူများကဆိုသည်။

တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးကမူ အကယ်၍ အဆိုပါ Note 7 မော်ဒယ် ပျက်ယွင်းမှုများဖြစ်ပေါ်လာမည်ဆိုပါက နိုင်ငံ၏ပို့ကုန်တင်ပို့မှုအပေါ် ထိခိုက်နစ်နာလာလိမ့်မည်ဟု သတိပေးထားသည်။

BBCသတင်းဌာန၏ရေးသားဖော်ပြချက်အရ Note 7 ကိုင်ဆောင်သူများက ၎င်းတို့၏ဟန်းဆက်များအတွက် ငွေပြန်အမ်းပေးခြင်း သို့မဟုတ် အခြား Samsung တစ်ခုခုနှင့် လဲလှယ်ပေးခြင်းများ ပြုလုပ်ပေးလာလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။


EPA

စင်ကာပူနိုင်ငံ ဓာတ်ခွဲခန်းတစ်ခု၌ စမ်းသပ်စဉ် မီးလောင်ကျွမ်းသွားသော Samsung Note 7 ဟန်းဆက်

Samsung သည် Note 7 ဟန်းဆက်များ ဘက်ထရီပေါက်ကွဲမှုဖြစ်သည်ဟူသောသတင်းများ ဆက်တိုက်ထွက်ပေါ်လာပြီးနောက် စက်တင်ဘာလက ယင်းဟန်းဆက်ပေါင်း ၂ ဒသမ ၅ သန်းခန့်ကို ပြန်လည်သိမ်းယူခဲ့သည်။

ထို့နောက် ဟန်းဆက်အတွင်းရှိ ကိရိယာများ အစားထိုးလဲလှယ်လိုက်ပြီဖြစ်၍ စိတ်ချစွာ အသုံးပြုနိုင်ကြောင်း အာမခံပြောဆိုခဲ့သည်။

သို့သော်လည်း အဆိုပါ Note 7 ဖုန်းများ မီးလောင်ကျွမ်းသည့် သတင်းများ ထပ်မံပေါ်ထွက်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုကန်တတ်ကီပြည်နယ်မှ အမျိုးသားတစ်ဦးက ၎င်းသည် အတွင်းကိရိယာများ လဲလှယ်ပေးပြီးဖြစ်သော Note 7 ဟန်းဆက်ကို အသုံးပြုခဲ့ကြောင်း၊ သို့သော် ယင်းဟန်းဆက်တွင်းမှ မီးခိုးများထွက်လာရာ မိမိနေထိုင်ရာအိပ်ခန်းတစ်ခန်းလုံး မီးခိုးမွှန်သွားကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့ပြင် အမေရိကန်ပြည်တွင်း လေကြောင်း ခရီးစဉ်တစ်ခုမှာလည်း လေယာဉ်ပေါ်၌ Note 7 ဟန်းဆက်မီးလောင်ကျွမ်းခဲ့သောကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ယခုလို Samsung က Galaxy Note 7 ဟန်းဆက်များ ထုတ်လုပ်မှုရပ်ဆိုင်းလိုက်ကြောင်း မကြေညာခင် တနင်္လာနေ့ကပင် ယင်းကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက အဆိုပါဟန်းဆက်များကို စိတ်ချလက်ချအသုံးပြုနိုင်ကြောင်း အာမခံပြောဆိုခဲ့သေးသည်။

HMC ရင်းနှီးမြှုပ်နှံမှုနှင့် လုံခြုံမှုဆိုင်ရာအဖွဲ့မှ ဂရစ်ရိုခ်ကမူ ဤဖြစ်စဉ်များကြောင့် Samsung အနေနှင့် သုံးစွဲသူများ၏ယုံကြည်စိတ်ချမှုများ လက်လွတ်ဆုံးရှုံးသွားနိုင်ကြောင်း သုံးသပ်သည်။ ■

## ALSO IN NEWS

# အသက် ၉၂ နှစ်အရွယ် ကနေဒါက ပိုက်ပြင်ဆရာကြီး လုပ်ငန်းခွင်မှာ ရှိနေဆဲ



ဘဝမှာ ကိုယ်ဝါသနာပါတဲ့အလုပ်ကို အသက်ထက်ဆုံးလုပ်သွားနိုင်ပြီး အိုမင်းချိန်ထိ ဆက်လက်လုပ်ကိုင်နိုင်သေးတယ်ဆိုတာ ကံအလွန်ကောင်းလှပါတယ်။

ပိုက်လုံးတွေ၊ လေအေးပေးစက်တွေ၊ သတ္တုပြားတွေကြားမှာ ဝပ်ရှော့ဝတ်စုံကြီးဝတ်ပြီး အလုပ်လုပ်နေဆဲဖြစ်ပြီး သူ့အတွေ့အကြုံနဲ့ ပြဿနာအရင်းအမြစ် ရှာဖွေနိုင်စွမ်းတွေကြောင့် သူ့ကို လက်မလွှတ်နိုင်ဘဲ အားထားနေရဆဲပါတဲ့။ လော်နီဖစ်ဂနီလို့အမည်ရတဲ့ ဆရာကြီးဟာ လက်သမားဆရာ၊ ပိုက်ပြင်ဆရာ သက်တမ်း ၆၅ နှစ်ရှိပြီလို့ ဆိုပါတယ်။ အသက် ၆၀ ကျော်တန်းတွေမှာ အနားယူသွားကြတဲ့ ဒီအလုပ်ကို ဆရာကြီးက ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ပါတယ်။ ခုဆိုရင် ကမ္ဘာ့အသက်အကြီးဆုံး ပိုက်ပြင်ဆရာကြီးအဖြစ် ဂရင်းနစ်မှတ်တမ်းတောင် ဝင်သွားခဲ့ပါပြီ။

လော်နီဖစ်ဂနီဟာ ဒုတိယကမ္ဘာစစ်မှာလည်း ကနေဒါစစ်တပ်ကနေ ဝင်တိုက်ခဲ့ပြီးတော့ စစ်သားလူထွက်ဘဝမှာ လက်သမားပညာကို လေ့လာခဲ့တာဖြစ်ပါတယ်။ ရေနွေးငွေ့ပိုက်၊ ရေပိုက်၊ လေအေးပေးစက်ပိုက် ဘယ်လိုဟာပဲလာလာ ဆရာကြီးက ပြုပြင်နိုင်၊ တပ်ဆင်နိုင်ပါသတဲ့။ ဟာသဉာဏ်လည်း ရွှင်ပြီး အလုပ်ကို ပျော်ရွှင်စွာ လုပ်ကိုင်နေပါသတဲ့။

Ref: UPI ■